ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ စနေနေ့ (18-1-2014) (၇၇၂၉)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ပင်လောင်းနှင့်ဟားခါး ၄ ဒီဂရီစင်တီဂရိတ်စီ

ပူတာအို၊ ဟဲဟိုး၊ လွိုင်လင်နှင့် ပြင်ဦးလွင် ၅ ဒီဂရီစင်တီဂရိတ်စီ

ကျေးလက်ဒေသအပါအဝင် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး ကျန်းမာရေးကဏ္ဍများတွင် ကူညီပေးနိုင်ရေး လေ့လာသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့်ပေါင်းစည်းရေးကော်မတီ ဥက္ကဋ္ဌ H.E. Mr. AHN, Hong-Joon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဓါတ်ပုံ)

တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံများ မျှဝေသွားရေး၊ ကိုရီးယားကုမ္ပဏီများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံမှုပြုရေး၊ ပညာရေး၊ နည်းပညာဆိုင်ရာ အကူအညီများပေးရေး၊ ကိုရီးယားနိုင်ငံမှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ လာရောက်လုပ်ကိုင်ခွင့်ရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီ ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးလည်း တက်ရောက်သည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ၏ ခရီးစဉ်တွင် Korea International Cooperation Agency (KOICA) မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လေ့လာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့်ပေါင်းစည်းရေးကော်မတီ ဥက္ကဋ္ဌ H.E. Mr. AHN, Hong-Joon တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင်း အောင်ဇေယျ(၁)တူးဖော်ခြင်း စတင်

နေပြည်တော် ဇန်နဝါရီ ၁၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ်းလွန်လုပ်ကွက် AD 6 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စတင်တူးဖော်မည့်ရှာဖွေရေးတွင်းအမှတ် အောင်ဇေယျ(၁) စတင်တူးဖော်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် COSL-Gift (Jack Up) တွင်းတူးစင်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ CAL ကုမ္ပဏီမှ ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တွင်းတူးစင်ရှိ အစည်းအဝေးခန်းမ၌ CAL ကုမ္ပဏီမှ တာဝန်ရှိသူများက တူးဖော်ရေးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မင်္ဂလာအချိန်တွင် တွင်းတူးစင်ထိန်းချုပ်ရေးစက်ခန်းအတွင်းမှ ခလုတ်နှိပ်၍ တွင်းတူးဖော်ခြင်းကို စတင်ဆောင်ရွက်ပေးခဲ့ကြသည်။

CAL ကုမ္ပဏီသည် AD 6 လုပ်ကွက်အား ၂၀၀၇ ခုနှစ်မှစတင်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစာချုပ်ချုပ်ဆို၍ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး သဘာဝဓာတ်ငွေ့သိုက်အလားအလာကောင်းမွန်သဖြင့် စမ်းသပ်ရေးတွင်း စတင်တူးဖော်ခြင်းဖြစ်ကာ အနက် ၁၁၀၇၆ ပေထိ တူးဖော်ရန် ရည်မှန်းထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ်းလွန်လုပ်ကွက် AD 6 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့စတင်တူးဖော်မည့် ရှာဖွေရေးတွင်းအမှတ် အောင်ဇေယျ(၁) COSL-Gift (Jack Up) တွင်းတူးစင်အား ဝေဟင်မှတွေ့ရစဉ်။ (စွမ်းအင်)

ကြေးမုံ စာတည်းရှုထောင့် — ၁၈-၁-၂၀၁၄၊ စနေနေ့

အလုပ်အကိုင် အခွင့်အလမ်းတိုးတက်

ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းဖော်ဆောင်လျက်ရှိရာ၌ နယ်ပယ်ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းကိုင်ငန်းများ ပြည်တွင်း၌ တိုးတက်ဖြစ်ထွန်းလာသလို ပြည်ပအလုပ်အကိုင်များလည်း တိုးတက်များပြားလာသည်ကို တွေ့ရပါသည်။

ထိုသို့တိုးတက်ဖြစ်ထွန်းလာသဖြင့်နိုင်ငံသားများ အလုပ်အကိုင်ရရှိနိုင်မည့်အခွင့်အလမ်းများ တိုးတက်များပြားလာကြောင်းတွေ့ရပါသည်။ ခေတ်စနစ်တိုးတက်ပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် အလုပ်အကိုင် လိုအပ်သူများအတွက် အလုပ်ရရှိစေနိုင်မည့် အကျိုးကျေးဇူးများဖြစ်ပေါ်လာသည်။

ဒီမိုကရေစီခေတ် သုံးနှစ်တာကာလအတွင်း ပေါ်ထွက်လာသောအလုပ်အကိုင်အခွင့်အလမ်းများကြောင့် ပြည်တွင်း၌ အလုပ်အကိုင်သစ်ရရှိသူ ၁၁ သန်းကျော်နှင့် ပြည်ပတွင် အလုပ်အကိုင်ရရှိသူ တစ်သိန်းခွဲကျော်ဖြင့် စုစုပေါင်း အလုပ်ရရှိသူ ၁၃ သန်းခန့်ဖြစ်ထွန်းလာသည်မှာ ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များပင်ဖြစ်သည်။

မျက်မှောက်ကာလနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ နယ်မြေဒေသအနှံ့တွင် စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၊အထူးစီးပွားရေးဇုန်များတိုးချဲ့တည်ဆောက်ထားရာ ထိုလုပ်ငန်းများအတွက်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ကာ အလုပ်အကိုင်များတိုးမြှင့်ရရှိလာကြပါသည်။

ထို့အပြင်ဌာနတွင်စာရင်းမပေါက်ဘဲအခြားပုဂ္ဂလိကလုပ်ငန်းများတွင် သူ့နည်းသူ့ဟန်ဖြင့် အလုပ်အကိုင် ရရှိသွားကြသူများလည်း အမြောက်အမြားရှိပေမည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရလည်းကောင်း ခွင့်ပြုလုပ်ကိုင်ခွင့်ရသော လုပ်ငန်းများတွင် လုပ်သားအင်အား သိန်းနှင့်ချီ၍ အလုပ်အကိုင်ရရှိခြင်းသည် နိုင်ငံသားများအတွက်ဝမ်းမြောက်ဖွယ် ဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးလျက်ရှိစဉ် တစ်ချိန်တည်းတွင် ထိုအလုပ်လုပ်သော လုပ်သားများအတွက် ထိုက်တန်သောလုပ်အားခရရှိနိုင်ရေး အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များကို အမျိုးသားကော်မတီအဆင့်ဆွေးနွေးညှိနှိုင်းပြီးဆောင်ရွက်နေသည်မှာလည်း အလုပ်သမားများအတွက် ကောင်းကျိုးဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်နီးချင်းအာဆီယံနိုင်ငံများတွင်ကျင့်သုံးနေသော သတ်မှတ်ချက်များနှင့် ချိန်ထိုးညှိနှိုင်းဆောင်ရွက်နေခြင်းမှာလည်း မြန်မာနိုင်ငံ၏အလုပ်အကိုင်အခွင့်အလမ်း ဆက်လက်မြင့်မားအောင်ဆောင်ရွက်သည့် ကောင်းမွန်သော လက္ခဏာများဖြစ်သည်။ ထိုသို့ အလုပ်ရှင်ရော အလုပ်သမားပါ ဆီလျော်လိုက်ဖက်မည့် Win-Win Situation ရနိုင်မည့် နည်းလမ်းကိုရှာကြံပြီး သတ်မှတ်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခင်နှင့်မတူဘဲ အစစအရာရာတိုးတက်ပြောင်းလဲလာပြီဖြစ်ရာ မြန်မာနိုင်ငံတွင်း၌ပင် အလုပ်အကိုင်အခွင့်အလမ်းများ မကြာမီအဆင့်မီတိုးတက်ရရှိလာမည်ဖြစ်၍မိမိမြေ၊ မိမိရေ၊ မိမိနိုင်ငံတွင်ပင် မိမိတို့၏အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွား တိုးတက်မြင့်မားအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်တိုက်တွန်းပါသည်။ ။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အထူးအစည်းအဝေးကြီး ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ တက်ရောက်၍ ပရိယတ္တိစာပေ၊ ပဋိပတ္တိအကျင့်များ သင်ယူကြမည့် သံဃာတော် အရှင်သူမြတ်များ ယာယီသီတင်းသုံးနေထိုင်နိုင်ရန်အတွက် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးရာ အဆောက်အအုံလုံလောက်မှု ရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စာသင်သား သံဃာတော်များနှင့် သီလရှင်များအတွက် နားနေဆောင်ကို စီစဉ်ထားရှိရန် မှာကြားသည်။

ယင်းနောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးအရှည်တည်တံ့စေရန် ပြုပြင်စရာများရှိက ပြုပြင်ထိန်းသိမ်းသွားကြရန်လိုကြောင်းနှင့် စေတီတော်ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားရှိသည့် အပင်များအား စနစ်တကျ ပြုစုပျိုးထောင်ရန်လိုကြောင်း မှာကြားပြီး သာသနိကအဆောက်အအုံများအား လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေအတွင်းရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း ကျင်းပမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အထူးအစည်းအဝေးပွဲကြီးအတွက် အခမ်းအနားပြင်ဆင်ထားရှိမှု၊ အစည်းအဝေးတက်ရောက်မည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ သီတင်းသုံးနေထိုင်မည့် ကျောင်းဆောင်ကြီးလေးဆောင်ရှိ အခန်းများနှင့် သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆရာတော်ကြီးများ ချမ်းသာစွာ သီတင်းသုံးနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	ဇန်နဝါရီ ၁၇	
ရန်ကုန် ရွှေဈေး	၆၅၇၁၀၀	- ၆၅၈၁၀၀
မန္တလေး ရွှေဈေး	၆၅၇၀၀၀	- ၆၅၈၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၂. ၃
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၅. ၃၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၈၂
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၁၀၂
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၀၆
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၂၂
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၄၅. ၄၉
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၉၃၀
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၆၉. ၄၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မစိုးရိမ်ကျောင်းတိုက် နာယကဆရာတော်ကြီးများအား ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး သွားရောက်ဖူးမြော်

နေပြည်တော် ဇန်နဝါရီ ၁၇

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးသည် ယမန်နေ့ ညနေပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်သို့ရောက်ရှိပြီး ဘဝနတ်ထံပျံလွန်တော်မူသွားသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မစိုးရိမ်ကျောင်းတိုက် မဟာနာယကဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇောသာရာဘိဝံသ၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ကြည်ညိုသည်။

ထို့နောက် မစိုးရိမ်ကျောင်းတိုက် နာယက ဆရာတော်ကြီးများအား ဖူးမြော်၍ အလှူငွေများလှူဒါန်းပြီး ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အစီအစဉ်များနှင့် ပတ်သက်သည့် သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်၌ ဇန်နဝါရီ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် မစိုးရိမ်ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ကြိုတင်ညှိနှိုင်းခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ H.E. Mr. AHN, Hong-Joon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။(အပေါ်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ကော်မရှင် အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ လွှတ်တော် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ကြောင်း အေပီနှင့် ဧရာဝတီသတင်းဌာနတို့က သတင်းမှားများ ထုတ်လွှင့်ဖော်ပြ

နေပြည်တော် ဇန်နဝါရီ ၁၇

ဇန်နဝါရီ ၁၃ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရဲတပ်ကြပ်ကြီးတစ်ဦး ပျောက်ဆုံးမှုသတင်းနှင့်ပတ်သက်၍ သတင်းဆက်အဖြစ် အေပီသတင်းဌာနက “မောင်တောဒေသတွင် ရိုဟင်ဂျာ မိန်းမနှင့် ကလေးများမှာ ဓားဖြင့် အခုတ်ခံရကြောင်း၊ သို့သော် အရေအတွက်များစွာ ကွဲလွဲလျက်ရှိကြောင်း၊ အချို့သတင်းရပ်ကွက်များက သေဆုံးသူငါးဦးမှ ၁၀ ဦးအတွင်းသာ သတ်မှတ်ကြသော်လည်း မောင်တောမြို့နယ် ဒေသခံတစ်ဦး၏ အဆိုအရ သေဆုံးသူ ၄၀ ခန့်ရှိကြောင်း၊ သေဆုံးသူအချို့၏ ဒဏ်ရာများမှာ ဓားဒဏ်ရာများသာဖြစ်ကြောင်း၊ သေနတ်ဖြင့် ပစ်သတ်ခံရခြင်း၊ ရိုက်သတ်ခံရခြင်း မတွေ့ရကြောင်း၊ သို့ဖြစ်ရာ ရခိုင်ဗုဒ္ဓဘာသာတို့၏ လက်ချက်သာဖြစ်နိုင်ပြီး တပ်သို့မဟုတ် ရဲတို့၏ လက်ချက်မဖြစ်နိုင်ကြောင်း”စသည်ဖြင့် သတင်းရရှိကြောင်း ဖော်ပြထားသည်။

မောင်တောမြို့နယ် ကညင်တန်းကျေးရွာဈေးတွင် ပုံမှန်ဈေးရောင်း ဈေးဝယ်နေမှုကို တွေ့ရစဉ်။

အလားတူ ဧရာဝတီသတင်းဌာနက ဖော်ပြရာတွင် “ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ရခိုင်ရွာသားများက အဆိုပါရွာအတွင်း အိမ်များစွာကို လုယက်ခဲ့ကြောင်း၊ ယောကျ်ားများမှာ ထွက်ပြေးကြသဖြင့် မိန်းမနှင့် ကလေးများ အသတ်ခံခဲ့ရကြောင်း၊ အချို့အမျိုးသမီးများမှာ မတရားပြုကျင့်ခံခဲ့ရကြောင်း၊ သေဆုံးသူ တိတိကျကျ မသိနိုင်သော်လည်း ရရှိသော သတင်းများအရ သေဆုံးသူ ၁၀ ဦးမှ ၆၀ အတွင်းဖြစ်ကြောင်း၊ သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းမျိုးမဟုတ်ဘဲ ဓားဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ မောင်တောဒေသတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲမှူးချုပ်တင်ကိုကိုအား ဆက်သွယ်မေးမြန်းရာ ၎င်းက “ယင်းသတင်းဌာနများ၏ ဖော်ပြချက်သည် လုံးဝမှန်ကန်မှုမရှိကြောင်း၊ ဤဒေသတစ်ဝိုက်တွင် တည်ငြိမ်မှုရှိနေကြောင်း၊ ယင်းသို့ ဖော်ပြချက်များမှာ ဆူပူမှုဖြစ်ပွားရန်အတွက် သွေးထိုးလှုံ့ဆော်သော သတင်းအမှားများသာ ဖြစ်ကြောင်း” ပြန်လည်ဖြေကြားခဲ့သည်။

အေပီသတင်းဌာနနှင့် ဧရာဝတီသတင်းဌာနတို့၏ ဖော်ပြချက်တွင် ပါရှိသည့် လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခကြောင့် သတ်ဖြတ်ခြင်းခံရသည်ဟု ဆိုလိုရာရောက်သော ရေးသားချက်များမှာ သွေးထိုးလှုံ့ဆော်မှုပြုသော သတင်းအရေးအသားများဖြစ်ကြောင်း တွေ့ရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၁-၂၀၁၄ (စနေနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၆း၃၀	သံသာချိုအေးမင်္ဂလာတေး
၉း၅၀	သုတရောင်စုံပန်းခင်း
၁၀း၁၅	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၄၅	(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အကြိုဗိုလ်လုပွဲ) (မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း)
၂း၄၅	(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အကြိုဗိုလ်လုပွဲ) (ထိုင်းအသင်းနှင့် မလေးရှားအသင်း)

ရွှေရတုမင်္ဂလာနှစ်ပတ်လည်နေ့ဆုမွန်လွှာ

ဖေဖေ ဦးတင်မောင်ဆွေ နှင့် မေမေ ဒေါ်ခင်သန်းနွဲ့တို့၏ ၁၈-၁-၂၀၁၄ ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင် သက်ရှည်ကျန်းမာစွာဖြင့် သံသရာမှ လွတ်ငြိမ်းရာလွတ်ငြိမ်းကြောင်း ကောင်းမှုကုသိုလ်များ ကြိုးကုတ် အားထုတ်နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလျက်-

သား-သမီးများ - ကိုနိုင်-မေသဲ၊ ကိုသက်-နီလာ၊ ကိုကြည်ဆွေ-ဆွေဆွေလှ၊ ကိုဟန်-မစု၊ ကိုသန်းဆွေ-ဥမ္မာ

မြေးများ - ဥဥ၊ ပြည့်ပြည့်၊ အောင်ခန့်၊ ဝေယံပိုင်၊ အောင်သန့်၊ ပေါက်ပေါက်၊ အိမ့်မှူး၊ မင်းခန့်ဆွေ၊ ဘေဘီဥမ္မာ



အင်ဒိုနီးရှားရေပိုင်နက် ကျူးကျော်မှု ဩစတြေးလျက တောင်းပန်

ဆစ်ဒနီ ဇန်နဝါရီ ၁၇

ဩစတြေးလျနိုင်ငံက ၎င်း၏ ရေတပ်သင်္ဘောများသည် အင်ဒိုနီးရှားနိုင်ငံပိုင် ရေပြင်အတွင်းသို့ ဝင်ရောက်မိခြင်းအတွက် အင်ဒိုနီးရှားနိုင်ငံကို သောကြာနေ့တွင် တောင်းပန်ခဲ့သည်။ ကန်ဘာရာ၏ အငြင်းပွားဖွယ်မူဝါဒအရ ၎င်း၏ ရေပိုင်နက်အတွင်းသို့ နိုင်ငံရေးခိုလှုံခွင့် တောင်းခံကြမည့်သူများအား သယ်ဆောင်လာသော သင်္ဘောများမဝင်ရောက်စေရန် ၎င်း၏ ရေတပ်က တားဆီးလျက်ရှိသည်။

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် အခြားထိပ်တန်းခေါင်းဆောင်များကို ဩစတြေးလျက သူလျှိုလုပ်သည်ဟု စွပ်စွဲချက်များ ထွက်ပေါ်လာသည့်အတွက် ၁၉၉၀ ပြည့်နှစ်များနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေစဉ် အဆိုပါ ရေပြင်ပိုင်နက် ကျူးကျော်ခြင်းက ဆက်ဆံရေး ပိုမိုတင်းမာလာစေဖွယ်ရာဖြစ်သည်။

ယခုသီတင်းပတ်စောစောပိုင်းတွင် ၎င်းတို့၏ ရေတပ်သင်္ဘောများက မတော်တဆ ဝင်ရောက်မိကြောင်းကို သိရသည်နှင့်ချက်ချင်း ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး စကော့မာရီဆန်က အင်ဒိုနီးရှားရေတပ်ကို အကြောင်းကြားခဲ့သည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါသည် အာဆီယံ အစည်းအဝေး တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသဖြင့် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီရှော့က ၎င်းနှင့် တွေ့ဆုံဆွေးနွေးရန် အခြေအနေမပေးကြောင်း၊ တရားဝင် တောင်းပန်ခြင်းကို ဂျကာတာရှိ ဩစတြေးလျသံရုံးက သောကြာနေ့ တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ကြီးက ပြောကြားသည်။ **ရိုက်တာ။**

ခိုလှုံခွင့်တောင်းခံမည့်သူများလိုက်ပါလာသည့် ရေယာဉ်များကို ဩစတြေးလျရေတပ်သင်္ဘောက စစ်ဆေးရန် ပြင်ဆင်နေစဉ်။

အမေရိကန်က လေကြောင်းမှတိုက်ခိုက် အာဖဂန် အရပ်သားရှစ်ဦးသေဆုံး

ကဘူး ဇန်နဝါရီ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ဇန်နဝါရီ ၁၄ ရက် ညပိုင်းက အရှေ့ပိုင်းရှိ ပါဝမ်ပြည်နယ်တွင် အမေရိကန်တို့၏ လေကြောင်းမှတိုက်ခိုက်ခြင်းကြောင့် ကလေးခုနစ်ဦးအပါအဝင် အရပ်သားရှစ်ဦး သေဆုံးကြောင်း သမ္မတအိမ်တော်က ဇန်နဝါရီ ၁၅ ရက်နှောင်းပိုင်းတွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ပါဝမ်ပြည်နယ် ဘီယာဂတ်ခရိုင်တွင်အမေရိကန်တို့ကလေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ရာ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်ခုနစ်ဦး သေဆုံးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ပါဝမ်ပြည်နယ်ရှိ ဆက်ဒါရက်ရှ်-အီး-ဝက်ဇ်ဂျာ ဒေသတွင်လည်း အရပ်သားတစ်ဦး ဒဏ်ရာရရှိသည်ဟု ကြေညာချက်တွင် ပါရှိသည်။ အာဖဂန်ရှိမြို့များနှင့် ကျေးရွာများတွင် ယင်းသို့သော စစ်ဆင်ရေးများကို လုံးဝအဆုံးသတ်ပေးရန် အာဖဂန်အစိုးရကတောင်းဆိုမှုများ ပြုလုပ်ခဲ့ရာ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက မကြာမီအချိန်အတွင်းက သဘောတူလက်ခံကြောင်း လက်မှတ်ရေးထိုး ကတိပေးထားကြောင်း၊ သို့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကို တစ်ဖန်ပြန်လည် လုပ်ဆောင်လာကြောင်း၊ ဒေသခံများ နေထိုင်ရာဒေသများတွင်တိုက်ခိုက်ခြင်းဖြစ်သဖြင့် အရပ်သားများသာ အသေအပျောက်များရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

အမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုအတွက် လစ်ဗျားပြည်သူများ ကန့်ကွက်ဆန္ဒပြကြစဉ်။

အမေရိကန် ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှု ကြိုတင် တားဆီးနိုင်သော ဖြစ်ရပ်ဟု သုံးသပ်

ဝါရှင်တန် ဇန်နဝါရီ ၁၇

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံခဲ့ရသည့် ဖြစ်ရပ်သည် ကြိုတင်တားဆီးကာကွယ်နိုင်သောဖြစ်ရပ်ဖြစ်ကြောင်း အမေရိကန်အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဘင်ဂါဇီမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတိုက်ခိုက်ခံရခြင်းမရှိမီ လပေါင်းအတန်ကြာကာလကတည်းက အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနိုင်သည်ဟု အရေးတကြီး သတိပေးချက်များ ရှိခဲ့သော်လည်း ကြိုတင်တားဆီးကာကွယ်မှု မပြုလုပ်ခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၁ရက်ကအမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုဖြစ်ရပ်တွင် လစ်ဗျားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ခရစ္စတိုဖာ စတီဗင်အပါအဝင် အမေရိကန်လေးဦး သေဆုံးခဲ့ရသည်။

ဘင်ဂါဇီမြို့၌ လုံခြုံရေးအခြေအနေဆိုးရွားနေပြီး သံရုံးလုံခြုံရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန် အမေရိကန်နိုင်ငံခြားရေးဌာနက သက်ဆိုင်ရာသို့ တင်ပြခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံရှိ အမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရမှုနှင့် စပ်လျဉ်း၍ ပေါ်ထွက်ခဲ့သော စွပ်စွဲချက်အမျိုးမျိုး မှန်ကန်ခြင်းရှိမရှိ အထက်လွှတ်တော်ထောက်လှမ်းရေးကော်မတီက ကြားနာစစ်ဆေးခဲ့ပြီးနောက် ကြိုတင်တားဆီးကာကွယ်နိုင်သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရပ်အဖြစ် သုံးသပ်ခဲ့သည်။ **ဆင်ဟွာ။**

စစ်ရေးလေ့ကျင့်မှုဖျက်သိမ်းရန် မြောက်ကိုရီးယား တောင်းဆိုချက် တောင်ကိုရီးယားငြင်းပယ်

ဆိုးလ် ဇန်နဝါရီ ၁၇

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းကို ဖျက်သိမ်းရန်မြောက်ကိုရီးယား၏ တောင်းဆိုချက်အား တောင်ကိုရီးယားကငြင်းဆိုကြောင်း ဗွီအိုအေက ကြာသပတေး နေ့တွင် ကြေညာသည်။

ယင်းသို့ စစ်ရေးလေ့ကျင့်ခြင်းသည် ၎င်းတို့နိုင်ငံကိုကျူးကျော်ရန်ဖြစ်သည်ဟု ပြုံယမ်းက အမြဲတမ်း ပြောဆိုသည်။

သတိပေး

နောက်လနှောင်းပိုင်း၌ ပြုလုပ်ရန်စီစဉ်ထားသော စစ်ရေးလေ့ကျင့်ခြင်းကို ဆက်လက်အကောင်အထည်ဖော်မည်ဆိုလျှင် မမျှော်မှန်းနိုင်သော ကံဆိုးမိုးမှောင်ကျမှုနှင့် ဘေးဒုက္ခတို့ကို ရင်ဆိုင်ရမည်ဟု ပြုံယမ်းအစိုးရပိုင်မီဒီယာက ကြာသပတေးနေ့တွင် သတိပေးခဲ့သည်။

ပယ်ချ

၎င်းစစ်ရေးလေ့ကျင့်ခြင်းသည် အခြားသော အချုပ်အခြာပိုင်နိုင်ငံများနည်းတူ အမိနိုင်ငံ ကာကွယ်ရေးအတွက် သာပြုလုပ်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုကို ကြာသပတေးနေ့တွင် ပယ်ချလိုက်ပြီး ၎င်းတို့ကိုရန်စလာလျှင် ပြုံယမ်းကို တောင်ကိုရီးယားက ရက်စက်ပြတ်သားစွာ အပြစ်ပေးမည်ဟု ပြောရေးဆိုခွင့်ရှိသူက သတိပေးခဲ့သည်။

နှစ်နိုင်ငံအကြား တင်းမာမှုဖြစ်ရခြင်းသည် ပုံမှန်စစ်ရေးလေ့ကျင့်ခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ **ဗွီအိုအေ။**

အုမ်ရှင်ရီကျိုဂိုဏ်း၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်ကို ဂျပန်ပြည်သူများ ကန့်ကွက်ဆန္ဒပြကြစဉ်။

အုမ်ရှင်ရီကျိုဂိုဏ်းမှ အဖွဲ့ဝင်တစ်ဦးကို တရားရုံးတင်စစ်ဆေးမှု စတင်ပြုလုပ်

တိုကျို ဇန်နဝါရီ ၁၇

ဂျပန်နိုင်ငံ မြို့တော်တိုကျို၌ အုမ်ရှင်ရီကျိုအမည်ရှိ ဘာသာရေးအယူသည်း ဂိုဏ်းတစ်ဂိုဏ်းက မြေအောက်ရထားဘူတာရုံတစ်ရုံတွင် အာရုံကြောထိခိုက်စေနိုင်သော ဓာတ်ငွေ့ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၃ ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ်ဖြစ်ပွားခဲ့အပြီး ၁၉ နှစ်အကြာတွင် ယင်းဂိုဏ်းမှအဖွဲ့ဝင်ဟောင်းတစ်ဦးကို တရားရုံးတင်စစ်ဆေးမှုစတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အုမ်ရှင်ရီကျို ဂိုဏ်းဝင်ဟောင်း မာကိုတိုဟီရာတာ(၄၈ နှစ်)သည် ရာစုနှစ်နှစ်စုနီးပါးကြာမျှ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီးနောက် လွန်ခဲ့သည့် နှစ်နှစ်က ရဲစခန်းတစ်ခုသို့ လာရောက်ကာ ၎င်းကိုယ်တိုင် အဖမ်းခံခဲ့သည်။

တိမ်းရှောင်

၁၉၉၅ ခုနှစ် မတ်လက မြို့တော်တိုကျိုရှိ မြေအောက်ရထားဘူတာရုံတစ်ရုံတွင် ဆာရင်အာရုံကြောဓာတ်ငွေ့ဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော ဝရမ်းပြေးများတွင် ဟီရာတာလည်း ပါဝင်သည်။ ယင်းသို့ တိုက်ခိုက်မှုကြောင့် လူထောင်ပေါင်းများစွာ နာမကျန်းဖြစ်ခဲ့ရပြီး မြို့တော်တိုကျို၌ စိုးရိမ်ထိတ်လန့်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့သည်။

ဟီရာတာသည် မြေအောက်ရထားဘူတာရုံ၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ စွဲချက်တင်ခံရခြင်း မရှိပေ။ ဟီရာတာသည် အသက် ၆၈ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို ပြန်ပေးဆွဲခဲ့မှုဖြင့် တရားရုံးတွင် စစ်ဆေးခံယူရမည်ဖြစ်သည်။ အဆိုပါအမျိုးသားသည် အုမ်ရှင်ရီကျိုဂိုဏ်းမှထွက်ပြေးခဲ့သော အမျိုးသမီးတစ်ဦးကို ခိုလှုံခွင့်ပေးခဲ့သူဖြစ်ပြီး ယင်းအမျိုးသမီးမှာ ဟီရာတာ၏ နှမတော်စပ်သူဖြစ်သည်။

စွပ်စွဲ

အဆိုပါ အမျိုးသားကို ဖူဂျီတောင်ခြေရှိ အုမ်ဂိုဏ်း၏ စခန်းသို့ ခေါ်ဆောင်လာခဲ့ပြီးနောက် နောက်တစ်နေ့ရာတွင် ၎င်းကိုဆေးထိုး၍ သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲမှုပေါ်ထွက်လာခဲ့သည်။ **ရိုက်တာ။**

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ **ဤဥပဒေကို အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ကာကွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ကိုယ်စားလှယ်တစ်ဦး နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဋ) ကိုယ်စားလှယ်တစ်ဦး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဌ) ကိုယ်စားလှယ်တစ်ဦး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဍ) ညွှန်ကြားရေးမှူးချုပ် ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဎ) ညွှန်ကြားရေးမှူးချုပ် ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန — အတွင်းရေးမှူး

၃။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) တွင် ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ငွေဒဏ်အနည်းဆုံးကျပ်တစ်သောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၂၀ တွင်ပါရှိသော "ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀ မှ အများဆုံးကျပ် ၅၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ငွေဒဏ် အနည်းဆုံးကျပ်ငါးထောင်မှ အများဆုံးကျပ်ငါးသောင်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲညွှန့်တပ်ဖွဲ့ ဥပဒေ**ကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ The Myanmar Auxiliary Forces Act (Vol.II) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Andrew Patrick သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတားဆီးရေး၊ မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်မည့်ကာလအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ ကမ္ဘာကြီးပူနွေးလာမှုတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခန်းကဏ္ဍတွင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်မည့်အစီအစဉ်များနှင့် ဗြိတိန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများအား ဆွေးနွေးကြသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ တစ်ဖက်မှလည်း ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးနှင့် သဘာဝသယံဇာတများ နောင်သားစဉ်မြေးဆက်တိုင်ရေရှည်တည်တံ့စွာသုံးစွဲနိုင်ရေးအတွက် ဟန်ချက်ညီညီ ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံရှိ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် မြန်မာ့အလှ သဘာဝအခြေအနေများအား ကမ္ဘာနှင့်အဝှမ်း ထုတ်လွှင့်ပြသနိုင်ရန်အတွက် ဗြိတိန်နိုင်ငံအခြေစိုက် British Broadcasting Corporation-BBC နှင့်ပူးပေါင်း၍ မှတ်တမ်းတင် ရိုက်ကူးမည့်အစီအစဉ်၊ အပင်မျိုးစိတ်များနှင့် စီးပွားဖြစ်ရုက္ခဗေဒ သုတေသနဆိုင်ရာတို့အတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း Consortium တွင် မြန်မာနိုင်ငံ သစ်တောသုတေသနဌာန၊ ဂျပန်နိုင်ငံ မာကီနိုရုက္ခဗေဒဥယျာဉ်၊ စင်ကာပူ ရုက္ခဗေဒဥယျာဉ်၊ ထိုင်းနိုင်ငံသီရိခေတ်ဘုရင်မ ရုက္ခဗေဒဥယျာဉ်နှင့် တရုတ်သိပ္ပံအကယ်ဒမီ၏ ကူမင်းရုက္ခဗေဒဥယျာဉ်တို့ ပါဝင်ပြီး ယခုထပ်မံ၍ ဗြိတိန်နိုင်ငံတော်ဝင်ရုက္ခဗေဒဥယျာဉ် အီဒင်ဘာ့ခ်မှ အဖွဲ့ဝင်အဖြစ်ပါဝင်မည့်အစီအစဉ်၊ သဘာဝ ပတ်ဝန်းကျင်နှင့်ဂေဟစနစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

မင်္ဂလာကုမ္ပဏီလီမိတက်

ရန်ကုန်နှင့်မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃

(ပြည်တွင်း၌သာခန့်ထားရန်)

(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာ သတ်မှတ်ပေးပါမည်။)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကို ကုမ္ပဏီမှ စရိတ်ငြိမ်းစီစဉ်ပေးပါမည်)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့် နေထိုင်ရေးတို့ကို ကုမ္ပဏီမှ စရိတ်ငြိမ်း စီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်နှင့်မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) မန်နေဂျာ-ဒုမန်နေဂျာ — ကျား(၅)ဦး
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- M.P.A M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ (စီမံ၊ ကြီးကြပ်)(ပြသ) — ကျား/မ(၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ ဖြစ်ရမည်။

(ဂ) လျှပ်စစ်၊ လေအေးစက်၊ ပြစက် — ကျား(၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P).(E.P)(E.C) စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးပေးစက်ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားပေးမည်။

(ဃ) တန်းပြု၊ ရောင်း၊ သိမ်း — ကျား/မ(၁၀)ဦး
- အသက်(၁၈)နှစ်မှ(၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ(လူပျို၊အပျို) ဖြစ်ရမည်။

(င) မုန့်ဆိုင်အရောင်း — ကျား/မ(၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- အိမ်ထောင်မရှိသူ(လူပျို၊ အပျို)ဖြစ်ရမည်။

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား(၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း(သို့)ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။

(ဆ) သန့်ရှင်းရေး — ကျား/မ(၁၀)ဦး
- အသက်(၂၅)နှစ်အောက် ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ(လူပျို၊ အပျို)ဖြစ်ရမည်။

(ဇ) ထမင်းချက် — မ(၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) ယာဉ်မောင်း(Driver) — ကျား(၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း (၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး မျက်စိမှုန်၊ မျက်မှန်တပ်သူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ(လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး(Office Secreatry) — ကျား/မ(၄)ဦး
- အသက်(၂၁)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကား အရေး၊ အဖတ် ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ကွန်ပျူတာကျွမ်းကျင်သူ — ကျား/မ(၃)ဦး
- အသက်(၂၀)နှစ်မှ(၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဂ) စာရင်းကိုင်၊ စာရင်းစစ် — ကျား/မ(၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
- CPA,DA.LCCI III တစ်ခုခု အောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) ဟိုတယ်ဧည့်ကြို(Receptionist) — ကျား(၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကား ရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(င) Hotel Waiter — ကျား(၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(စ) Hotel Cook (ဟိုတယ်အချက်၊ အပြုတ် ကျွမ်းကျင်သူ) — ကျား(၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဆ) Housekeeping — ကျား/မ(၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ၂၄-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊ သိမ်ကြီးဈေး(D)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ (စနေနေ့နှင့် တနင်္ဂနွေများတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)

(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ)

- မန်နေဂျာ-ဒုမန်နေဂျာ၊ လျှပ်စစ်လေအေးပေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter Hotel Cook Housekeeping၊ စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း၊ လျှောက်ထားသူများအား ၂၅-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင်လည်းကောင်း၊
- လ/ထ မန်နေဂျာတန်းပြ၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း(Dirver)၊ ထမင်းချက်၊ သန့်ရှင်းရေး၊ မုန့်ဆိုင်ဝန်ထမ်းလျှောက်ထားသူများအား ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည် ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ - မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ၊ ရန်ကုန်မြို့)

တရားဥပဒေစိုးမိုးပါမှ ငြိမ်းချမ်းသောလူ့ဘောင်လောကကို တည်ဆောက်နိုင်မည်

ခင်မောင်ထွေး

နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်နေမှုနှင့်အတူ စိန်ခေါ်မှုများကိုလည်း တွေ့ရသည်။ ထိုစိန်ခေါ်မှုထဲတွင် မြေယာအငြင်းပွားမှုနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှုများက အများစုပါဝင်လျက်ရှိသည်။

တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်တစ်ခု ဖြစ်သည်။

ထို့အတူ ရပ်ရွာအေးချမ်းသာယာရေးနှင့် ငြိမ်းချမ်းသောလူ့ဘောင်လောကကို ရှေးရှုသော၊ လောကလူသားတို့ကိုစောင့်ရှောက်သော အရိပ်စစ်မှာလည်း တရားဥပဒေ၏ ထီးရိပ်သာဖြစ်ပေသည်။ လူ့ဘောင်လူ့လောကတွင် တရားဥပဒေသာ ကွယ်ပျောက်သွားခဲ့ပါက တောရိုင်းဥပဒေကဲ့သို့ အားကြီးသူက အားနည်းသူကို တရားမဲ့ပြုမူတတ်သော၊ ကြီးနိုင်ငယ်ညှဉ်း အလေ့အထများဖြစ်ပေါ်သွားပါလိမ့်မည်။

တရားဥပဒေစိုးမိုးမှုနှင့် လူ့ဘောင်အဖွဲ့အစည်း၏ ငြိမ်းချမ်းသာယာမှုကို စိန်ခေါ်မှုများအနက် တရားမဝင်ကျူးကျော်တဲအချို့ ဝင်ရောက်နေထိုင်ခြင်းလည်း ပါဝင်နေသည်။

ယခုလတ်တစ်လောအားဖြင့်ဆိုပါမူ ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပန်းလှိုင်တံတားအောက်ဝန်းကျင် ပန်းလှိုင်မြစ်ကမ်းဘေး လှိုင်သာယာ-တွံတေးကားလမ်းဘေးဝဲ၊ယာများတွင် အခြားဒေသမှ လာရောက်ပြီး လူအင်အားအစုအဖွဲ့များဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှစ၍ တရားမဝင်ကျူးကျော်တဲအဆောက်အအုံများ ဆောက်လုပ်နေမှုကို ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများပူးပေါင်းအဖွဲ့က ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ရှင်းလင်းဖျက်သိမ်းမှုဖြစ်စဉ်ကို ပြည်သူအများက စိတ်ဝင်စားလျက်ရှိသည်။

တရားမဝင်ကျူးကျော်တဲ အဆောက်အအုံများ အဆိုပါနေရာများသို့ လာရောက်ဆောက်လုပ်ရာတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက် အထိ ဆောက်လုပ်ပြီး တဲ ၈၂ လုံး၊ ဆောက်လုပ်ဆဲတဲ ၄၉၃ လုံး၊ တိုင်စိုက်ထူပြီး ဆောက်လုပ်ဆဲတဲ ၁၄၉၀ လုံး စုစုပေါင်း ၂၈၀၄ လုံးအထိရှိခဲ့ပြီး အချို့မှာ နေရာဦးထားကာ တစ်ဆင့်ရောင်းချမှုများပင် ပြုလုပ်ခဲ့ကြကြောင်း ကြားသိရသည်။

တွံတေးမြို့နယ်အတွင်းရှိ အစိုးရပိုင်မြေ၊ လမ်းနယ်၊ ခလောက်ချိုင်ကျေးရွာ၊ ပဒါန်ရေကျော်ကျေးရွာနှင့် တမာတကောကျေးရွာ မြေများတွင် အခြားဒေသမှ လာရောက်ကျူးကျော် ဆောက်လုပ်မှုများကို ဒေသခံများက ကျေနပ်မှုမရှိသဖြင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများထံသို့ တိုင်ကြားစာများဖြင့် ပေးပို့တိုင်ကြားရုံမက ဒေသခံပြည်သူများ လုံခြုံရေး၊ အေးချမ်းစွာနေထိုင်ရေး၊ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ရေးနှင့် ဥပဒေမဲ့ ကျူးကျော်သူများ ဖယ်ရှားပေးရေးအတွက် တမာတကောကျေးရွာနေ ဦးကျော်စိုးက အင်အား ၁၀၀ ဖြင့် ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီမှ ၈ နာရီအထိ ပန်းလှိုင်တံတားအနီးတွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့ပြင် သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ဒေသခံပြည်သူများက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုးကြိမ်၊ ဇန်နဝါရီလအတွင်း တစ်ကြိမ်ဖယ်ရှားရှင်းလင်းပြီး ကျူးကျော် ဆောက်လုပ်မှုများကို ဖယ်ရှားရေး၊ ဆက်လက်ကျူးကျော်ခြင်း မပြုရေးတို့အတွက် အသိပေးတားမြစ်ခြင်းကို နေ့စဉ်အသံချဲ့စက်ဖြင့်ဆော်ဩခြင်း၊ နို့တစ်စာကပ်ခြင်း၊ လမ်းမကြီးများ နယ်မြေမကျူးကျော်ရ ဆိုင်းဘုတ်များစိုက်ထူခြင်းများကို ဆောင်ရွက်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်ကျူးကျော်ဆောက်လုပ်ခဲ့ကြသည်။

တိတိကျကျဆိုရလျှင် ပန်းလှိုင်မြစ်တိမ်ကောရာမှ ပေါ်ထွန်းလာသော မြေနုကျွန်းပေါ်နှင့် တွံတေးမြို့နယ် ပဒါန်ရေကျော်နှင့် ခလောက်ချိုင်နယ်မြေအတွင်းရှိ ပန်းလှိုင်တံတားဝန်းကျင် လမ်းဘေးဝဲ/ယာများတွင်လူအင်အား ၅၀၀ ခန့်က ကျူးကျော်တဲများ ဆောက်လုပ်သဖြင့် ၂-၁၂-၂၀၁၃ ရက်နေ့တွင် မြို့နယ်တာဝန်ရှိသူများက ကျူးကျော်သူများ လမ်းဧရိယာအတွင်း စိုက်ထူထားသည့် ဝါးတိုင်များ၊ စည်းသားထားသည့် ပလတ်စတစ်ကြိုးများကိုဖယ်ရှားခဲ့ပြီး သတိပေးတားမြစ်ချက်ဆိုင်းဘုတ်သုံးခုကို စိုက်ထူတားမြစ်ခဲ့ရ၏။ ၄-၁၂-၂၀၁၃ ရက်နေ့မှ ၇-၁၂-၂၀၁၃ ရက်နေ့တွင်လည်း လေးကြိမ်တားမြစ်ခဲ့ရ၏။

ထို့ပြင် ၃-၁၂-၂၀၁၃ ရက်နေ့မှာပင် ဒေသခံပြည်သူတစ်ဦးက ၎င်းပိုင်ဆိုင်သည့် မြေကွက်များပေါ်တွင် ကျူးကျော်ဆောက်လုပ်သူများကို အရေးယူဆောင်ရွက်ပေးရန် တွံတေးမြို့နယ် ခလောက်ချိုင်နယ်မြေရဲစခန်းသို့ (၆)၈၀/၁၃၊ ပြစ်မှုပုဒ်မ ၄၄၇ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

သို့သော် ၅-၁၂-၂၀၁၃ ရက်တွင် ကျူးကျော်တဲများ ဆောက်လုပ်ရာသို့ ဦးဆောင်သူ အချို့နှင့် အင်အား ၅၀၀ ခန့် ထပ်မံရောက်ရှိလာပြီး ကျူးကျော်တဲများ ဆက်လက်ဆောက်လုပ်ရုံမက တွံတေးမြို့နယ် ပဒါန်ရေကျော်နှင့် ခလောက်ချိုင်နယ်မြေအတွင်းရှိ နယ်မြေများတွင်လည်း ကျူးကျော်တဲများ ဆက်လက်ဆောက်လုပ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက မပြုလုပ်ရန်တားမြစ်ရာ ကျူးကျော်သူများက "ဆင်းရဲဒုက္ခရောက်နေသော အိုးအိမ်မဲ့ပြည်သူများ သဲနုသောင်ထွန်းကျွန်းပေါ်တွင် ခေတ္တယာယီနေထိုင်ခြင်း" စာသားရေးထားသည့် ဆိုင်းဘုတ်ကို နိုင်ငံတော်အလံတစ်ခုနှင့်တွဲ၍ စိုက်ထူခဲ့ကြသည်။

လူစုလူဝေးဖြင့် ကျူးကျော်တဲများ ဆောက်လုပ်မှုမှာ ရပ်တန့်မှုမရှိဘဲ ဆက်လက်ဆောင်ရွက်လာသဖြင့် ဒေသခံများနှင့်ပဋိပက္ခအသွင် ရန်ဆောင်မှုများဖြစ်ပေါ်လာခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဒေသခံများအနေဖြင့် ညအချိန်ပြင်ပသို့ သွားလာရာတွင် လုံခြုံမှုမရှိခြင်း စသည့်အခြေအနေများဖြစ်ပေါ်လာသည့်အတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဥပဒေမဲ့ ဆောင်ရွက်ခြင်းမျိုး ဆက်လက် မဖြစ်ပေါ်စေရေးအတွက် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံများပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက် နံနက်စောစောတွင် ကျူးကျော်တဲများကို စတင်ဖယ်ရှားခဲ့ကြရာ ကျူးကျော်တဲ ၂၃၇၈ လုံးနှင့် ဇန်နဝါရီ ၁၅ ရက်တွင် ကျန်ရှိသည့် ကျူးကျော်တဲ ၄၂၆ လုံးတို့ကို ဖယ်ရှားရှင်းလင်းခဲ့ရသည်။

ကျူးကျော်တဲများကို တာဝန်ရှိသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းခဲ့သော်လည်း ကျူးကျော်သူအချို့က ခဲများ၊ လေးခွများနှင့် ပစ်ပေါက်ခဲ့သဖြင့် ဥပဒေမဲ့ဆောင်ရွက်သူအချို့ကို တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးအရေးယူ ဆောင်ရွက်ရသည့် ဖြစ်စဉ်များလည်းရှိခဲ့သည်။

ယခု ကျူးကျော်မှုဖြစ်စဉ်တွင် မသမာသူအချို့က ငွေကြေးရယူပြီး နောက်ကွယ်မှ မသိနားမလည်သူအချို့ကို မြှောက်ပင့်ပေးခြင်း၊ အချို့ကလည်းစီးပွားရေးအလို့ငှာ နေရာဦးထားကာ တစ်ဆင့်ရောင်းချမှုများပြုလုပ်ခဲ့ခြင်းကြောင့် ရိုးရိုးသားသား မသိနားမလည်သူအချို့မှာ တရားဥပဒေ၏မျက်ကွယ်သို့ရောက်မှန်းမသိ၊ တရားဥပဒေကို သွေဖည်မှန်းမသိ ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် ကျူးကျော်ရပ်ကွက်ပြဿနာများမှာ လွတ်လပ်ရေးရပြီး ဖဆပလခေတ်မှ အစပြုခဲ့ရာ အိမ်စောင့်အစိုးရလက်ထက်တွင်လည်း ယခင်မြူမင်းကြီး ဗိုလ်မှူးကြီးထွန်းစိန်က ဖဆပလရပ်ကွက်ရှိ ကျူးကျော်တဲများအပါအဝင် ရန်ကုန်မြို့ရှိ ကျူးကျော်ရပ်ကွက်အများအပြားကို ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း မှတ်သားမိသည်။ယခုမျက်မှောက်ပစ္စက္ခတွင်မူ တရားမဝင်ကျူးကျော်နေထိုင်မှုများက လူဦးရေတိုးတက်မှုနှင့်အတူ ပိုမိုများပြားလာသည်။

နိုင်ငံတော်အစိုးရကလည်း တိုးတက်လာသည့် လူဦးရေနှင့်အညီ အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများကိုဆောင်ရွက်လျက်ရှိရာ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က "အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ဆောင်ရွက်ဆဲ စီမံကိန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့တွင် အခန်းပေါင်းနှစ်သောင်းပါဝင်သည့် ရောဝဏ်နှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများဖြစ်သည့် အခန်းပေါင်း ၆၀၀ ပါဝင်သော လှိုင်သာယာမြို့နယ်မှ ထီးလှိုင်ရှင်အိမ်ရာ၊ အခန်းပေါင်း ၃၀၀၀ ခန့်ပါဝင်သော ကျန်စစ်မင်းအိမ်ရာ၊ အခန်း ပေါင်း ၉၀၀ ခန့် ပါဝင်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ကျိုစုအရှေ့အိမ်ရာ စီမံကိန်းများကို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူများအတွက် ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း"ဖြင့် ထည့်သွင်းတင်ပြသွားခဲ့သည်။

တကယ်တော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် မြေယာအငြင်းပွားမှု၊ မြေယာကျူးကျော်မှုများမှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်သော ကိစ္စရပ်များဖြစ်သည်။

သို့သော် နိုင်ငံသားတိုင်းသည် တရားဥပဒေကို မျက်ကွယ်ပြု၍မရပါ။ တရားဥပဒေနှင့်အညီသာ ပြုမူပြောဆို နေထိုင်ကြရပါမည်။ တရားဥပဒေစိုးမိုးမှုလည်း နိုင်ငံသားတိုင်းသည် ဥပဒေ၏ အရိပ်အာဝါသအောက်၌ အေးချမ်းပျော်ရွှင်စွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ပါမည်ဟု ဆိုချင်ပါသည်။ ။

အသိပေးကြေညာချက်

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာမွေမြို့နယ် ကျိုက္ကဆံလမ်း (အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် သမိန်ဗရမ်းလမ်းကြားအပိုင်းအား) ကွန်ကရစ်ဖြင့် လမ်းသားတင်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ခန့်မှန်းလုပ်ငန်းကြာမြင့်ချိန် ၂၁ ရက် ခန့် ကြာနိုင်မည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်နေစဉ် အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းလျင်မြန်စေရေး၊ ယာဉ်ကြောကျပ်တည်းမှုမရှိစေရန် တစ်လမ်းမောင်းစနစ် ယာယီအသုံးပြုမည်ဖြစ်သည်။ သို့ပါ၍ ကျိုက္ကဆံလမ်းအတိုင်း သမိန်ဗရမ်းလမ်း(ရွှေဗဟိုရုပ်ရှင်ရုံ)ဘက်မှ အရှေ့မြင်းပြိုင်ကွင်းဘက်သို့ သွားသည့်ယာဉ်များအား တစ်လမ်းမောင်းစနစ်မောင်းနှင်စေမည်ဖြစ်ပြီး အရှေ့မြင်းပြိုင်ကွင်းလမ်းမှ ကျိုက္ကဆံလမ်းသို့ ကွေ့ဝင်၍သမိန်ဗရမ်းလမ်းဘက်သို့ သွားမည့်ယာဉ်များအတွက် ယာယီလမ်းလွှဲအဖြစ် တာမွေငါးခွဆုံမှ လမ်းလွှဲမောင်းနှင်ကြရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မေတ္တာရပ်ခံအသိပေးကြေညာထားသည်။**(သတင်းစဉ်)**

ဝါကျိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) နှစ်(၆၀)ပြည့် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ဝါကျိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)၏ နှစ် (၆၀) ပြည့် နှစ်ပတ်လည်အစည်းအဝေးနှင့် ပါမောက္ခဆရာကြီး ဦးဝိလျံပေါ် အမှတ်တရဆုနှင့် အခြားဂုဏ်ပြုဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် Western Park Restaurant (သခင်မြပန်းခြံ) အလုံမြို့၌ ကျင်းပမည်ဖြစ်ပြီး ဝါကျိဇ္ဇဘွဲ့ရများမှ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

❖ ကျောဖုံးမှ

အစည်းအဝေး၌ နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့်ပေးပို့လာသော **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား နယ်စပ်ဒေသ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး**နှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်က နှစ်နိုင်ငံအစိုးရများအကြား နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်မှုရရှိရေးညှိနှိုင်းဆောင်ရွက်ရန်၊ အကြမ်းဖက်တိုက်ခိုက်မှု၊ တရားမဝင်လက်နက်ကိုင်ဆောင်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနှင့် အခြားတရားမဝင်ကုန်သွယ်မှုများကို သတင်းညှိနှိုင်းတိုက်ဖျက်ရန်၊ နယ်စပ်လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကိုဖော်ဆောင်ရန်၊ နယ်စပ်ဒေသတွင် သတင်းဖလှယ်ခြင်းနှင့် ဟန်ချက်ညီကင်းလှည့်ခြင်း ဆောင်ရွက်ရန်၊ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်ကို နှစ်ဦးနှစ်ဖက် လေးစားလိုက်နာ ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များမှာ နယ်စပ်ဒေသများတွင် အရေးတကြီးအလိုအပ်ဆုံး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်သည့်အတွက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်ကလည်း မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် ဆက်သွယ်ဆက်ဆံနေရပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံဆိုသည်မှာ ရွေးချယ်၍မရပါကြောင်း၊ အရှိအတိုင်းလက်ခံဆက်ဆံရပါကြောင်း၊ ရွေးချယ်ခွင့်မရသော အိမ်နီးနားချင်းနိုင်ငံများကို အတတ်နိုင်ဆုံး ချစ်ကြည်ရင်းနှီးမှုရှိသင့်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုမရှိလျှင် အကျိုးရှိနိုင်မည်မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိအောင် ရှေးရှုဆောင်ရွက်သင့်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးကိစ္စသည် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရေးနှင့် ချစ်ကြည်ရေး တိုးမြှင့်ရေးအတွက် ရည်ရွယ်သည်ဟု ယူဆကြောင်း၊ ယခုကဲ့သို့ စာချွန်လွှာလက်မှတ်ရေးထိုးပြီး နှစ်နိုင်ငံဆက်ဆံရေးဆောင်ရွက်မည်ဆိုသည်မှာ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းမှုဆိုင်ရာ ပြဿနာကြီးငယ်များ ရှိနေသည်ဆိုသည့်အချက်ကိုလည်း ထောက်ပြရာရောက်ပါကြောင်း၊ သတိပြုရမည့်အချက်မှာ နှစ်နိုင်ငံနယ်နိမိတ်ကိုဖြတ်သန်း၍ တရားမဝင်သယ်ဆောင်ရန် ကြိုးစားသည့် လက်နက်ခဲယမ်းကိစ္စနှင့် မူးယစ်ဆေးဝါးကိစ္စများဖြစ်ကြောင်း၊ နှစ်နိုင်ငံမှကိုယ်စားလှယ်များပါဝင်သည့်အဖွဲ့များကို လုပ်ပိုင်ခွင့်များ တိုးပေးခြင်းဖြင့်သော်လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်ရှေးရှု၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သော်လည်းကောင်း ထိုပြဿနာများကို ထိရောက်စွာကိုင်တွယ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ စာချွန်လွှာ လက်မှတ်ရေးထိုးပြီးလျှင် နယ်နိမိတ်သတ်မှတ်ရေးကို အပြီးအပြတ် ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်မြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးရေး ကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးခဲ့ပြီး ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက် (၁၆)ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦးနှင့် ဗိုလ်မှူးဇော်မြင့်တို့က ဆွေးနွေးခဲ့ကြပြီး ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၅/၂၀၁၄)
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)
တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးတို့ကို အမည်စာရင်း ပြောင်းလဲလိုကြောင်း၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၁-၇-၂၀၁၂ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၃၅/၂၀၁၂)၊ ၅-၁၁-၂၀၁၂ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၄၄/၂၀၁၂)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၁-၁-၂၀၁၃ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၃)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၁၄/၂၀၁၃)၊ ၁-၈-၂၀၁၃ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၃) နှင့် ၁၁-၁၀-၂၀၁၃ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၃၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂၄ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကချင်ပြည်နယ်လွှတ်တော်			
(၁)	ကြည်း ၂၈၇၁၄ ဗိုလ်မှူးအောင်ဇင်	(အစား)	ကြည်း ၃၂၃၄၆ ဗိုလ်မှူးမျိုးသူအောင်
(၂)	ကြည်း ၂၃၉၇၈ ဗိုလ်မှူးအောင်ခင်ဦး	(အစား)	ကြည်း ၃၂၇၈၈ ဗိုလ်မှူးသန့်ဇင်
ကယားပြည်နယ်လွှတ်တော်			
(၃)	ကြည်း ၃၃၀၉၅ ဗိုလ်မှူးတိုးထက်ကျော်	(အစား)	ကြည်း ၂၆၀၃ ဗိုလ်မှူးနေထွန်း
ကရင်ပြည်နယ်လွှတ်တော်			
(၄)	ကြည်း ၃၀၅၇၉ ဗိုလ်မှူးမြင့်ဝင်းရွှေ	(အစား)	ကြည်း ၃၆၂၁၇ ဗိုလ်ကြီး/ဗိုလ်မှူးတေဇာအောင်
တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်			
(၅)	ကြည်း ၂၄၉၃၀ ဗိုလ်မှူးကျော်မိုး	(အစား)	ကြည်း ၃၀၆၆၈ ဗိုလ်မှူးလှထွန်း
ပဲခူးတိုင်းဒေသကြီးလွှတ်တော်			
(၆)	ကြည်း၃၃၁၇၇ ဗိုလ်မှူးမျိုးသူရအောင်	(အစား)	ကြည်း ၂၉၆၉၉ ဗိုလ်မှူးတင်မျိုးနောင်
(၇)	ကြည်း ၂၈၆၈၇ ဗိုလ်မှူးမျိုးကျော်	(အစား)	ကြည်း ၃၄၉၅၆ ဗိုလ်မှူးဇော်လင်းအောင်
မကွေးတိုင်းဒေသကြီးလွှတ်တော်			
(၈)	ကြည်း ၂၂၁၁၀ ဒုတိယဗိုလ်မှူးကြီးညီဇော်	(အစား)	ကြည်း ၃၆၅၀၂ ဗိုလ်ကြီး/ဗိုလ်မှူးဇော်ဦးလတ်
(၉)	ကြည်း ၃၁၃၆၆ ဗိုလ်မှူးသိန်းထူး	(အစား)	ကြည်း ၃၆၀၄၈ ဗိုလ်ကြီး/ဗိုလ်မှူးသန်းစိုးဦး
(၁၀)	ကြည်း ၃၃၆၃၈ ဗိုလ်မှူး တင်မျိုးလတ်	(အစား)	ကြည်း ၃၆၁၀၆ ဗိုလ်ကြီး/ဗိုလ်မှူးမျိုးမင်းမင်း
(၁၁)	ကြည်း ၃၃၃၅၈ ဗိုလ်မှူးသန့်ဇင်ဦး	(အစား)	ကြည်း ၃၆၅၄၄ ဗိုလ်ကြီး/ဗိုလ်မှူးမြတ်သူ
(၁၂)	လေ ၂၆၀၂ ဗိုလ်မှူးနိုင်လင်း	(အစား)	လေ ၂၆၆၇ ဗိုလ်မှူးဟန်ဝင်းထွဋ်
မွန်ပြည်နယ်လွှတ်တော်			
(၁၃)	ကြည်း ၂၇၄၅၆ ဗိုလ်မှူးသက်မင်းထွန်း	(အစား)	ကြည်း ၂၀၅၇၃ ဗိုလ်မှူးစိုးမြင့်ဦး
ရခိုင်ပြည်နယ်လွှတ်တော်			
(၁၄)	ကြည်း ၂၂၅၄၄ ဗိုလ်မှူးကျော်မင်းထွန်း	(အစား)	ကြည်း ၃၂၅၇၁ ဗိုလ်မှူးမြင့်နိုင်
(၁၅)	ကြည်း ၃၃၁၂၆ ဗိုလ်မှူးပြည့်စုံအောင်	(အစား)	ကြည်း ၃၅၃၄၆ ဗိုလ်မှူးဟိန်းဇေမြင့်
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်			
(၁၆)	ကြည်း ၂၂၅၉၅ ဗိုလ်မှူးရဲမြင့်ထွန်း	(အစား)	ကြည်း ၂၃၃၄၉ ဗိုလ်မှူးထင်လတ်ဦး
(၁၇)	ကြည်း ၃၁၃၅၇ ဗိုလ်မှူးမိုးဇော်လှိုင်	(အစား)	အင်န် ၅၆၄ ဗိုလ်မှူးဒေါ်နှင်းယုကျော်
ရှမ်းပြည်နယ်လွှတ်တော်			
(၁၈)	ကြည်း ၁၉၄၁၄ ဗိုလ်မှူးဇော်မြင့်ဝင်း	(အစား)	ကြည်း ၂၈၂၄၂ ဗိုလ်မှူးနေမျိုးဦး
(၁၉)	ကြည်း ၃၀၆၄၄ ဗိုလ်ကြီးမိုးခိုင်	(အစား)	ကြည်း ၂၈၄၇၄ ဗိုလ်မှူးအောင်သူခိုင်
(၂၀)	ကြည်း ၃၆၄၅၇ ဗိုလ်ကြီးအောင်သူရထွန်း	(အစား)	ကြည်း ၂၄၁၆၆ ဗိုလ်မှူးသန်းထွန်းဦး
(၂၁)	ကြည်း ၅၃၆၄၀ ဗိုလ်ကြီးကျော်ညီညီသော်	(အစား)	ကြည်း ၂၈၂၈၃ ဗိုလ်မှူးရဲလွင်
ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်			
(၂၂)	ကြည်း ၂၅၀၇၂ ဗိုလ်မှူးမြင့်နိုင်	(အစား)	ကြည်း ၃၆၄၄၃ ဗိုလ်ကြီး/ဗိုလ်မှူးမျိုးသန့်
(၂၃)	ကြည်း ၂၉၈၈၀ ဗိုလ်ကြီးသောင်းစိန်	(အစား)	ကြည်း ၃၄၉၆၀ ဗိုလ်ကြီးကျော်ထွန်း
(၂၄)	ရေ ၃၈၉၃ ဗိုလ်မှူးအောင်မျိုးလှိုင်	(အစား)	ရေ ၄၁၅၉ ဗိုလ်မှူးအောင်ပြည့်စုံ

အမိန့်အရ
(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❋ ကျောဖုံးမှ

ကမ်းနားလမ်းကြား)၊ အထက်ကြည့်မြင်တိုင်လမ်း (ကျောင်းကြီးလမ်းနှင့် ဟံသာဝတီ-ဗဟိုလမ်းဆုံကြား)၊ ဗဟိုလမ်း (ဟံသာဝတီလမ်းနှင့် ရွာမကွေ့ကြား)၊ ဗဟိုလမ်း(ရွာမကွေ့နှင့် စက်မှုဆေးဝါးလမ်းကြား)၊ စက်မှုဆေးဝါးလမ်း (ဗဟိုလမ်းနှင့် အင်းစိန်လမ်းကြား)၊ အင်းစိန်လမ်း(စက်မှုဆေးဝါးလမ်းနှင့် အောင်သိဒ္ဓိလမ်းကြား)၊ အောင်သိဒ္ဓိလမ်း(အင်းစိန်လမ်းနှင့် မင်းဓမ္မလမ်းကြား)၊ မင်းဓမ္မလမ်း (အောင်သိဒ္ဓိလမ်းနှင့် ပါရမီလမ်းကြား)၊ လှိုင်တက္ကသိုလ်ကျောင်းဝင်းအတွင်းလမ်း(ပါရမီလမ်းနှင့် ပြည်လမ်းကြား)၊ ပြည်လမ်း (လှိုင်တက္ကသိုလ်ဝင်ပေါက်နှင့် IBC ရှေ့ကြား)၊ အင်းလျားလမ်း(ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းကြား)၊ တက္ကသိုလ်ရိပ်သာလမ်း (အင်းလျားလမ်းနှင့် ကမ္ဘာအေးစေတီလမ်းကြား)၊ ကမ္ဘာအေးစေတီလမ်း (တက္ကသိုလ်ရိပ်သာလမ်းနှင့် ကန်ဘဲ့/သစ္စာလမ်း)၊ ကန်ဘဲ့/သစ္စာလမ်း (ကမ္ဘာအေးစေတီလမ်းနှင့် မိုးကောင်းလမ်းကြား)၊ မိုးကောင်းလမ်း(ကန်ဘဲ့ သစ္စာလမ်းနှင့် မြောက်မြင်းပြိုင်ကွင်းလမ်း)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း(မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းကြား)၊ လေးထောင့်ကန်လမ်း (အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ဝေဇယန္တာလမ်းကြား)၊ ကမ်းနားလမ်းဟောင်း (ပန်းဆိုးတန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းကြား)၊ ရွှေတိဂုံဘုရားလမ်း (ကမ်းနားလမ်းနှင့် ဦးထောင်ဘိုလမ်းကြား)၊ ဦးထောင်ဘိုလမ်း (ရွှေတိဂုံဘုရားလမ်းနှင့် ကန်ပတ်လမ်းကြား)၊ကန်ပတ်လမ်း (ဦးထောင်ဘိုအဝိုင်းနှင့် စက်ရုံလမ်းကြား)၊ စက်ရုံလမ်း (ကန်ပတ်လမ်းနှင့် (၁၅)ပေခုံးကျော်တံတားကြား) တို့အား ပြည်တွင်းပြည်ပ ပြိုင်ပွဲဝင်အားကစားသမားများ အန္တရာယ် ကင်းရှင်းစွာပြိုင်ပွဲဝင်နိုင်ရေးအတွက် ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံထားသည်။

(ကြေးမုံ)

၂၀၁၃ ခုနှစ်အကုန်တွင် အထည်ချုပ်လုပ်ငန်းကဏ္ဍ၌ လုပ်သားအင်အား တစ်သိန်းခွဲခန့်ထားနိုင်ပြီး စက်ရုံ ၂၀၀ ကျော်တိုးမြှင့်လာ

တွေ့ဆုံမေးမြန်း ❖ ထွန်းဝင်းနိုင်(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအား ပြည်တွင်း ပြည်ပ၌ အလုပ်အကိုင်များ တိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပေးနိုင်ရန်အတွက် သတင်းအဖွဲ့က ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

ဦးမျိုးအောင်(ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)

မေး။ အရင်နှစ်ယခုကာလမှာ နိုင်ငံသားတွေကို ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနေမှုနဲ့ ပတ်သက်ပြီး ဆရာတို့ ဆောင်ရွက်နေတာလေးတွေကို သိလိုပါတယ်ခင်ဗျာ။

ဖြေ။ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့အတွက် စဉ်းစားတဲ့အခါ အဓိကအချက်နှစ်ချက်ကို စဉ်းစားပါတယ်။ ပထမအချက်က အလုပ်အကိုင်အခွင့်အလမ်းတွေကို အလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘယ်လိုရှာဖွေမလဲဆိုတဲ့အချက်ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဒီအလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဆက်စပ်မိဖို့အတွက် အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ အလုပ်သမားဈေးကွက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆောင်ရွက်ရရှိဖို့ဆိုတဲ့ ကိစ္စရပ်မှာဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပအလုပ်အကိုင်ရရှိမှုဆိုတဲ့ အပိုင်းနှစ်ပိုင်း ချမှတ်ပြီး လုပ်ကိုင်နေတာရှိပါတယ်။

ပြည်တွင်းအလုပ်အကိုင်ရရှိရေးမှာဆိုရင် ကျွန်တော်တို့ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနရဲ့ အောက်မှာရှိတဲ့ အလုပ်သမား၊ အလုပ်အကိုင်ရှာဖွေရေးရုံး၊ Labour Exchange Office တွေရဲ့ အလုပ်သမားရုံးတွေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ ၉၁ ရုံးတွေမှာ ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းစဉ်တွေ ရှိပါတယ်။

လက်ရှိကျွန်တော်တို့ ဖွင့်လှစ်ထားတဲ့ရုံးတွေက တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တွေကို ခြုံငုံမိခြင်းမရှိသေးတဲ့အပေါ်မှာ ကျွန်တော်တို့ရုံးက ဝန်ထမ်းတွေကို Mobile Team ဆိုပြီး ဖွဲ့စည်းပြီး နိုင်ငံအနှံ့ သွားရောက်ပြီး သက်ဆိုင်ရာမြို့နယ်တွေကို သွားရောက်အလုပ်အကိုင်ရှာပေးနေတာတွေရှိပါတယ်။

နောက်တစ်ခါ တစ်ဖက်ကလည်း ပြည်တွင်း ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေကိုဆီကို ခွင့်ပြုပေးပြီး ရှာဖွေပေးနေတာရှိပါတယ်။ ဒါ့အပြင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွေပြုလုပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးနေတာရှိပါတယ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးနိုင်ခဲ့မှုနဲ့ပတ်သက်ပြီး လက်ရှိနိုင်ငံတော်အစိုးရသစ်လက်ထက်မှာ အများကြီးဖွံ့ဖြိုးပြီး အလုပ်အကိုင်တွေ ရရှိလာတယ်ဆိုတာ တင်ပြချင်ပါတယ်။ ကျွန်တော်တို့မှာရှိတဲ့ အချက်အလက်တွေအရဆိုရင် ၂၀၁၀ ခုနှစ်အထိ ရှိခဲ့တဲ့ အလုပ်အကိုင်ရရှိမှု အရေအတွက်ဟာ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်တာ သုည ဒသမ၉၅ သန်းပဲရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်အထိ ကျွန်တော်တို့ နှစ်ချုပ်လိုက်တဲ့အခါမှာ ၁ ဒသမ ၁၃ သန်းအထိ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်တာတွေ့ရှိရပါတယ်။ ထိုနည်းတူပါပဲ ပြည်ပအလုပ်အကိုင်တွေကို ကြည့်မယ်ဆိုရင်လည်း ပြည်ပကို ၂၀၁၀ ခုနှစ်အထိ သုည ဒသမ ၀၆ သန်း၊ တော်တော့်ကို အရေအတွက်နည်းနည်းပဲ တရားဝင်သွားတဲ့ အရေအတွက်ရှိပါတယ်။

၂၀၁၃ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ သုည ဒသမ ၁၅ သန်းအထိ အလုပ်အကိုင်တွေ ပိုမိုရရှိအောင် လုပ် ပေးတာတွေ့ရပါတယ်။ အလုပ်အကိုင်ရရှိတဲ့အပေါ်မှာ ပြည်တွင်းမှာ ကြည့်မယ်ဆိုရင် အစိုးရကဏ္ဍမှာဆိုလည်း လုပ်သားအင်အားပေါင်း သုံးသောင်းကျော်အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

ပုဂ္ဂလိကကဏ္ဍမှာဆိုရင် ပေါ်ပေါက်လာတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ FDI တွေ၊ နိုင်ငံရဲ့ ပွင့်လင်းထင်သာမြင်သာမှုတွေအပေါ် မူတည်ပြီး ပုဂ္ဂလိကကဏ္ဍမှာဆိုရင် အလုပ်သမားဦးရေက ၁၁ သိန်းအထိ အလုပ်အကိုင်တွေ ဖွံ့ဖြိုးရရှိလာပါတယ်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ဖန်တီးပေးနိုင်ခဲ့တဲ့ အလုပ်ရရှိမှုဦးရေကို ကြည့်မယ်ဆိုရင် ၁၂ သိန်း ရှစ်သောင်း ခြောက်ထောင်ကျော် ရှာဖွေပေးနိုင်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။

မေး။ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေရှိရင်လည်း ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ အလုပ်သမားတွေ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းတွေရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်နေတာတွေ ရှိပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနက အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဥပဒေကို ရေးဆွဲပြီး ဥပဒေအောက်မှာ ကော်မတီ ၁၄ ရပ်ဖွဲ့စည်းပြီး ကော်မတီအလိုက် ကျွမ်းကျင်မှုအနေနဲ့ သက်ဆိုင်တဲ့သင်ရိုးဇယားတွေ ရေးဆွဲရေးဆိုင်ရာကိစ္စတွေ၊ သင်တန်းဆရာတွေရဲ့ အရည်အသွေးကအစ သင်တန်းသားတွေကို စစ်ဆေးအကဲဖြတ်တဲ့ စနစ်တွေ၊ အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးဖို့ကိစ္စတွေအထိ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကိစ္စကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေအပြင် ပုဂ္ဂလိကကဏ္ဍကပါ ပါဝင်ပြီး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ လိုအပ်နေတဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ တစ်ဖက်တစ်လမ်းက ရှာဖွေပေးနိုင်မှုတွေ၊ ကျွမ်းကျင်မှုအပေါ် မူတည်ပြီး အလုပ်သမားတွေရဲ့ ပိုမိုမြင့်မားတဲ့လစာတွေ ခံစားနိုင်မှုတွေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဒေါ်ခိုင်ခိုင်နွယ်
(စက်မှုကုန်ထုတ်လုပ်ငန်းအလုပ်ရှင်ကိုယ်စားလှယ်)

မေး။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအပိုင်းက အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနေမှုနဲ့ ပတ်သက်ပြီး သိလိုပါတယ်ခင်ဗျာ။

ဖြေ။ ကျွန်မတို့လုပ်ငန်းရှင်တွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးရတဲ့ တာဝန်ကိုယူရပါတယ်။ ပြီးတော့ အလုပ်သမားကို မြန်မြန်ခန့်ထားနိုင်ဖို့လည်း တာဝန်ယူရပါတယ်။ ဒါ့အပြင် အလုပ်သမားရဲ့ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်လည်း တာဝန်ယူရပါတယ်။ အဓိကအရေးကြီးတာက အလုပ်သမားတွေရဲ့ စားဝတ်နေရေးကို အထောက်အကူပြုမယ့် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံးနဲ့ တတ်နိုင်သလောက် အထိရောက်ဆုံး ဖြစ်မယ့် လစာကိုပေးဖို့လည်း တာဝန်ယူရပါတယ်။

ဒီလိုလစာပေးတဲ့အပိုင်းမှာကျွမ်းကျင်မှု၊ ထုတ်လုပ်မှုနဲ့ အများကြီးပတ်သက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအနေအထားနဲ့ ကျွန်မတို့ရဲ့အတွေ့အကြုံအရ ပြောရမယ်ဆိုရင် အလုပ်သမားများရဲ့ ကျွမ်းကျင်မှုကို ထပ်မံမြှင့်တင်ဖို့ လိုနေသေးတာကို တွေ့ရပါတယ်။ ကိုယ့်ရဲ့လုပ်သားတွေကို သူတို့ရဲ့ စားဝတ်နေရေး အထောက်အကူပြုမယ့် လစာတစ်ခုကို အထိရောက်ဆုံးပေးနိုင်ဖို့ဆိုရင် လုပ်သားများရဲ့ ကျွမ်းကျင်မှုကို အများဆုံးမြှင့်တင်ပေးနိုင်ဖို့ ကျွန်မတို့ အများကြီးကြိုးစားကြရဦးမှာပါ။

ဒါကိုလည်း ကုန်ထုတ်ကဏ္ဍမှာရှိတဲ့ အသင်းအဖွဲ့အားလုံးက ဆိုင်ရာဆိုင်ရာမှာ သင်တန်းကျောင်းတွေနဲ့ ပေးနေတာရှိသလို ကိုယ့်ရဲ့လုပ်ငန်းတွေမှာလည်း တစ်ပိုင်တစ်နိုင် သင်တန်းတွေပေးနေတာရှိပါတယ်။ ဒါက ကျွမ်းကျင်မှုကို မွေးထုတ်ပေးနေတဲ့အပိုင်းမှာ မွေးထုတ်နေသော်လည်းပဲ တကယ်တမ်းလိုအပ်တဲ့ကျွမ်းကျင်မှုကို စက်ရုံ၊ အလုပ်ရုံတွေက ရရှိနေခြင်းဟာ အလွန်နည်းနေပါသေးတယ်။

အလုပ်အကိုင် ဖော်ဆောင်ပေးနိုင်မှုအပိုင်းကို ပြောရမယ်ဆိုရင် နှစ်ပိုင်းရှိပါတယ်။ ပြည်တွင်းလုပ်ငန်းတွေဖန်တီးဖော်ဆောင်ပေးနိုင်တာတစ်ခုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဖန်တီးဖော်ဆောင်ပေးနိုင်တာတစ်ခုရှိပါတယ်။

ဒေါ်ခိုင်ခိုင်နွယ်
(စက်မှုကုန်ထုတ်လုပ်ငန်းအလုပ်ရှင်ကိုယ်စားလှယ်)

မေး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး တိုးတက်လာတဲ့ အခြေအနေအပေါ် မူတည်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေပိုမိုရရှိလာတာရှိရင်လည်း ဆက်စပ်ပြောပြပေးပါခင်ဗျာ။

ဖြေ။ ကျွန်မက ကုန်ထုတ်ကဏ္ဍကိုကိုယ်စားပြုတဲ့အတွက် စက်မှုကဏ္ဍကိုပြောရမယ်ဆိုရင် ကျွန်မတို့မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေရဲ့စာရင်းကို ကြည့်တဲ့အခါမှာ စက်မှုကဏ္ဍမှာလာရောက်ရင်းနှီးမြှုပ်နှံတဲ့ ပမာဏဟာ ဒီနှစ် နိုဝင်ဘာလမှာ ရှစ်ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရပါတယ်။

မနှစ်ကဆိုရင် သုံးရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ ဈေးကွက်ရှယ်ယာတွေများလာတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်လာတယ်လို့ပြောလို့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုဝင်လာရင် လုပ်ငန်းပိုလျှံမှုဖြစ်လာတဲ့အတွက် အလုပ်အကိုင်ဖန်တီးမှုကလည်း သူနဲ့တစ်ပါတည်းပါလာမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ရရှိထားတဲ့ စာရင်းဇယားအရ ၂၀၁၃-၂၀၁၄ မှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုအရ ဆောင်ရွက်တဲ့လုပ်ငန်းများရဲ့ အလုပ်အကိုင်ခံစားမှုမှာ ပြည်တွင်းလုပ်သား ၇၀၀၀ ကျော်ကို ခန့်ထားနိုင်ခဲ့တာကိုတွေ့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ ဆောင်ရွက်တဲ့ လုပ်ငန်းများမှာတော့ ၂၀၁၃-၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ စက်မှုကဏ္ဍမှာအလုပ်ခန့်ထားနိုင်မှု အနေအထားဟာ ပြည်တွင်းအလုပ်သမား ၄၇၀၀၀ ကျော်လောက် ခန့်ထားနိုင်ခဲ့တာကိုတွေ့ရပါတယ်။

နိုင်ငံတစ်ဝန်းမှာ လုပ်ငန်းကဏ္ဍတွေအများကြီးရှိပါတယ်။ စက်မှုကဏ္ဍတစ်ခုတည်းမဟုတ်ပါဘူး။ အခြားကဏ္ဍတွေလည်းအများကြီးရှိတဲ့အတွက် အလုပ်အကိုင်ဖော်ဆောင်မှုတွေ အများကြီးရှိမယ်လို့ ကျွန်မယုံကြည်ပါတယ်။

သို့သော်လည်း အရေးကြီးတာက အလုပ်အကိုင်ဖော်ဆောင်မှုတွေများပြီးတော့ ဒီမှာအလုပ်လုပ်တဲ့ အလုပ်သမားတွေရဲ့ကျွမ်းကျင်မှုကို မြှင့်တင်မပေးနိုင်ဘူးဆိုရင် ကျွန်မတို့သွားချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ အလုပ်သမားတွေရဲ့ဘဝကို ထိရောက်စွာ အကျိုးပြုနိုင်မယ့်လစာတစ်ခုပေးဖို့ဆိုတဲ့အပိုင်းမှာ လုပ်ငန်းရှင်များမှာ နည်းနည်းအဆင်မပြေတာလေးတွေဖြစ်ရတာ ရှိပါလိမ့်မယ်။

ဒါကြောင့် ကျွမ်းကျင်မှုမြှင့်တင်ပေးဖို့အတွက်ကို အာရုံစိုက်ပြီးတော့ လုပ်ဆောင်သွားဖို့လိုတယ်လို့ပြောချင်ပါတယ်။ ကျွန်မကတော့ ကုန်ထုတ်လုပ်ငန်းရဲ့ ကိုယ်စားလှယ်လည်းဖြစ်တယ်။ နောက်ပြီးတော့ ကျွန်မတို့ လုပ်ငန်းကလည်း အထည်ချုပ်လုပ်ငန်းဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုစက်မှုကဏ္ဍမှာအများဆုံးဝင်လာတာလည်း အထည်ချုပ်လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒီလက်ခံစားစနစ်ကို အခြေပြုတဲ့လုပ်ငန်းမျိုးတွေ အများကြီးတွေ့ရပါတယ်။

၂၀၁၂ ခုနှစ်လောက်မှာ အထည်ချုပ်လုပ်ငန်းကဏ္ဍကြီးတစ်ခုလုံးမှာ လုပ်သားခန့်ထားနိုင်မှုဟာ ၈၀၀၀၀ လောက်ပဲရှိခဲ့ပါတယ်။ စက်ရုံဆိုရင်လည်း ထိထိရောက်ရောက်လုပ်နေတဲ့ စက်ရုံပေါင်း ၁၀၀ သာသာလောက်ပဲ ရှိပါတယ်။ ၂၀၁၃ အကုန်လောက်မှာတော့ စာရင်းဇယားကိုပြန်ကြည့်တဲ့အခါ လုပ်သားအင်အား တစ်သိန်းခွဲအထိ ခန့်ထားနိုင်တာကိုတွေ့ရပါတယ်။ ပြီးတော့ စက်ရုံပေါင်းကလည်း ၂၀၀ ကျော်အထိ တိုးမြှင့်လာတာကို တွေ့ရပါတယ်။

စက်မှုကဏ္ဍမှာ လုပ်ငန်းများဖော်ဆောင်ပေးနိုင်မှုမှာလည်း အပေါင်းလက္ခဏာတွေ မြင်လာသလို အလုပ်သမားများအလုပ်ရရှိမှုနဲ့ အလုပ်ခန့်ထားနိုင်မှုမှာလည်း အပေါင်းလက္ခဏာတွေ တွေ့ရပါတယ်။ အပေါင်းလက္ခဏာတွေတွေ့လို့ ရပ်နေပြီလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ ဒီထက်ကိုပိုပြီးတော့ လုပ်နိုင်တဲ့အခြေအနေတွေလည်းအများကြီးရှိပါတယ်။ ကူညီပံ့ပိုးမှုတွေလည်းအများကြီးရှိပါတယ်။ ဒါကို ရှေ့ဆက်ပြီးတော့ တိုးတက်အောင်ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ။

အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်း ပြန်လည်သုံးသပ်စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၇

အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်း ပြန်လည်သုံးသပ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နို့တိုက်ကျွေးရေးစီမံကိန်းကို နိုင်ငံတကာတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပါကြောင်း၊ နွားနို့တွင် Nutrient Value များစွာ ပါဝင်ပြီး ကလေးသူငယ်များအတွက် အထူးလိုအပ်ပါကြောင်း၊ နွားနို့ နေ့စဉ် ပုံမှန်သောက်သုံးသွားခြင်းဖြင့် ကျန်းမာသန်စွမ်းပြီး အရပ်ရှည်ရုံသာမက ဉာဏ်ရည်ဉာဏ်သွေးများပါ ထက်မြက်လာစေပါကြောင်း၊ ထို့အပြင် နွားနို့ပုံမှန်သောက်သုံးနိုင်ရေးနှင့် နွားနို့ပေါများစွာ ရရှိနိုင်ရေးတို့အတွက် နို့စားနွားမွေးမြူရေးလုပ်ငန်းများလည်း တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြီးခဲ့သည့် နို့တိုက်ကျွေးရေးစီမံကိန်းကို ပြန်လည်သုံးသပ်ပြီး ရှေ့လာမည့်နှစ်များတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုက်ကျွေးနိုင်ရေး ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်းဦးဆောင်ကော်မတီအတွင်းရေးမှူး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများက နို့များမြန်မာနိုင်ငံအတွင်းထုတ်လုပ်နိုင်ရေးနှင့် လာမည့်ပညာသင်နှစ်အတွင်း UHT Milk များ ထုတ်လုပ်တိုက်ကျွေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဝန်ကြီးများက နို့တိုက်ကျွေးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး စတင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

(၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ရလဒ်များနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲဆောင်ရွက်ရန် ရှိသည်များကို ဆောင်ရွက်သွားရန်၊ ၂၀၁၄ ခုနှစ်အတွက် ဦးစားပေးညှိနှိုင်းဆောင်ရွက်သွားရမည့် အာဆီယံ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း တည်ထောင်မှု မျှော်မှန်းချက်ဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန် ကြေညာချက်နှင့်အညီ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် လုပ်ငန်းဆိုင်ရာ တိုးတက်မှုစသည်တို့ကို အဓိကထားဆွေးနွေးမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်၌ စတင်ကျင်းပသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား နန်းမြင့်မျှော်စင်အဝင်မုခ်ဦး၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယခုအချိန်အခါသည် အာဆီယံအတွက် တစ်ဆစ်ချိုး အလှည့်အပြောင်းကာလဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်နှစ်က ဘရူနိုင်းနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ပြီး အာဆီယံအသိုက်အဝန်း၏ အနာဂတ်လုပ်ငန်းစဉ်များကို ဖော်ဆောင်ခဲ့ပါကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် ကျန်ရှိနေသည့်လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် ဆက်လက်ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ စုပေါင်းအင်အားနှင့် တစ်ဦးချင်းစီ၏ အင်အားများဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ဖော်ဆောင်သွားနိုင်မည် ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးမှာ အာဆီယံ၏ အစဉ်အလာကောင်းများနှင့်အညီ ကျင်းပခြင်းဖြစ်ပြီး အာဆီယံ၏ အရေးပါသော ကိစ္စရပ်များတွင် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်မည်ဟု မိမိယုံကြည်ကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် မိမိတို့အနေဖြင့် အာဆီယံ၏ မဟာဗျူဟာပြဿနာများကို လေ့လာသုံးသပ်နိုင်ခြင်း၊ ၂၀၁၄ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ လတ်တလော ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ပြဿနာများကို ပြန်လည်သုံးသပ်နိုင်ခြင်းနှင့် (၂၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး နောက်ဆက်တွဲ ရလဒ်များကို ပြန်လည်ချင့်ချိန်နိုင်မည် ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့် ဘရူနိုင်းနိုင်ငံ၏ စွမ်းဆောင်မှုများအပေါ် မိမိဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော်တို့၏ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် အာဆီယံရည်မှန်းချက်များကို ကမ္ဘာ့အသိုင်းအဝိုင်းတွင် ပိုမိုမြှင့်တင်ဖော်ဆောင်နိုင်ပါကြောင်း၊ အဆိုပါ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး အာဆီယံ၏ အောင်မြင်မှုများ ဆက်လက်တိုးပွားလာအောင် မိမိတို့ အကောင်းဆုံးကြိုးစားဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ်အလွန် အာဆီယံ မျှော်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရာတွင် ဘရူနိုင်းနိုင်ငံ စတင်ခဲ့သည့် ပဏာမလုပ်ဆောင်ချက်များအပေါ် မိမိကျေနပ်အားရပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါလုပ်ငန်းစဉ်များ ဖြစ်နိုင်သမျှအမြန်ဆုံး ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အလုပ်တာဝန်များ ခွဲဝေသတ်မှတ်သွားရန်လည်း အလွန် အရေးကြီးပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး အထူးသဖြင့် လာမည့်နှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံက အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ၂၀၁၅ ခုနှစ်အလွန် အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက်များကို ဦးစားပေးချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၂ ရာစုတွင် အာဆီယံနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကဏ္ဍတိုးမြှင့်ရန် အဖွဲ့ဝင်နိုင်ငံများကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရန်၊ ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန်၊ သက်ကြီးရွယ်အို တိုးမြင့်လာမှုကို ရင်ဆိုင်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များနှင့် ပြဿနာအခက်အခဲများကို ရင်ဆိုင်နိုင်ရေး ခံနိုင်ရည်တိုးမြှင့်ရန်နှင့် မိတ်ဖက်နိုင်ငံများနှင့်ဆက်ဆံရေးတိုးမြှင့်ရာတွင် ဟန်ချက်ညီညီ တိုးမြှင့်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံ ကွန်ရက်ပင်မစီမံကိန်း အောင်မြင်ရေးအတွက် မိမိတို့ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံတို့ကြားတွင် ပထဝီအနေအထားအရ နယ်နိမိတ်ဆက်စပ်နေမှုကို အသုံးချ၍ မိမိတို့၏ ကြိုးစားအားထုတ်မှုများကို နှစ်ဆတိုးမြှင့်ရမည်ဖြစ်ပါကြောင်းဖြင့် ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆောင်ရွက်ပြီး ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. R.H. Prince Mohamed Bolkiah၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. POU Sothirak၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.R.M.Dr. Marty M. NATALEGAWA၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Thongloun Sisolith၊ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dato Seri Anifah Hj. Aman၊ ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Albert F.Del. Rosario၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.K. Shanmugam၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ကိုယ်စား H.E.Sihasak Phuangketkeow၊ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Pham Vinh Minh နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Leluong Minh တို့ တက်ရောက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယနေ့ ပုဂံတွင် ကျင်းပသော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။

ယခုအစည်းအဝေးသည် Moving forward in Unity to a Peaceful and Prosperous Community ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ၂၀၁၄ ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများအနက် ပထမဆုံး အစည်းအဝေးဖြစ်သည်။

အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများသည် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံ၏ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သော ၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်းအတွက် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက အာဆီယံ ဘုံအကျိုးစီးပွားနှင့် ဆက်စပ်နေသော ကိစ္စရပ်များကို ဖြေရှင်းရာ၌ အာဆီယံ၏ ကြားနေရေးမူဝါဒကို ကိုင်စွဲရန် အရေးကြီးကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ထို့ပြင် တောင်တရုတ်ပင်လယ်ပြင်တွင် မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော အခြေအနေများအပေါ် စိုးရိမ်မကင်း ဖြစ်ကြောင်းပြောကြားခဲ့ပြီး အဆိုပါအခြေအနေများကို သက်ဆိုင်ရာ နိုင်ငံများအနေဖြင့် နိုင်ငံတကာ၏ ဥပဒေစံနှုန်းများနှင့်အညီ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းကြရန်၊ အပြန်အလှန် ယုံကြည်မှုရှိသော ပတ်ဝန်းကျင်တစ်ခုတည်ဆောက်နိုင်ရန်အတွက် တောင်တရုတ်ပင်လယ်ပြင်နိုင်ငံများ၏ ကျင့်ဝတ်ကြေညာစာတမ်း (Decoration on the Conduct of Parties in the South China Sea-DOC) နှင့်အညီ စာတမ်းပါ နိုင်ငံများအနေဖြင့် ပြည့်ပြည့်ဝဝ ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်လိုကြောင်း နိုင်ငံခြားရေးဝန်ကြီးများက တိုက်တွန်းခဲ့ကြသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးများက တောင်တရုတ်ပင်လယ်ပြင်ဆိုင်ရာ ကျင့်ဝတ် (the Code of Conduct in the South China Sea-CoC) ကိုအမြန်ဆုံးအပြီးသတ်ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အလေးထားပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အစည်းအဝေးရလဒ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ – မလေးရှားနှစ်နိုင်ငံအကြား သဘောတူစာချုပ်ချုပ်ဆို

နေပြည်တော် ဇန်နဝါရီ ၁၇

ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် ဆက်စပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မလေးရှားနိုင်ငံအစိုးရတို့အကြား စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် တည်ထောင်မှု သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၇ ရက်က ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

လက်မှတ်ရေးထိုး

အဆိုပါ သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒါတိုဆရီအာနီဖန်အာမန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)** လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အထောက်အကူပြုရန်ရည်ရွယ်

မြန်မာ-မလေးရှားစီးပွားရေး၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် တည်ထောင်မှုသဘောတူစာချုပ်ကို နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုအခြေခံ၍ နှစ်နိုင်ငံအကြား စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် ညှိနှိုင်းဆွေးနွေးမှုများ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၁၇

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့၌ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးတို့က ယနေ့ ည ၇ နာရီတွင် သီရိပစ္စယာဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး လိုက်ပါလျက် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ဇနီးများသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သာသနိကအဆောက်အအုံများ၊ ဘုရားပုထိုးများ၊ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်နှင့် ဦးဘငြိမ်း ယွန်းထည်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဇနီး ဒေါ်လင်းလင်းတင်က သီရိပစ္စယာဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားတစ်ဦးချင်း Compound ဗိုလ်လုပွဲတွင် မြန်မာမှမင်းထွန်းအောင် ငွေတံဆိပ်နှင့်သာကျေနပ်ခဲ့ရ

နေပြည်တော် ဇန်နဝါရီ ၁၇

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ မြားပစ်ဗိုလ်လုပွဲများကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ကျင်းပရာ အမျိုးသားတစ်ဦးချင်း Compound တွင်မြန်မာနိုင်ငံမှမင်းထွန်းအောင်က ငွေတံဆိပ်တစ်ခုဆွတ်ခူးရရှိခဲ့သည်။

အမျိုးသား တစ်ဦးချင်း Compound ဆီမီးဖိုင်နယ်ပွဲတွင် မြန်မာမှ မင်းထွန်းအောင်နှင့်မလေးရှားမှ ယူဟိုင်ဇန်တို့ယှဉ်ပြိုင်ရာ ၃၆ ချောင်းအပြီးတွင် ၁၂၉ မှတ်စီတူနေသဖြင့် တစ်ချောင်းထပ်ပစ်ရာ မင်းထွန်းအောင်က ကိုးမှတ်ရယူပြီး ယူဟိုင်ဇန်က ခုနစ်မှတ်သာရသဖြင့် မင်းထွန်းအောင် ဗိုလ်လုပွဲတက်ခဲ့ပြီး မြန်မာမှချစ်အောင်နှင့် မလေးရှားမှမိုဟာမက်ဇာဖီတို့ယှဉ်ပြိုင်ရာ ၃၆ ချောင်းအပြီးတွင် မလေးရှားမှမိုဟာမက်ဇာဖီက ၁၃၇၊ ၁၃၂ မှတ်ဖြင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲတွင် မိုဟာမက်ဇာဖီနှင့် မင်းထွန်းအောင်တို့ယှဉ်ပြိုင်ကြရာ မိုဟာမက်ဇာဖီက ၁၃၃၊ ၁၁၇ မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။ မြန်မာမှ မင်းထွန်းအောင်နှင့် ချစ်အောင်မှာ ယခုပြိုင်ပွဲမှ ဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်းဖြစ်ပြီး ပထမဆုံး ပြိုင်ပွဲမှာပင် ဆီမီးဖိုင်နယ်နှင့်ဖိုင်နယ်သို့တက်ရောက်ခဲ့ကြသည်။ မင်းထွန်းအောင်မှာ ဗိုလ်လုပွဲတွင် အတွေ့အကြုံအားနည်းမှုကြောင့် အမှတ်ပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ချစ်အောင်မှာလည်း ယူဟိုင်ဇန်ကိုရှုံးနိမ့်ကာ ကြေးတံဆိပ်နှင့်လွဲခဲ့ရသည်။ ယနေ့ကျင်းပသည့် ဗိုလ်လုပွဲ ငါးပွဲတွင် မြန်မာနိုင်ငံမှတစ်ပွဲသာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

Recurve အမျိုးသားအသင်းလိုက်ပြိုင်ပွဲနှင့် Compound က အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့်ဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ခုနစ်ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲ အိမ်ရှင်မြန်မာရွှေဆုရရန် စင်ကာပူကို အနိုင်ကစားရန်လို

နေပြည်တော် ဇန်နဝါရီ ၁၇

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ခုနစ်ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲ ပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ဝင်း လေ့ကျင့်ရေးကွင်း(၃)၌ ဆက်လက်ကျင်းပရာ မြန်မာက ထိုင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ခုနစ်ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားတို့ပါဝင်ယှဉ်ပြိုင်ကြပြီး ပတ်လည်စနစ်ဖြင့် အမှတ်အများဆုံး အသင်းက ဗိုလ်စွဲမည်ဖြစ်သည်။ မြန်မာအသင်းမှာ မလေးရှားကို လေးဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ ထိုင်းကို သုံးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိထားပြီး အုပ်စုနောက်ဆုံးပွဲစဉ် စင်ကာပူကို အနိုင်ရပါက ရွှေတံဆိပ်ဆွတ်ခူးရရှိမည်ဖြစ်သည်။ စင်ကာပူအသင်းက ထိုင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မလေးရှားကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိထားသည်။ ထိုင်းနှင့် မလေးရှားတို့မှာ နှစ်ပွဲစလုံးစီ ရှုံးနိမ့်ထားပြီး အနိုင်ရရှိသည့် အသင်းမှာကြေးတံဆိပ်ဆွတ်ခူးရရှိမည်ဖြစ်သည်။

အုပ်စု နောက်ဆုံးပွဲစဉ်များကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေရေးအဖွဲ့ဝင်များအား အလှူငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၇

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည်ယနေ့ညနေ ၅ နာရီတွင် အမှတ် (၇) လေ့ကျင့်ရေးစခန်း (ရွာတော်) တွင် လေ့ကျင့်လျက်ရှိသော ဖျော်ဖြေရေးအဖွဲ့ဝင်များအား အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

လှူဒါန်းပွဲတွင် အလှူရှင်များဖြစ်သော သီရိသုဓမ္မသိင်္ဂါ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂါ ဆရာမကြီး ဒေါ်အေးအေးခန့်၊သားကိုအောင်နိုင်ဦး၊ ကိုမင်းမင်း၊ သမီး မအေးမြခိုင် Top Top Gems မိသားစုက အလှူငွေကျပ် သိန်း ၁၁၀ နှင့် တပ်မတော်ကြည်း၊ ရေ၊ လေ မိသားစုမှ ကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဖျော်ဖြေရေး အစီအစဉ်များတွင် ပါဝင်သော လေ့ကျင့်ရေးအဖွဲ့ဝင်များက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပိတ်ပွဲအခမ်းအနားအတွက် လေ့ကျင့်နေမှုများကို ကြည့်ရှုကာအားပေးစကားပြောကြားသည်။

အမှတ် (၇) လေ့ကျင့်ရေးစခန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ကျောင်းသားကျောင်းသူများ၊ မသန်စွမ်းအနုပညာရှင်များ စုစုပေါင်း အင်အား ၄၀၀၀ ခန့် လေ့ကျင့်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဦးခေါင်းနှစ်လုံးပါ ဆိတ်တစ်ကောင်မွေးဖွား

ကော့သောင်း ဇန်နဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီးကော့သောင်းခရိုင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ ဇန်နဝါရီ ၁၅ ရက်တွင် ဆိတ်မကြီးတစ်ကောင်မှ ဦးခေါင်းနှစ်လုံးပါ ဆိတ်ကလေးတစ်ကောင် မွေးဖွားခဲ့သည်။ **(အောက်ဝဲပုံ)**

အဆိုပါ ဆိတ်ကလေးသည် သန်းဖြိုးသူလှုပ်စစ်ဓာတ်အားပေးစက်ရုံအနီးနေထိုင်သည့် ဦးမြင့်စိုးဦး၏ နေအိမ်တွင် မွေးမြူထားသည့် မိဖြူ(ခေါ်)မိခင်ဆိတ်မကြီးမှ မွေးဖွားခြင်းဖြစ်သည်။ ဆိတ်ကလေး၏ ဦးခေါင်းနှစ်လုံးတွင် ပုံမှန်နားရွက်အကြီးနှစ်ခုနှင့် အရွယ်သိမ်နားရွက်ငယ်နှစ်ခုပါရှိပြီး မျက်စိလေးလုံး၊ ပါးစပ်နှစ်ပေါက်ပါရှိကာ ကျန်ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် ပုံမှန်အနေအထားအတိုင်း ထူးဆန်းစွာမွေးဖွားခဲ့ခြင်းဖြစ်သည်။

မိခင်ဆိတ်မကြီးနှင့်ဆိတ်ကလေးမှာကျန်းမာလျက်ရှိပြီး ထိုဆိတ်ကလေးအား လာရောက်ကြည့်ရှုလေ့လာကြသည့် မြို့နေပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ **(ကြေးမုံ)**

အရန်သားဖွားသင်တန်းဖွင့်

စဉ့်ကူး ဇန်နဝါရီ ၁၇

မိခင်နှင့်ကလေး သေဆုံးနှုန်းကျဆင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွား သင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးလွင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီနှင့် အဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။ **ဇော်ထိုက်(ပြင်ဦးလွင်)**

ကားသစ်ငှားရန်ရှိသည်
Hijet 660 CC၊ အမိုးကိုင်း
ထိုင်ခုံပါ စပေါ် ၂ သိန်း
တစ်လ ၂ သိန်းခွဲ
ဖုန်း-၀၉ ၅၁၉၉၀၇၆၊ ၀၉ ၇၃၃၃၁၁၁၁၊
၀၉ ၄၃၁၃၀၁၇၀

ပျောက်ဆုံး
၈-၁-၂၀၁၄ ရက် ၁၂နာရီခွဲမှ ၂နာရီအတွင်း ဖိုးပြုံးချိစာရေးကိရိယာဆိုင်မှ သိမ်ဖြူလမ်းရှမ်းက လီပါဆိုက်ထဲသို့ (Probox) အဖြူရောင် (Taxi)ပေါ်သို့ Dell (545QPG) အမျိုးအစားလက်တော့နှင့် မှတ်စုစာအုပ်များ ပါရှိသွားပါသည်။ တွေ့ရှိပါက ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၀၄၅၇၉၀၊ ၀၉-၄၂၅၂၆၉၄၇၁
ရုံးဖုန်း-၀၁-၃၉၂၈၈၃

ရခိုင်ပြည်နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် ပြည်နယ်သာသနာ့နုဂ္ဂဟအသင်းသို့ အလှူငွေများပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၇

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ရခိုင်ပြည်နယ် စစ်တွေမြို့နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အလှူရှင် ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်း ကျောင်းအုပ်နှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် စစ်တွေမြို့ မဏိရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာမဏ္ဍိတ ဘဒ္ဒန္တသောမထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်ဦးလှမောင်တင်က ကျေးဇူးတင်စကားပြောကြားပြီး ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်းနှင့် သာသနာ့နုဂ္ဂဟအသင်းဖွဲ့စည်းရခြင်းတို့ကို လျှောက်ထားသည်။

ထို့နောက် ဒေါက်တာအေးမောင်က အသစ်ပြန်လည်ဖွဲ့စည်းသည့် အသင်းအမှုဆောင် ကော်မတီစာရင်းကို အတည်ပြုချက်ရယူပြီး ဆရာတော်များထံမှ ဩဝါဒခံယူကြသည်။ ဆက်လက်၍ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အလှူငွေ ကျပ်သိန်း ၃၀၀ ကို ပြည်နယ် သာသနာ့နုဂ္ဂဟအသင်းအတွက် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က လက်ခံရယူပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

(ကြေးမုံ)

မန်းမြန်မာ ကွန်ဒိုမီနီယမ်ဖွင့်

မန္တလေး ဇန်နဝါရီ ၁၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန်းမြန်မာဆောက်လုပ်ရေးတို့အကျိုးတူ ပူးပေါင်းဆောက်လုပ်ခဲ့သော မန်းမြန်မာပလာဇာ ခြောက်ထပ်နှင့် ၂၅ ထပ်ကွန်ဒိုမီနီယမ်ကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ လွှတ်တော်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်းနှင့် ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

မန်းမြန်မာပလာဇာနှင့် ကွန်ဒိုသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄) လမ်းနှင့် (၈၅) လမ်းကြား၊ (၂၇) လမ်းနှင့် (၂၈)လမ်းကြားတွင် တည်ရှိပြီး ပေ ၄၅၀ × ပေ ၃၅၀ ရှိ ခြောက်ထပ် မန်းမြန်မာပလာဇာပေါ်တွင် ၂၀၀၀ စတုရန်းပေစီရှိသော ၂၅ ထပ် ကွန်ဒိုမီနီယမ်တာဝါ A နှင့် B တို့ကို တည်ဆောက်ထားခြင်း ဖြစ်သည်။

တာဝါတစ်ခုစီတွင် အခန်းပေါင်း ၇၂ ခန်းစီနှင့် အခန်းပေါင်း ၁၄၄ ခန်း ပါရှိကြောင်း သိရသည်။ မန်းမြန်မာပလာဇာ ခြောက်ထပ်ခေါင်မိုးအထိ မော်တော်ယာဉ်များ တက်၊ ဆင်းရန်လမ်းများပါဝင်ပြီး ကားအစီး ၃၀၀ ရပ်နားနိုင်သော ကားပါကင်ပါရှိကြောင်း သိရသည်။ တာဝါသည် အမြင့်ပေ ၃၀၀ ရှိပြီး ဓာတ်လှေကားရှစ်စင်းပါဝင်ပြီး လုံခြုံရေးစနစ်များ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်များ၊ Wi-fi Internet စနစ်များတပ်ဆင်ပေးထားပြီး တည်ဆောက်စဉ်က ဘိုးပိုင်စနစ်ဖြင့် ဖောင်ဒေးရှင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီး အဆောက်အအုံများအနက် အမြင့်ဆုံးအဆောက်အအုံဖြစ်ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

နည်းပညာသတင်း ALEZ

ခရီးသည် ၇၇၅ ဦး တင်ဆောင်ပျံသန်းမည့် Sky Whale

ကမ္ဘာကျော်ပင်လယ်ကူးသင်္ဘောကြီး Titanic အား အခြေခံစိတ်ကူးကာ ယနေ့ခေတ်ဝေဟင်ယံတွင် ခရီးသည် ၇၇၅ ယောက်တင်ဆောင်ပျံသန်းနိုင်မည့် Sky Whale အမည်ရ ခရီးသွားလေယာဉ်တစ်စင်းကို တည်ဆောက်ရန်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ပြန်ကြားရေးမီဒီယာများတွင် တွေ့ရသည်။ အဆိုပါလေယာဉ်ကို ဒီဇိုင်းပညာရှင် Oscar Vinals က ဒီဇိုင်းဖန်တီးထားခြင်း ဖြစ်သည်ဟု သိရသည်။ ယင်းလေယာဉ်ကို ဝေလငါးတစ်ကောင်၏ ကိုယ်ထည်ပုံစံမျိုး တည်ဆောက်သွားမည်ဖြစ်သည်။ လေယာဉ်၏ အတောင်ပံနှစ်ဖက်ပေါင်းအရှည်မှာ ၈၈ မီတာရှိမည်ဖြစ်ပြီး ကိုယ်ထည်အရှည် ၇၇ မီတာ ရှိမည်ဖြစ်သည်ဟု သိရသည်။ လေယာဉ်တွင် ပထမတန်းစား၊ ခရီးသွားတန်းစားနှင့် စီးပွားရေးတန်းစားဟူ၍ သုံးလွှာပါရှိမည်ဖြစ်ပြီး အပန်းဖြေဖျော်ဖြေရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း ပါဝင်မည်ဟုသိရသည်။

အဆိုပါ လေယာဉ်၏ထူးခြားချက်မှာ အတောင်နှစ်ဖက်တွင် တပ်ဆင်ထားသော အင်ဂျင်ကို ၄၅ ဒီဂရီ လှည့်လည်ရွေ့လျားနိုင်မည်ဟု သိရသည်။ လေယာဉ်ကိုယ်ထည်တွင် ယခင်ခရီးသွား လေယာဉ်များကဲ့သို့ ပြတင်းပေါက်များ ပါဝင်ပြီး ဆင်းသက်ရန် တံခါးပေါက်မှာ ယခင်လေယာဉ်များကဲ့သို့ မဟုတ်ဘဲ ထည့်သွင်း တည်ဆောက်မည်ဖြစ်သော အလွှာသုံးလွှာမှ ခရီးသည်များအတွက် ဆင်းသက်ရန် တံခါးပေါက်ငါးပေါက် ပါဝင်မည်ဟု သိရသည်။■

သင်္ဘောသားအကျိုးစီးပွားကိုဖော်ဆောင်ပြီး နစ်နာချက်များကိုကာကွယ်ပေးမည့် CBA လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်နှင့် နိုင်ငံခြားသင်္ဘောကုမ္ပဏီများ ပထမအကြိမ်နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနဟိုတယ် MSF-MTC အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

လက်မှတ် ရေးထိုးရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်လှိုင်က "ကျွန်တော်တို့ MSF နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံခြားသင်္ဘောကုမ္ပဏီတွေနဲ့ CBA (Collection Borgaining Agreement)ကို လက်မှတ်ရေးထိုးတာပါ။ ပထမဆုံးအကြိမ် ပြုလုပ်တာဖြစ်ပါတယ်။ မြန်မာသင်္ဘောသားအဖွဲ့အစည်းတွေတင်မကဘူး၊ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမားအဖွဲ့အစည်းအသီးသီးတို့က နောင်မှာချုပ်ဆိုရမယ့် စာချုပ်လည်းဖြစ်ပါတယ်။ CBA ရေးထိုးခြင်းဖြင့် အလုပ်ရှင်နဲ့အလုပ်သမား ပြဿနာများကို ပြေလည်စွာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ CBA ဆိုတာ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းနဲ့ သင်္ဘောကုမ္ပဏီပိုင်ရှင်များ နှစ်ဦးနှစ်ဖက်ချုပ်ဆိုရတဲ့ စာချုပ်ဖြစ်ပါတယ်။ ချုပ်ဆိုထားတဲ့စာချုပ်ကို မြန်မာနိုင်ငံ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ထားပါတယ်" ဟု ပြောသည်။

အပြည်ပြည်ဆိုင်ရာသင်္ဘောတွေမှာ တာဝန်ထမ်းဆောင်တဲ့ သင်္ဘောသားနဲ့ သင်္ဘောပိုင်ရှင်ကြား မဖြစ်မနေရှိရမည့် သဘောတူညီချက်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၆ ရက်က ရေးထိုးသည့် CBA က မြန်မာနိုင်ငံသင်္ဘောသားများကို ကိုယ်စားပြုသည့်အဖွဲ့အစည်း၊ ရေကြောင်းဦးစီးဌာန၊ သင်္ဘောပိုင်ရှင်များ ညှိနှိုင်းထားသည့် လက်မှတ်ရေးထိုးပွဲဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)နှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသင်္ဘောကုမ္ပဏီများဖြစ်သည့် Lizstar Co.,Ltd. Myanma Five Star Line နှင့် Trade Wind Co.,တို့ CBA သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

(သီသီမင်း)






အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေမှ ခွင့်ပြုချက်ရရှိခဲ့သော ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး တိုးချဲ့အဆောက်အအုံဆောက်လုပ်ရေးအတွက် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

၂။ အဆောက်အအုံပုံစံနှင့် တင်ဒါစည်းကမ်းများအား ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးတွင် ၁၆-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပြီး ၁၅-၂-၂၀၁၄ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့်
ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီ
ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ်(B.3)510A (ခြောက်လွှာ)ဘယ်ဘက်ခေါ်တွင်သော တိုက်ခန်းကို တရားဝင်ပိုင်ရှင်ဖြစ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ကလျာမင်း [၈/ရနခ(နိုင်) ၀၇၆၉၂၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ခိုင်လုံသောစာချုပ်မူရင်းအထောက်အထားများနှင့် ဤကြော်ငြာပါသည့် နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးယုမင်းဆွေ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၆၄၁၁)
အမှတ်(၁၃၀)၊ အောင်မင်္ဂလာ(၃)လမ်း၊ (၄)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

တရားလွှတ်တော်ရှေ့နေ ဒေါ်ကေရီကျော် (LL.B)၊ အထက်တန်းရှေ့နေ ဒေါ်သန္တာ(LL.B)၊ အထက်တန်းရှေ့နေ ဒေါ်သန္တာအေး(LL.B)တို့၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အပေါ် ကန့်ကွက်ကြောင်းပြန်လည်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်ရှိ ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ် (၃၉၊ ၄၀)ဧရိယာ ၃ ဒသမ ၄ဧက၊ ဦးမြကြိုင်[၁၂/အစန(နိုင်)၀၇၁၄၀၅]၊ ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ် (၄၈၊၅၀၊၅၁၊၅၂၊၅၉)၊ ဧရိယာ ၂၁ ဒသမ ၂၉ဧက၊ ဦးကျော်မြင့်[၁၂/ရပသ(နိုင်) ၀၁၅၆၁၆]၊ ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ်(၅၃၊၅၄)၊ ဧရိယာ ၁၃ ဒသမ ၄ ဧက၊ ဦးမြခိုင်[၁၂/အစန(နိုင်)၀၇၂၄၇၄]၊ ကွင်းအမှတ်၄၀၄/A၊ ဦးပိုင်အမှတ်(၅၅၊၅၇) ဧရိယာ ၇ ဧက၊ ဦးကျော်ဝင်း[၁၂/အစန(နိုင်)၁၁၂၁၂၆]နှင့် ကွင်းအမှတ် ၄၀၄/ A၊ ဦးပိုင်အမှတ်(၆၀)ဧရိယာ ၅ ဒသမ ၂၄ ဧက၊ ဒေါ်အုံးပိုင်[၁၂/အစန(နိုင်)၁၁၅၉၉၇]တို့ ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြသည်ဟု အဆိုပြုကြသည်မှာ မှန်ကန်မှုမရှိပါ။ ယင်းမြေများမှာ စက်မှုဝန်ကြီးဌာနပိုင်မြေများဖြစ်ပြီး ၎င်းတို့အား ငှားရမ်းခဖြင့် မွေးမြူရေးနှင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးထားသောမြေများသာဖြစ်၍ ၎င်းတို့မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း ပြုလုပ်ရန် အခွင့်အရေးမရှိသောကြောင့် ၁၂-၁-၂၀၁၄ရက်စွဲပါ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ကို ဤကြေညာချက်ဖြင့် ပြန်လည်ကန့်ကွက်အပ်ပါသည်။ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ဆက်လက်ပြုလုပ်ပါက စက်မှုဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အုတ်ထုတ်လုပ်ရေးဌာန၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် **(LL.B)(DBL)**၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၃၁၄၈၃၂၃
တိုက်-၉/၁၁၊ အခန်း(၀၀၅) **B** မြေညီထပ်၊ အမှတ်(၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇေယျာဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ် M-718391 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၀၀၂၀၃၀၃

ပျောက်ဆုံး

ကျွန်တော် ဦးအောင်ခင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/မမန(နိုင်) ၀၀၄၀၀၉]၏ ပတ်စပို့နံပါတ်အမှတ်-၀၈၈၄၈ တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉ ၃၆၀၉၇၀၂၁

နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E .Mr. Andrew Patrick သည် ယနေ့ညနေ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ခေတ္တပြည်ထောင်စုဝန်ကြီးက ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးနှင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်များ၊ British Council နှင့် ပညာရေးဝန်ကြီးဌာနတို့ အကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကိုလည်းကောင်း၊ သံအမတ်ကြီးက ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်တွင် ဗြိတိန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမသို့ လာရောက်ပြီး မိန့်ခွန်းပြောကြားရေး ကိစ္စတို့ကိုလည်းကောင်း ပြောကြားပြီး နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကိုလည်း ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် ရန်ကုန်မဟာကုန်စည်ပြပွဲ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၇

ပြောင်းလဲသွားသော ဈေးကွက်စီးပွားရေးစနစ်အရ အဆင့်မြင့်ထုတ်ကုန်ပစ္စည်း ဝန်ဆောင်မှုများ ပြည်သူလူထုများမှ တိုက်ရိုက်သိရှိနိုင်ပြီး ဈေးကွက်သစ်များပေါ်ထွန်းရေးနှင့် ဈေးကွက်နှင့် သုံးစွဲသူများအတွင်း ကျယ်ပြန့်စွာ ထိုးဖောက်နိုင်စေရေး ရည်ရွယ်ကာ ဒုတိယအကြိမ် ရန်ကုန်မဟာကုန်စည်ပြပွဲ ၂၀၁၄ (The 2nd Yangon Mega Expo 2014) ဖွင့်ပွဲကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ကူညီမှုနှင့် Dagon Exhibition Limited မှ စုစည်းစီစဉ်မှုဖြင့် ဇန်နဝါရီ ၁၇ ရက်နံနက် ၈ နာရီ ၁၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC(Myanmar Convention Center) တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။**(အပေါ်ပုံ)**

အဆိုပါပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံစာပေထုတ်လုပ်သူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်း၊ Tan Chong Motor မှ Director Mr.Dato Cheah Sam Kip, Jobox Construction Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်လွင်နှင့် Dagon Exhibition Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါပြပွဲတွင် အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်း အလှဆင်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အသေးစား စက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ ကြမ်းခင်းပစ္စည်းအမျိုးမျိုး၊ ခေတ်မီပရိဘောဂ ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊ စာအုပ်စာပေ အမျိုးမျိုးတို့ကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် တွဲဖက်ကာ ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။ **(ကြေးမုံ)**

ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာများ ရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၁၇

သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်းဖြင့် အိမ်ထောင်စုတစ်စုလျှင် သန်းခေါင်စာရင်းမေးခွန်း (၄၁)ချက်ကို မေးမြန်းကောက်ယူမည်ဖြစ်ပြီး တပ်မတော်နှင့် ရဲတပ်ဖွဲ့ ကဲ့သို့ အဖွဲ့အစည်းဆိုင်ရာများအား မေးခွန်း (၁၁)ချက် မေးမြန်းကောက်ယူမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများအပေါ် အမေးခံရသူက မှန်မှန်ကန်ကန် ဖြေကြားကြရန် အရေးကြီးပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အပေါ် ပြည်သူများက မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပါကြောင်းဖြင့် ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ တာဝန်ရှိသူများအား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုင်း/တပ်မဌာနချုပ်၊ တပ်ရင်းတပ်ဖွဲ့ တပ်စခန်း လေ့ကျင့်ရေးကျောင်းစသည့် အဖွဲ့အစည်းအဝန်းအဝိုင်းများကို သီးခြားကောက်ကွက်ခွဲ၍ ကောက်ယူမည်ဖြစ်ပါကြောင်း၊ အဆိုပါ အဝန်းအဝိုင်းအတွင်း နေထိုင်သူ တပ်မတော်သားများ၊မိသားစုဝင်များအား သက်ဆိုင်ရာတပ်များမှ စာရင်းစစ်၊စာရင်းကောက်များ ရွေးချယ်ခန့်ထား တာဝန်ယူကောက်ယူပေးရမည်ဖြစ်ပါကြောင်း၊ ယင်းစာရင်းစစ်၊စာရင်းကောက်များအဖြစ် ရွေးချယ်ပေးပို့ထားသူများကို သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များအလိုက် ကောက်ယူရန် စာရင်းစစ်၊စာရင်းကောက်များ အမည်စာရင်းအတည်ပြု ရွေးချယ်ပေးပို့ပါရန်နှင့် သင်တန်းဖွင့်လှစ်သည့်အခါ အချိန်မီ တက်ရောက်နိုင်ရန် စီစစ်ဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ အရာရှိများအနေဖြင့် သန်းခေါင်စာရင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ရောက်ရာအရပ်ဒေသ၌ တပ်မတော်သားများအပြင် ပြည်သူများကိုပါ လက်ဆင့်ကမ်း ချပြရှင်းလင်းပေးစေလိုပါကြောင်း၊ သို့မှသာ လုပ်ငန်းစဉ်များအပေါ် အားလုံးကသိရှိနားလည်ကြပြီး သန်းခေါင်စာရင်းမေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးမှ တပ်မတော်အရာရှိကြီးများ စုစုပေါင်းအင်အား ၃၀၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အလုပ်လျှောက်ထားသူ Master,B.E(Q),M.Com,B.Com ဘွဲ့ရများ အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းများတွင် အလုပ်လျှောက်ထားလာသူ Master,B.E(Q),M.Com,B.Com ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့်ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၁၅-၂-၂၀၁၄ (စနေနေ့)	နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်) အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်) (ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)	နံနက် ၉း၀၀နာရီ မှ ၁၂း၀၀နာရီထိ	
(ဂ)	လူတွေ့စစ်ဆေးခြင်း			ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။

၂။ ဖြေဆိုမည့်သူများသည် ၁၂-၂-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃ နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၇၁၀၇၀၅၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ နှင့် ၀၆၇-၄၀၄၀၁၈ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အထက(၂) လသာ တင်းနစ်ကွင်းလွှဲပြောင်းပွဲ ကျင်းပ

ရန်ကုန်　　ဇန်နဝါရီ　　၁၇

တင်းနစ်အားကစားဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့လက်ရွေးစင်တင်းနစ်အသင်း၌ အခြေခံနိုင်မည့် မြန်မာလူငယ်တင်းနစ်အားကစားသမားများ ထွက်ပေါ်လာစေရန်၊ အထူးသဖြင့် ကျောင်းသူများ တင်းနစ်အားကစားကို ဝါသနာပါပြီး စိတ်ဝင်စားစွာဖြင့် တင်းနစ်အားကစားလောကသို့ ပါဝင်လာစေရန် ရည်ရွယ်လျက် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တင်းနစ်ကွင်းအဟောင်းကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် Max Energy Co. တို့ ပူးပေါင်း၍ ငွေကျပ် ၃၁ သိန်းကျော်အကုန်အကျခံကာ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါတင်းနစ်ကွင်းအား ပြုပြင်ပြီးစီးသွားပြီဖြစ်၍ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)၊ မြန်မာ့လက်ရွေးစင်တင်းနစ်အားကစားသမားဟောင်း ဦးအမ်ဒင်းဂျာနှင့် အမှုဆောင်များ၊ လသာမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအမ်ဒင်းဂျာက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က လှူဒါန်းသော တင်းနစ်ဘောလုံးများကိုလည်းကောင်း၊ Max Energy Co. မှ ဒါရိုက်တာ ဦးကျော်ဇေမြင့်က တင်းနစ်ကစားကွင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ကြသည်။

ထို့နောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးတင်းနစ် အားကစားသမားများက လက်တွေ့သရုပ်ပြကစားကြပြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ကျောင်းပေါင်းစုံတင်းနစ်လူရွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

(ကြေးမုံ)

ကိုယ့်ကျိုးသုံးလို့ ပေးရတာ၊ အဲဒါ “အခ” ပါ
အများအကျိုးသုံးစွဲဖို့၊ “အခွန်” မှန်မှန်ပေးဆောင်စို့

မန်ယူကွင်းလယ်ကစားသမား အန်ဒါဆန် ဖီအိုရင်တီးနားသို့ အငှားသွားကစားရန် ပစ်မှတ်ထားနေ

မန်ယူအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား အန်ဒါဆန်သည် အီတလီစီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားရန် ရှိနေကြောင်းသိရသည်။

မန်ယူကွင်းလယ်ကစားသမား အန်ဒါဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲကစားပေးထားပြီး လက်ရှိတွင် ဖီအိုရင်တီးနားအသင်းသို့ အငှားသွားရောက်ကစားရန် ကျန်းမာရေးဆိုင်ရာဆေးစစ်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်အနေဖြင့် အသင်း၏ကစားသမားအင်အားကို ထပ်မံဖြည့်တင်းရန် ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ယူရို သန်း ၈၀ အသုံးပြုသွားရန် ရှိကြောင်း သိရသည်။

ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူးနေမာ မန်စီးတီးအသင်းနှင့် ပွဲစဉ် လွဲချော်ဖွယ်ရှိ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာသည် ဇန်နဝါရီ ၁၆ ရက် ညပိုင်းက ဂီတာဖေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော စပိန်ဘုရင့်ဖလားပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်လာရန် မသေချာကြောင်း သိရသည်။

ထို့ကြောင့် ဘာစီလိုနာကစားဖော် လီယွန်နယ်မက်ဆီအနေဖြင့် တိုက်စစ်မှူးနေမာ ဒဏ်ရာပြသနာကြုံခဲ့ပြီးနောက် ဘာစီလိုနာအသင်းအတွက် နေမာလိုအပ်ကြောင်း ပြောကြားခဲ့သည်။ တိုက်စစ်မှူးနေမာ ဒဏ်ရာရရှိခဲ့သော ဂီတာဖေးနှင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကိုလည်း မက်ဆီတစ်ဦးတည်းက တစ်ကိုယ်တော် အစွမ်းပြကာ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် မန်စီးတီးအသင်း၏ အိမ်ကွင်း အီတီဟတ်ဒ်သို့ သွားရောက်ကစားရမည်ဖြစ်ပြီး တိုက်စစ်မှူးနေမာ၏ ညာဘက်ခြေချင်းဝတ်ဒဏ်ရာသည် ပြင်းထန်သောအနေအထားတွင် မရှိသော်လည်း မန်စီးတီးနှင့်ပွဲစဉ်တွင် ပါဝင်လာရန် မသေချာကြောင်း ဘာစီလိုနာအသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကမ္ဘာ့ဖလားအကြို ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များအဖြစ် ပီရူး၊ အီကွေဒေါ၊ ဟွန်ဒူးရပ်စ်တို့နှင့် အင်္ဂလန်ခြေစမ်းကစားမည်

ဘရာဇီးနိုင်ငံ၌ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရာ၌ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်္ဂလန်လက်ရွေးစင်အသင်းသည် ပီရူး၊ အီကွေဒေါ၊ ဟွန်ဒူးရပ်စ်စသည့်အသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများ ကစားရန်ရှိနေကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် မေ ၃၀ ရက်တွင် ဝင်ဘလေကွင်းကြီး၌ ပီရူးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းပွဲစဉ်ပြီးဆုံးပါက အီကွေဒေါအသင်း၊ ဟွန်ဒူးရပ်စ်အသင်း စသည့် နှစ်သင်းနှင့် မီယာမီမြို့၏ ဆန်းလိုက်ဖ်အားကစားပြိုင်ကွင်းကြီးတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အင်္ဂလန်အသင်းအနေဖြင့် ဟွန်ဒူးရပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားပြီးပါက မီယာမီမှတစ်ဆင့် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပစဉ်တွင် အင်္ဂလန်အသင်းအခြေစိုက်မြို့အဖြစ် နေထိုင်မည့် ဘရာဇီးနိုင်ငံ၏ မြို့တော်ရီယိုဒီဂျနေးရိုးမြို့သို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပီပါခွံ(၃၇၈၅၄) လုံးအား ၄-၂-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး(စုစည်းခန်းမ)၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၀၆၂

မြို့နယ်သုံးခုမှ ချဲထီ၊ နှစ်လုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူ

တောင်ငူ ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ချဲထီ၊ နှစ်လုံးထီ လောင်းကစားမှုများကို အထူးစီမံချက်ဖြင့်ဖမ်းဆီးနှိမ်နင်းလျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်တွင် အုတ်တွင်း၊ တောင်ငူ၊ ရေတာရှည်မြို့နယ်များမှ လောင်းကစားသူများကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီက အုတ်တွင်းမြို့နယ် ကွဲပွဲနယ်မြေရဲစခန်း၏တောင်ဘက် လေးဖာလုံခန့်အကွာ ကျင်းကြီးရပ်နေ ကိုမိုးသူ အသက် (၄၈)နှစ်နေအိမ်သို့ သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်းအမှတ် ၅/၂၀၁၄ ဖြင့် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ ကိုမိုးသူအား ၎င်း၏နေအိမ်အရှေ့ဘက်အဖီအတွင်း လောင်းကစားပစ္စည်းများနှင့် လောင်းကြေးငွေစက္ကူ ရောရာ ၂၈၁၅၀ ကျပ်နှင့်လည်းကောင်း၊ အလားတူ တောင်ငူမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း၏အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာရှိ ရွှေလေးအင်းကျေးရွာအုပ်စု ကျူဇောင်းရွာ၌ တရားမဝင် နှစ်လုံး၊ သုံးလုံးထီ လောင်းကစားမှုပြုလုပ်နေကြောင်း သတင်းအရ အမှတ်(၃) နယ်မြေရဲစခန်းမှ ရဲအုပ် စိုင်သီဟန်လင်း ဦးဆောင်သည့်အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက်က ဦးဂျော်နီအသက် (၆၃)နှစ်အား စက်ဘီးစီးလာစဉ် တွေ့ရှိတားဆီးရှာဖွေကြရာ အင်္ကျီအိတ်ကပ်အတွင်းမှ နှစ်လုံးထီ လောင်းကစား စာရွက်စာတမ်းနှင့် လောင်းကြေးငွေရောရာ ၂၁၁၅၀ ကျပ်နှင့်လည်းကောင်း၊ အလားတူ ရေတာရှည်မြို့နယ် ရေနီနယ်မြေရဲစခန်း၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာရှိ အေးမြနန္ဒာရပ်ကွက်နေ မအေးနိုင် အသက် (၃၄)နှစ်၏အိမ်တွင် လောင်းကစားပြုလုပ်ကြောင်း သတင်းအရ ရေနီနယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ကျော်ဝင်းခေါင်းဆောင်သည့် အဖွဲ့ သွားရောက် ရှာဖွေကြရာ မအေးနိုင်မှာ အိတ်တစ်လုံးအားကိုင်၍ ထွက်ပြေးသွားခဲ့သည်။ ၎င်းနေအိမ်အတွင်းရောက်ရှိနေသူ အေးမြနန္ဒာရပ်ကွက်နေ မဌေးအသက် (၄၀)နှစ်အားရှာဖွေရာ အင်္ကျီအိတ်ကပ်အတွင်းမှ လောင်းကစားပစ္စည်းနှင့်လောင်းကြေးငွေရောရာ ၂၆၀၀ ကျပ်နှင့်အတူ ဖမ်းဆီးရမိပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းအသီးသီးတို့မှ လောင်းကစား အက်ဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးကျော်လှ(တောင်ငူ)

သန်းခေါင်ယံအလွန် မီးလောင်မှုဖြစ်ပွား

ရေစကြို ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၁)ထင်းတန်းရပ်ကွက်၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁ နာရီ မိနစ် ၄၀ က ဟောင်းနွမ်းနေသော ပလပ်ခုံမှ ဝါယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်ကျွမ်းရာ ၄ ပင် ×၃ ပင်နှစ်ထပ်၊ ပျဉ်ခင်းထရံကာ သွပ်မိုးအိမ်တစ်လုံး မီးလောင်ကျွမ်းဆုံးရှုံးခဲ့သည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကား သုံးစီး၊ သန္ဓေတပ်ဖွဲ့ဝင် ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့်ရပ်ကွက်နေပြည်သူများ ကြိုးပမ်းငြိမ်းသတ်နိုင်ခဲ့မှုကြောင့် အခြားအဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းမှုမရှိဘဲ မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုတွင် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်မြမြအား ရေစကြိုမြို့ရဲစခန်းက(ပ)၁၀/၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အရေးယူထားကြောင်း သိရသည်။

(ဖေထွဏ်းဇော်-ရေစကြို)

သိန်း ၂၀၀ ကျော်ဖြင့် အရောင်းအဝယ်ဖြစ်သွားသော ငါးတစ်ကောင်

မော်လမြိုင် ဇန်နဝါရီ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့ ခေါင်းဆေးကျွန်း အနီးတစ်ဝိုက်၌ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ငါးပြက်ပိုက်ဆွဲရာမှ အလေးချိန် ၅၂ ပိဿာခန့်ရှိ ကသမျှင်ငါးတစ်ကောင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူမှာ မော်လမြိုင်မြို့နယ် ကော့တွန်ကျေးရွာအုပ်စု ဇွယ်ရပ်ကျွန်းနေ မောင်သာထူးဆိုသူဖြစ်ပြီး ဖမ်းဆီးရမိသောငါးကြီးအား မော်လမြိုင် ဘိုကုန်းရပ်ရှိ သံလွင်ဈေး ငါးအဝယ်ဒိုင်သို့ သွားရောက်ရောင်းချရာ ကျိုက္ခမီမြို့မှ ငါးအဝယ်ဒိုင်တစ်ဦးက ငွေကျပ် ၂၂၅ သိန်းပေးကာ ဝယ်ယူခဲ့သည်။

ဝယ်ယူသူက ဈေးကောင်းပေးဝယ်ခြင်းမှာ ငါး၏အသားကြောင့်မဟုတ်ဘဲ ငါးအတွင်းရှိ အဆီပေါင်းကြောင့်ဖြစ်ပြီး ရန်ကုန်မြို့သို့ ချက်ချင်းတင်ပို့ခဲ့ကြောင်း သိရသည်။

(၆၉၄)

အန္တုအညွှတ်တောင်းပန်ပါကြောင်း

ဇန်နဝါရီ၁၇ရက်နေ့တွင်ထုတ်ဝေခဲ့သော မွန်းတည့်နေဂျာနယ် အတွဲ-၂၊ အမှတ်-၄၊ မျက်နှာဖုံးတွင် သီတဂူဆရာတော်ကြီးနှင့် ပတ်သက်၍ သတင်းတစ်ပုဒ်ဖော်ပြခဲ့ပါသည်။ ထိုသတင်းသည် အတည်မပြုနိုင်သော၊ စာနယ်ဇင်းကျင့်ဝတ်နှင့် မကိုက်ညီသော သတင်းဖြစ်ပါ၍ ပြန်လည်ရုပ်သိမ်းပါသည်။ ဤသတင်းဖော်ပြမှုနှင့်ပတ်သက်၍ ဆရာတော်ကြီးထံ ကန်တော့တောင်းပန်စကား လျှောက်ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ဆရာတော်ကြီးနှင့်တကွစာဖတ်သူများအားလုံးကို မွန်းတည့်နေဂျာနယ် တာဝန်ရှိသူများက အန္တုအညွှတ်တောင်းပန်အပ်ပါသည်။

တရားမဝင် သစ်ခွဲသားများ တင်ဆောင်ထားသော ဖောကားတစ်စီးအား ဘိုင်းဒါးကြိုးဝိုင်းအတွင်း သိမ်းဆည်း

ကျောက်တံခါး ဇန်နဝါရီ ၁၇

ကျောက်တံခါးမြို့နယ် မြို့ချောင်း-မင်းလှ-စိန်ကန့်လန့် ကားလမ်းဘေး ဘိုင်းဒါးသစ်တောကြိုးဝိုင်း အကွက်အမှတ် (၆၆)တောင်ပေါ် ၃၄ မိုင်၌ ဇန်နဝါရီ ၁၃ ရက် ည ၂ နာရီခန့်တွင် ပဲခူးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်သစ်တောအဖွဲ့မှ မြို့ချောင်းဘိနယ်တာဝန်ခံ တောအုပ် ဦးမိုးကျော်သူ၊ တောအုပ် ဦးဖုန်းမြင့်၊ တောခေါင်း ဦးလှမိုး၊ ဖဒိုနယ်မြေ ကင်းရွာရဲကင်းမှူး တပ်ကြပ်ကြီးတင်ဝင်း၊ တပ်ကြပ်ဝင်းဘို၊ ဒုတပ်ကြပ် ဇော်ထက်တို့ပါဝင်သော တရားမဝင် သစ်ရှာဖွေဖမ်းဆီးရေးပူးပေါင်းအဖွဲ့သည် ကျေးရိုးအုပ်စု ချာတာရီကျေးရွာနေ ဦးအနီကူးမား (၃၃)နှစ် ပိုင်ယာဉ်အမှတ် 7F /------ အပြာရောင် ဖောကားခြောက်ဘီးယာဉ်ပေါ်၌ ပျဉ်းကတိုး သစ်ခွဲသား ၃၁ ချောင်း (၂ ဒသမ ၁၁၁၈ တန်) တင်ဆောင်လျက် ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် အသိသက်သေများရှေ့တွင် ဖမ်းဆီးခဲ့ပြီး သစ်တောဥပဒေအရ အရေးယူနိုင်ရန် တောအုပ် ဦးစောချားလ်(စ်) က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဦး (ကျောက်တံခါး)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုကြောင့် တစ်နှစ်တာအတွင်း ၃၈၄ ဦးသေဆုံး

စစ်ကိုင်း ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် တစ်နှစ်တာကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် ၃၈၄ ဦး သေဆုံးခဲ့ရာ ဖြစ်စဉ်တွင် ယာဉ်တိုက်မှု ၁၄၀၉ မှု၊ ထိခိုက်ဒဏ်ရာရသူ ၂၁၇၆ ဦး၊ သေဆုံးသူ ၃၈၄ ဦး ပျက်စီးဆုံးရှုံးမှုခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၇၈၀၃၁၈၀၀ ခန့်ရှိကြောင်း ယာဉ်မတော်တဆမှုမှတ်တမ်းမှ သိရသည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးရသူအများစုမှာ လူငယ်များဖြစ်ကြောင်းသိရပြီး ယာဉ်တိုးတက်များပြားလာခြင်း၊ သုံးစွဲသူများသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း တိုင်းဒေသကြီးအဆင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ မှတ်ချက်ပြုထားကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)





ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာမှ ဒေသခံများ (၂၄)နာရီ မီးရရှိသဖြင့် ဝမ်းမြောက်ပျော်ရွှင်

မုံရွာ ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကျွဲခိုတောအုပ်စု ကျွဲခိုတောကျေးရွာ ကျေးရွာကိုယ့်အားကိုယ်ကိုး ထရန်စဖော်မာဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် ညနေ ၄နာရီခွဲက အဆိုပါ ကျေးရွာထရန်စဖော်မာရှေ့တွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တိုင်းဒေသကြီး သစ်တော/စွမ်းအင်/သတ္တုဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကျော်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စန်းဝင်းတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်းတို့က ဖွင့်လှစ်ခဲ့သည်။

ယခင်ကဆိုလျှင် ဖယောင်းတိုင်မီး၊ ဘက်ထရီမီးများဖြင့်သာ လက်မှုလုပ်ငန်းများ လုပ်ကိုင်ရသည့်အတွက် နေ့ခင်းတွင်သာ အလုပ်များလုပ်ကိုင်ကြရသဖြင့် မိသားစုဝင်ငွေနည်းခဲ့ရကြောင်း၊ ယခုမီး ၂၄ နာရီရရှိပြီဖြစ်သဖြင့် မိမိတို့လုပ်ကိုင်ကြသော လက်မှုလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း၊ မိသားစုဝင်ငွေများတိုးပြီး မိမိကျေးရွာတွင် မိသားစုနှင့်အတူ အိုးမကွာ၊ အိမ်မကွာအလုပ်အကိုင်များ လုပ်ကိုင်ကြရတော့မည်ဖြစ်သဖြင့် ပို၍ပျော်ရွှင်ပါကြောင်း၊ အချိန်တိုအတွင်း မိမိတို့ကျေးရွာ မီးရရှိခြင်းဖြစ်ကြောင်း၊ တခြားလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်တော့မည်ဖြစ်၍ ဝမ်းသာကြပါကြောင်း ကျေးရွာပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖ ဦးညိုမှ သူ၏ရင်တွင်းပီတိစကားပြောကြားသည်။

ကျွဲခိုတောကျေးရွာသည် အိမ်ခြေ ၁၂၀ ရှိပြီး လူဦးရေ ၆၂၃ ဦးခန့် ရှိသည်။ တောင်သူလုပ်ငန်း၊ မြက်တံမြက်စည်းနှင့် ကြက်မွေးလုပ်ငန်းများ လုပ်ကိုင်ပြီး မီး၂၄ နာရီရရှိရေး အိမ်ထောင်စု တစ်စုလျှင် ကျပ် ၅၅၀၀၀၀ နှုန်းဖြင့် ထည့်ဝင်လှူဒါန်းကြရာစုစုပေါင်း ကျေးရွာမှ ထည့်ဝင်လှူဒါန်းငွေ သိန်း ၆၆၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

တစ်နိုင်တစ်ပိုင် အုတ်ဘလောက်လုပ်ငန်း လုပ်ကိုင်သူများအဆင်ပြေ

မိတ္ထီလာ ဇန်နဝါရီ ၁၇

မိတ္ထီလာမြို့နယ် အလည်ရွာအုပ်စု တည်ပင်ကုန်းကျေးရွာတွင် ပွင့်လင်းရာသီရောက်ရှိလာသလို ကျေးလက်ဒေသများမှ ဒေသထွက်သီးနှံများ ရိတ်သိမ်းပြီးစီးနေပြီဖြစ်၍ အဆောက်အအုံပြန်လည်ပြုပြင်ခြင်း၊ အဆောက်အအုံအသစ်များ ဆောက်လုပ်ခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင်အုတ်ဘလောက်လုပ်ငန်းလုပ်ကိုင်ကြသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အုတ်ဘလောက်လုပ်ငန်းလုပ်ဆောင်ရာတွင် သုံးဦးလုပ်ကိုင် ဆောင်ရွက်လျှင်တစ်နေ့ အုတ်ဘလောက် အလုံး ၅၀၀ ပြီးစီး၍ လေးဦးဆောင်ရွက်လျှင် အလုံး ၇၅၀ အထိပြီးစီးတယ်။ အုတ်ဘလောက်များကိုတစ်ရက် နေလှန်းတာနှင့် အသုံးပြုလို့ရရှိပြီး ဒီအုတ်ဘလောက်က ရေလှောင်ပေးလေ ပိုမိုကောင်းမွန်တယ်။ ဘိလပ်မြေတစ်လုံးကို အုတ်ဘလောက် အရှည် ၉ လက်မ၊ အကျယ် ၄ လက်မ၊ အထူ ၃ လက်မရှိ အုတ်ဘလောက်၂၅၀ မှ ၂၆၀ လုံးရရှိတယ်။ အခုဆိုရင် အုတ်ဘလောက် တစ်လုံးကို ငွေကျပ် တစ်ရာနှုန်းဖြင့် ကန်နီ၊ မုန်တော်၊ ကူတော်၊ လွန်ငင်းနှင့်အနီးအနားကျေးရွာများမှ လာရောက်ဝယ်ယူကြသလို ပစ္စည်းပေးအပ်ပြီး နေ့စားပေး၍ ဆောင်ရွက်ကြတယ်၊ နေ့စားပေးဆောင်ရွက်လျှင် လူတစ်ယောက်ကို တစ်နေ့ ၃၅၀၀ ကျပ်ဖြင့် လိုက်လံဆောင်ရွက်တယ်။

အခုလိုပွင့်လင်းရာသီတွင် အဆောက်အအုံများဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ဝင်းခြံများ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသဖြင့် တစ်နိုင်တစ်ပိုင်အုတ်ဘလောက်လုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေကြကြောင်း" တည်ပင်ကုန်းကျေးရွာ အုတ်ဘလောက်လုပ်ငန်းဆောင်ရွက်သည့် ဦးအေးကိုက ပြောကြားသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

တွံတေးတူးမြောင်းဖွံ့ဖြိုးရေး အကြိုလေ့လာဆန်းစစ်မှု ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၇

တွံတေးတူးမြောင်းဖွံ့ဖြိုးရေးအတွက် ပင်မစီမံချက်ရေးဆွဲ၍ အကြိုလေ့လာဆန်းစစ်မှုများကို တောင်ကိုရီးယားနိုင်ငံ ISAN ကော်ပိုရေးရှင်းနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

အဆိုပါ တွံတေးတူးမြောင်းသည် မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီမြစ်အထက်ပိုင်း ချင်းတွင်းမြစ်ဒေသတို့မှ ရေယာဉ်ကြီး၊ ရေယာဉ်ငယ်တို့ ရန်ကုန်အဝင်လမ်းအဖြစ် အသုံးပြုနေပြီး ယခင်က အသုံးပြုခဲ့သော ဝါးဘလောက်သောက်မြစ် တိမ်ကောလာပြီးနောက်တွင် တွံတေး တူးမြောင်း အဓိကရေလမ်းကြောင်းကြီး ဖြစ်လာခဲ့သည်။ ထိုသို့ဖြင့် သတ်တမ်းကြာမြင့်လာသည့်အခါ ရေကြောင်းပြောင်းလဲမှုဖြစ်စဉ်များကြောင့် ကမ်းပါးများ အိကျပြိုဆင်းခြင်းတို့ ဖြစ်ပေါ်လာပြီး တူးမြောင်းဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရန် အရေးပါလာခြင်းဖြစ်သည်။

တွံ့တေးတူးမြောင်းဖွံ့ဖြိုးရေးလုပ်ဆောင်ရန် ပင်မစီမံချက်တစ်ခု ရေးဆွဲမှုလိုအပ်ကြောင်းကို ကျွမ်းကျင်သူများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ဆွေးနွေးမှုများကြောင့် ပင်မစီမံချက်ရေးဆွဲနိုင်ရေးအတွက် အကြိုလေ့လာဆန်းစစ်မှုများလည်း လိုအပ်လာကာ ယခုလို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တွံတေးတူးမြောင်းဖွံ့ဖြိုးရေးအတွက် ပင်မစီမံချက်နှင့် ပင်မစီမံချက် ဆွဲနိုင်ရန် အကြိုလေ့လာဆန်းစစ်မှုများကို တောင်ကိုရီးယားနိုင်ငံ ISAN ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကိုလည်း လွန်ခဲ့သော ဒီဇင်ဘာလအတွင်းက လုပ်ဆောင်ခဲ့ပြီးဖြစ်သည်ဟု ၎င်းက ရှင်းပြသည်။

ထိုတွံတေးတူးမြောင်းသည် ရန်ကုန်မြစ်နှင့် တိုးမြစ်ကို ဆက်သွယ်ဖောက်လုပ်ထားကာ ၂၁ မိုင်ရှည်လျားပြီး အင်္ဂလိပ်နယ်ချဲ့ ဗြိတိသျှအစိုးရလက်ထက် ၁၈၇၃ ခုနှစ်တွင် ဖောက်လုပ်ခဲ့ကာ ၁၉၁၇ လောက်တွင် ပြီးစီး၍ တွင်တွင်ကျယ်ကျယ် သုံးစွဲနေခြင်းဖြစ်ကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရရှိသော ရန်ပုံငွေဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော်လည်း ရေရှည်တွင် ပင်မစီမံချက်တစ်ခု ရေးဆွဲရန် လိုအပ်လာခြင်းကြောင့် ယင်းကဲ့သို့ တောင်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

တွံတေးတူးမြောင်းသည် နှစ်ပေါင်း ၁၀၀ကျော် သက်တမ်းရှိနေပြီး ရေတက်ရေကျဖြင့် စီးဆင်းကာ ရေယာဉ်များအတွက် အဓိက ရေလမ်းကြောင်းကြီးအဖြစ် သုံးစွဲနေကြကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

အစိုးရ/စီးပွားရေးကြော်ငြာ

ဆေးတက္ကသိုလ်-မကွေး
အဌမအကြိမ်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

ဆေးတက္ကသိုလ်-မကွေး၏ အဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၂-၂-၂၀၁၄ ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၁-၂-၂၀၁၄ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများနှင့် ၂၀၁၂ ခုနှစ်၊ ဇွန်လနှင့် ဒီဇင်ဘာလများအတွင်း နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) သင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် (၁) နှစ် တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး	-	(၁၅၀၀) ကျပ်
အဝေးရောက်ကြေး	-	(၁၀၀၀) ကျပ်
လျှောက်လွှာပိတ်ရက်	-	(၇-၂-၂၀၁၄)

သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ၁½"×၂" ရောင်စုံဓာတ်ပုံ (၃)ပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၆၃-၂၃၇၀၁/၀၂ လိုင်းခွဲ -၂၀၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နုနုရီ
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်-မကွေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထ (၃)လ (၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-	**၁၇-၁-၂၀၁၄**
တင်ဒါပိတ်မည့်ရက်	-	**၂၃-၁-၂၀၁၄**
တင်ဒါပိတ်မည့်အချိန်	-	**၁၆:၃၀ နာရီ**

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် စက်ဆီ၊ ချောဆီအမျိုးမျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်ရက်နှင့်အချိန်-၂၇-၁-၂၀၁၄ရက် ၁၅:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါကြော်ငြာသည့် နေ့မှစ၍ ရုံးချိန်အတွင်းရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန၊ သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၉၃၇၇

ယတြာနိဗ္ဗာယ်အောင်

အခက်အခဲတွေတွေ့နေလို့ စိတ်ညစ်မနေပါနဲ့ ကံကြမ္မာကိုစိစစ်ပြီး ထိရောက်တဲ့အစီအရင်ကောင်းများနှင့် ကျော်လွှားနိုင်ပါတယ်။ ကိုယ်ရေးလုံခြုံမှု အာမခံပါသည်။

ဖုန်း-၀၉-၄၂၅၂၈၆၇၅၁

ကားရောင်းမည်

Mazada Demio 2008

မီးခိုးရင့်ရောင် ၂၈/--- TV ပါ

ဖုန်း-၀၉-၈၆၁၇၀၆၃၊ ၀၉-၅၀၀၀၄၀၆

စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများတွင် အကျိုးတူ ပူပေါင်းဆောင်ရွက်ရန် B.A.B.S ကျောင်းမှ အောက်ပါသင်တန်းအပတ်စဉ်(၂)ကို ဖွင့်လှစ်ပါမည်။

အမှတ်(၁၁)၊ မြေညီ၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း(သီတာ)မှတ်တိုင်ဆင်း၊ တာမွေမြို့နယ်။

၁။	ဆံပင်၊ မိတ်ကပ်ပညာရှင်	၁၀ ရက်	၃၅၀၀၀
၂။	ပန်းချီပညာရှင် (Fashion/Fine Arts)	၂ လ	၅၀၀၀၀
၃။	ဓာတ်ပုံပညာရှင်	၂ လ	၁၀၀၀၀၀

မှတ်ပုံတင် မူရင်းနှင့်မိတ္တူ (၁) သင်တန်းသား/သူ ကိုယ်တိုင်လာရောက်ပါရန်
စတင်ရက် (ဖွင့်ပွဲ) ၂၀-၁-၂၀၁၄(တနင်္လာနေ့)၊ မွန်းလွဲ ၂း၀၀ နာရီ
ဒေါ်ရွှေဇင်သန်း ၀၉- ၇၃၁၂၉၃၀၁၊ ၀၉-၃၁၀၆၅၅၃၀၊ ၀၉-၇၃၀၆၈၉၉၃

နှစ်ပေါင်း(၁၁၁)နှစ်ရှိ သုံးခွမြို့အောင်မြေလောကကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

သုံးခွ ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၂)၊ (၄)ရပ်ကွက်အတွင်း တည်ရှိသော အောင်မြေလောကကြေးသွန်းဘုရားကြီးကို လွန်ခဲ့သော နှစ်ပေါင်း(၁၁၁)နှစ်က တည်ထားခဲ့သည်။ ဘုရားကြီးမှာ ဉာဏ်တော်ခုနစ်တောင်တစ်မိုက်ရှိပြီး ဘုရားဓာတ်တော်အဆူပေါင်း ၂၀၀၊ ရဟန္တာဓာတ်တော် ၁၀ ဆူတို့ကို ဓာတ်တော်ကြုတ်များ၌ ဌာပနာထားခဲ့သည်။

ဆင်းတုတော်သွန်းရာ၌ ကြေးဖိုးနှင့်လက်ခပါ ငွေကျပ် ၁၂၇၅၀ ပေးရသည်ဟု ကမ္ပည်းမှတ်တမ်း၌ တွေ့ရသည်။ အဆိုပါဘုရားကြီး၏အလှူ့ဒါယကာမှာ သုံးခွမြို့ အုတ်ကံဝရပ်နေ ဦးပို-ဒေါ်သဲအူ၊ သား မောင်ဘ၊ သမီး မလှမေဖြစ်ကြောင်း သိရသည်။

ဘုရားကြီး၏ (၁၁၁)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

ကလေးမြို့တွင် အထက်တန်းကျောင်းတစ်ကျောင်း ထပ်မံတိုးချဲ့မည်

ကလေး ဇန်နဝါရီ ၁၇

ကလေးမြို့ပေါ်တွင် ယခု လက်ရှိ အထက်တန်းကျောင်း ၃ ကျောင်းရှိရာ ကျောင်းသားဦးရေနှင့် စာသင်ကျောင်း မမျှတမှုကြောင့် အခက်အခဲဖြစ်ပေါ်လျက်ရှိရာ ၂၀၁၃ ခုနှစ်အတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချင်းပြည်နယ်ခရီးစဉ်၌ ဒေသခံပြည်သူလူထုက အထက်တန်းကျောင်းအား တိုးချဲ့ပေးရန် တင်ပြခဲ့မှုများကြောင့် ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် အထက်တန်းကျောင်း တစ်ကျောင်းကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ အထက အမှတ်(၄)ကျောင်း တိုးချဲ့ဖို့ အခုမြေနေရာလည်း ရှာပြီးပြီ။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း အမှုတွဲတင်ပြီးပါပြီ။ ညွှန်ကြားချက်တော့ မကျသေးပါဘူးဟု မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ကလေးမြို့ပေါ်တွင် ယခုလက်ရှိ အထက်တန်းကျောင်း သုံးကျောင်းရှိ၍ တစ်မြို့နယ်လုံး မူလတန်းမှ အထက်တန်းအထိ ကျောင်းပေါင်း ၁၇၅ ကျောင်းရှိပြီး ကျောင်းသားဦးရေ ၆၇၈၃၈ ဦးရှိကြောင်း သိရသည်။

ကလေးမြို့ပေါ်မှာ အထက်တန်းကျောင်း သုံးကျောင်းရှိတဲ့အထဲမှာ အမှတ်(၁)က ကျောင်းသား နှစ်ထောင်ကျော်ရှိတယ်။ အမှတ်(၂)က ကျောင်းသား လေးထောင်ကျော်ရှိတယ်၊ အမှတ်(၃)က ကျောင်းသား နှစ်ထောင်ကျော် ရှိတယ်၊ ကျောင်းဆောင်အခက်အခဲဖြစ်တာကတော့ အမှတ်(၂) ကျောင်းပါ၊ ကျောင်းသားက လေးထောင်ကျော်ဆိုတော့လေ ကျောင်းသားတွေကို အချိန်တွေခွဲပြီး စာသင်နေရတယ်။ အဲဒါကြောင့်မို့ အထက်တန်းကျောင်းတစ်ကျောင်းကို ထပ်မံတိုးချဲ့ဖို့ စီစဉ်နေရခြင်းဖြစ်ပါတယ်ဟု မြို့နယ်အထောက်အကူပြုကော်မတီမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ အဆိုပါ အထက်တန်း အမှတ်(၄)ကျောင်း တိုးချဲ့ရန်အတွက် မြေ ၅ ဧကကိုအထက်တန်းကျောင်းနှင့် စာသင်ကျောင်း တည်ဆောက်ရန် လျာထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။ **(လင်းလက်ကြယ်စင်)**

စက်သုံးဆီအရည်အသွေးစစ်ဆေးရန် ရွေ့လျားဓာတ်ခွဲခန်း ယာဉ်ငါးစီးဝယ်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

စက်သုံးဆီအရည်အသွေးစစ်ဆေးခြင်းကို အားဖြည့်လုပ်ဆောင်နိုင်ရန် ရွေ့လျားဓာတ်ခွဲခန်းယာဉ် ငါးစီး ဝယ်ယူဖြည့်တင်း၍ လုပ်ဆောင်သွားရန် စီစဉ်ထားကြောင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြောသည်။

ထိုစက်သုံးဆီနှင့်ပတ်သက်၍ ခြင်တွယ်စစ်ဆေးစမ်းသပ်ခြင်းကို နိုင်နင်းစွာဆောင်ရွက်နိုင်သော်လည်း အရည်အသွေးပိုင်းစစ်ဆေးခြင်းကို အားနည်းနေကြောင်း ၎င်းက ဇန်နဝါရီ ၁၅ရက်တွင် ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်ရှိ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုစက်သုံးဆီအရည်အသွေးစစ်ဆေးခြင်းနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံရှိ PTT ကုမ္ပဏီက ရွေ့လျားဓာတ်ခွဲခန်း မော်တော်ယာဉ်တစ်စီးကို စွမ်းအင်ဝန်ကြီးဌာနသို့ လှူဒါန်းပေးခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်း ၁၆ ဦး၊ ပြင်ပအသင်းမှ လေးဦးတို့ကိုလည်း ဓာတ်ခွဲစမ်းသပ်မှုအတွက် သင်တန်းများပို့ချပေးပြီးဖြစ်သည်ဟု သိရသည်။ ဆက်လက်၍ ဌာနအနေဖြင့် ရွေ့လျားဓာတ်ခွဲခန်း မော်တော်ယာဉ်ငါးစီးကို ထပ်မံဖြည့်တင်းဝယ်ယူရန် စီစဉ်ထားခြင်းဖြစ်သည်။

“အခြင်တွယ် အရည်သွေးပြည့်မီမှန်ကန်စေဖို့ ဌာနဘက်က ဆောင်ရွက်နေသလို ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်တွေအနေနဲ့လည်း တာဝန်ယူဆောင်ရွက်ဖို့လိုပါတယ်”ဟု ၎င်းကဆိုသည်။

ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ရက်တွင် ရန်ကုန်မြို့၌ လုပ်ဆောင်ခဲ့ပြီး ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေးမြို့၌ပြုလုပ်၍ လိုအပ်သောအကြံပြုချက်များတောင်းခံကာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ **(၆၈၀)**

စပါးဈေး ယခင်နှစ်ကထက်အနည်းငယ်ပို တောင်သူများ သင့်တင့်သောအကျိုးအမြတ်ရရှိ

စစ်ကိုင်း ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ တဲကြီး၊ ညောင်ကုန်း၊ နေပူကုန်း၊ ကြွယ်လူး သလွန်ဖြူ၊ ဒေါင်းမ၊ ဆင်မြေ၊ မအူပင်ကျေးရွာများသည် မိမိတို့ဒေသတွင် တောင်သူစိုက်ပျိုးရာသီရောက်သည်နှင့် စိုက်ပျိုးရက်နောက်မကျစေရန်အတွက် စက်မောင်းရေတင်စနစ်ဖြင့် ပျိုးသက် တစ်လ ပြန်စိုက်ရက် သုံးလ ကောက်ကြီးစပါး ရက် ၁၂၀ မနောသုခစပါးများကို စိုက်ပျိုးသည်။

ယခုအခါ ထိုစပါးများကို အားလုံးရိတ်သိမ်းပြီးဖြစ်၍ တစ်ဧက တင်း ၆၀ ကျော်သာရရှိပြီး ရေနစ်မြုပ်ချိန်မကြာသည့်အတွက် အနည်းငယ်သာ အထွက်နည်းသွားတာဖြစ်တယ်၊ ရေနစ်မြုပ်ချိန် ရက် ၂၀ ကျော်ပါက စပါးပင်များပုပ်ပြီး ငါးစာဖြစ်သွားတယ်ဗျာ၊ အဲ့ဒီအခါမှာ ရေများအားလုံးလယ်ကွက်ထဲက ကုန်သွားရင် အခြေအနေအရ မိမိစိုက်ပျိုးမြေကို အလကားမထားဘဲ သင့်တော်သည့် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးရတယ်၊ စိုက်ပျိုးချိန်နောက်ကျတော့ ငွေပေါ်မြန်တဲ့ စားဖိုဆောင်သီးနှံများကို စိုက်ပျိုးရတယ်၊ ကျွန်တော်တို့ဒေသ တောင်သူအနေနှင့် အထူးသဖြင့် စပါးစိုက်ပြီးထွက်ရှိလာပါက မိသားစုဝမ်းစာ ဖူလုံအောင်ထားပြီးမှ ရောင်းချတယ်၊ ယခုနှစ်စပါးဈေးက ယခင်နှစ်ဈေးထက် အနည်းငယ်ပိုတော့ စိုက်ပျိုးစရိတ်၊ ရေတင်စရိတ် အားလုံးနုတ်ပြီး လူစာနှင့် နွားစာအကျန် ကိုယ့်လုပ်အားခကိုပြန်ရသလို သင့်တင့်သော အကျိုးအမြတ်တော့ရရှိပါတယ်လို့ သလွန်ဖြူကျေးရွာမှ တောင်သူ ဦးတင်ထွန်းကပြောကြားသည်။

(မျိုးဝင်း)

“ရန်နိုင်” မြန်မာဒံပေါက်စစ်စစ်ရပါပြီ

ထောပတ်ထမင်း၊ ပဲထမင်း၊ နတ်သုဒ္ဓါ၊ အုန်းထမင်း၊ ကြက်ဆီထမင်း၊ မုန့်ဟင်းခါး၊ နို့စိမ်းခေါက်ဆွဲများကို အကောင်းမွန်ဆုံးစေတနာ၊ အမွန်မြတ်ဆုံးမေတ္တာဖြင့် အထူးဆောင်ရွက်ပေးနေပါသည်။

မြို့တွင်းအရောက်ဝန်ဆောင်မှုပေးပါသည်။

ရန်နိုင်စားသောက်ဆိုင်၊ ၆/၂၀၊ ဗိုလ်တောက်ထိန်လမ်း၊
မြင်းရတနာအနီး၊ ရန်အောင်(၂)၊ ပျဉ်းမနားမြို့။
ဖုန်း-၀၆၇-၂၁၃၆၉၊ ၀၆၇-၂၂၈၇၆၊ ၀၉-၄၉၂၃၆၁၆၂၊ ၀၉ ၄၃၀၂၀၃၆၉၊ ၀၉-၃၃၁၁၅၁၁၃

၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော
Better Tomorrow
EPS-TOPIK
(ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း

- ♦ ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း။
- ♦ ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားသော EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- ♦ EPS နှင့် Speaking တန်းခွဲသစ်များ ၅-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

Co-Operative With Korea Social Education Center of Myanmar.
အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph:01-512804, 09-43029256



စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများနှင့်လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ- PP Yarn Grade Plastic Resin,Ultra Coolant Oil,Iso Octane

(ခ) စက်နှင့်စက်အရံပစ္စည်းများ- 25% Carbon Teflon Tube, PCB for Thermal Conductivity Detector,Thermo Element(TE)

(ဂ) ကုန်ကြမ်းပစ္စည်းများ -လှိုင်းတွန့်စက္ကူသေတ္တာ (475×350×160)mm

နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-(MDEA)Methyldiethanolamine,Standard Gas Cylinder,Nitrogen Gas Cylinder, Hydrogen Gas Cylinder, Zero Ari Cylinder.

(ခ) စက်နှင့်စက်အရံပစ္စည်းများ- Gas Chromatograph Apparatus (GC), Spectrophotometer (UV-1201),Expansion Turbine,Raw Water Intake Pump with Motor and Starter Unit(PU-1101),Raw Water Intake Pump with Motor and Starter Unit(PU-1103),Micro Processor Based Control Panel with Auto Star-Delta Starter (Water Cooled),Lab Apparatus, River Water Pump (Centrifugal),High Pressure Flooding Pump with Motor P-2103 (GA2103),Z-3202 Phosphate Dosing Pump with Motor, Variator for Urea Prilling Equipment ,Slop Pump with Motor, Motor for C.W Pump, Force Draft Fan,Suction Filter, Piston Rod For Natural Gas Compressor, Level Indicator LIC 3101&LIC3102, Semi Lean Solution Pump Motor, BFW Pump, Booster Pump, Gas Detector (1)No and Trace Moisture Meter (1)Set,

(ဂ) ပြုပြင်ခြင်းလုပ်ငန်း - Major Overhaul for Propane Refrigeration Compressor, 40,000Hr Inspection of Gas Turbine (Minbu) Inspection and Major Overhaul for 4MW GTG (Nyaung Done)

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၇-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် -

(က) ၂၄-၁-၂၀၁၄ ရက် (၁၂း၃၀)နာရီ - PP Yarn Grade Plastic Resin

(ခ) ၁၈-၂-၂၀၁၄ ရက် (၁၂း၃၀)နာရီ - (ကျန်တင်ဒါများအတွက်ဖြစ်ပါသည်။)

(ဂ) ၁၈-၃-၂၀၁၄ ရက် (၁၂း၃၀)နာရီ - Inspection and Major Overhaul for 4MW GTG (Nyaung Done)

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊စီမံရေးဌာန/ဘဏ္ဍာရေးဌာန၊
ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း ၀၆၇ ၄၁၁၁၂၃၊၀၆၇-၄၁၁၁၉၃

အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

အမျိုးသမီးများ၏အခက်အခဲများကို အထူးဦးစားပေး ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အခန်း(၄)၊ မဟာဝိဇယစေတီ၊
(အနောက်ဘက်မုခ်)ခြသေ့်နှစ်ကောင်အနီး၊
Prof.ဒေါက်တာ ခင်မျိုးတင့်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Townace, MT, ပုစဉ်းခေါင်း
1ton, ဓာတ်ဆီ၊ စတီ၊ 2005
price- သိန်း ၁၃၀
ဖုန်း-၀၉၅၁၂၄၇၆၅



သက်ဆိုင်သူများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၊ စက္ကဝတ်(၂)လမ်း၊ အမှတ်(၃၀၆) (ခ) ပေ ၆၀ × ပေ ၂၀ မြေကွက် ဦးမြ အမည်ပေါက် နှစ်(၆၀)ဂရန် စာအုပ် လက်ဝယ်ရှိသူ အမြန်ဆက်သွယ်ပါရန် သိစေအပ်ပါသည်။

ဦးမြ၏ အမွေဆက်ခံသူမြေး
မမိုးမိုးစန်း
[၁၂/ဥကမ (နိုင်) ၀၆၀၅၅၃]
ဖုန်း-၀၉ ၃၁၀၃၀၆၂၄

မုံရွာမြို့နယ် ဖောင်တော်ဦးဘုရားအနီးရှိ ကျေးရွာများ ကျောက်ဆစ်လုပ်ငန်းဖြင့် မိသားစုဝင်ငွေရရှိ

မုံရွာ ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ခတ္တကန်တောင်နှင့် မြောက်ကျေးရွာများသည် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်သော ပဲမျိုးစုံ၊ နှမ်းနှင့် ရာသီသီးနှံများကို စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ လိပ်သည်းကျောက်များထွက်ရှိရာ ဖိုးခေါင်တောင်ရိုးကို အမှီပြုပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်လျက် မြန်မာပြည်တစ်လွှားသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျောက်ဆစ်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသော ခတ္တကန်မြောက်ကျေးရွာမှ ဦးဌေးလှိုင်က "ဒီကျောက်ဆစ်လုပ်ငန်းကို ကျွန်တော်သိရသလောက်တော့ ကျွန်တော်တို့ရွာက ဦးအံ့ကြီး၊ ဦးလှနှင့် ဦးထွန်းညွန့်တို့က စခဲ့တယ်လို့ သိရတယ်။ ဟိုတုန်းကတော့ ဖိုးခေါင်တောင်ရိုးက ကျောက်ပြင်တောင်မှာ သွားပြီး အဲ့ဒီကထွက်တဲ့ လိပ်သည်းကျောက်တွေကို ထုခွဲပြီး ငရုတ်ဆုံ၊ ကြိတ်ဘီးများ၊ ပဲခွဲစက်၊ အရည်ကြိတ်ဖို့ ကြိတ်ဘီး ဆိုက်မျိုးစုံ၊ ကျောက်ပြင်ဆိုက်မျိုးစုံကို ထုတ်လုပ်ခဲ့ကြတယ်။ အခုနောက်ပိုင်းကျတော့ ခတ္တကန်တောင် ကျေးရွာက ကျောက်ပြင်တောင်ပေါ်မှာပဲ ထုတ်လုပ်ကြပြီး ကျွန်တော်တို့ ခတ္တကန်မြောက် ကျေးရွာကတော့ တောင်ပေါ်က ကျောက်တွေကို သယ်ပြီး ကိုယ့်အိမ်ထဲမှာပဲ ထုလုပ်ကြတာများပါတယ်" စသည်ဖြင့် အလုပ်နှင့်ပတ်သက်ပြီး ပြောကြားသည်။

ထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် ပတ်သက်၍လည်း "အရင်တုန်းကတော့ လက်ချည်းသက်သက်ထုလုပ်ကြရတာ လုပ်ငန်းက သိပ်မတွင်ကျယ်ဘူး၊ အခုနောက်ပိုင်းမှာ သုံးစွဲသူကလည်းများလာတော့ လက်ချည်းသက်သက် လုပ်နေလို့နဲ့ အဆင်မပြေဘူး၊ ဒါကြောင့် နည်းလမ်းလေးတွေ တီထွင်ကြံဆပြီးစက်တွေကို အသုံးပြုလာကြတာကြောင့် ထုတ်လုပ်မှုမှာ ပိုမြန်လာတာပေါ့။ ဟိုတုန်းကတော့ ငရုတ်ဆုံ၊ ကျောက်ပြင်၊ ခေါးသွေးကျောက်လောက်ပဲထုတ်ပြီး ကျွန်တော်တို့ ဒေသလောက်ပဲ တင်ပို့နိုင်တာလေ အခုကျတော့ ကျိတ်ခွဲဖို့ ဝိတ်ဘီး အဆောက်အအုံဆောက်ဖို့ ကျောက်အုတ်တွေ၊ အလှဆင်ကျောက်ပြားတွေအတွက် ကျောက်မျက်နှာပြင်ချောပြီး ဆင်ရုပ်၊ ယုန်ရုပ်တို့စတဲ့ တိရစ္ဆာန်မျိုးစုံ အရုပ်တွေထွင်းထုတဲ့အထိ ထုတ်လုပ်နိုင်ပြီး ရန်ကုန်၊ မန္တလေးကနေတစ်ဆင့် မြန်မာပြည်အရပ်ရပ်ကို တင်ပို့ရောင်းချနိုင်ပါပြီ၊ မုံရွာမြို့နယ်မှာဆိုရင် ကျောက္ကာကျေးရွာမှာ ရွှေကူနီဘုရားနှင့် ယွန်းထည်ဟာခွဲမရသလိုဘဲ၊ ကျွန်တော်တို့ ဖောဓိတစ်ထောင်သာသနာ့နယ်မြေမှာလည်း ကျောက်ဆစ်လုပ်ငန်းနှင့် ဖောဓိတစ်ထောင်သာသနာ့နယ်မြေဟာလည်း ခွဲခြားမရပါဘူး၊ ဆက်စပ်နေတာပေါ့ဗျာ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျောက်ပြင်၊ ငရုတ်ဆုံ၊ ဝိတ်ဘီး အမျိုးမျိုးကို လက်လီလက်ကား ရောင်းချလျက်ရှိသော ခတ္တကန်တောင် ကျေးရွာမှ လုပ်ငန်းရှင်တစ်ဦးက "ဒီပစ္စည်းတွေကို စနေ၊ တနင်္ဂနွေ၊ အဖိတ်၊ ဥပုသ်နေ့တွေ ဖောဓိတစ်ထောင် ဘုရားဖူးဧည့်သည်တွေ စည်ကားတဲ့အချိန်နဲ့ ဘုရားဖူးရာသီတွေမှာ ရောင်းလို့ကောင်းတယ်။ နောက်ပြီး နိုင်ငံခြားသားတွေကတော့ လာပြီးလေ့လာကြတယ်၊ ကျောက်ပြင်ငရုတ်ဆုံသေးသေးလေးတွေ အမှတ်တရဝယ်ကြတယ်"စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ခတ္တကန်တောင်/ မြောက်ကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားအများစုသည် ဖိုးခေါင်တောင်ရိုးရှိ ကျောက်ပြင်တောင်ကို အမှီပြုပြီး ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်၍ မြန်မာပြည်အရပ်ရပ်သို့ ကျောက်ငရုတ်ဆုံ၊ ကျောက်ပြင်အမှုန့်၊ အရည်ကျိတ် ဝိတ်ဘီးအမျိုးမျိုး ထုတ်လုပ်ရောင်းချလျက် မိသားစုဝင်ငွေတိုး လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တောင်ယာကြက်ဆူစိုက်ခင်းမှ အပိုဝင်ငွေရ

ဆိပ်ဖြူ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဖလံမကျေးရွာနှင့် အိုင်ကြီးကျေးရွာအကြားတွင် တောင်ကုန်း၊ တောင်တန်းများ လွန်စွာ ထူထပ်ပေါများသဖြင့် ကျေးလက်နေပြည်သူများ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

ထိုဒေသခံပြည်သူများသည် အများအားဖြင့် မိုးဦးအချိန် တောင်စောင်းများတွင် တောင်ယာစပါးစိုက်ခင်းများ စိုက်ပျိုးကြပြီး စပါးရိတ်သိမ်းချိန်တွင် T-C-1ကြက်ဆူမျိုးစေ့များ စိုက်ပျိုးထားကြပြီး စပါးပြီး ကြက်ဆူစိုက်ခင်းများ ဖြစ်ပေါ်လာလျက်ရှိကြသည်။

မိုးကုန်ကာလ ဒီဇင်ဘာလတွင် တောင်စောင်းများမှာ ကြက်ဆူစိုက်ခင်းများဖြင့် အလှဝေဆာလျက်ရှိကြပြီး ကြက်ဆူပင်များတွင်လည်း အဖူးအပွင့် အသီးများဖြင့် အခိုင်လိုက် အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ကြက်ဆူခိုင်များ ရင့်မှည့်ချိန်တွင် ရိတ်သိမ်း၍ ဆိပ်ဖြူမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြသည်။

ကြက်ဆူတစ်ဧကလျှင် တင်း ၅၀ မှ ၆၀ ထိ ထွက်ရှိပြီး တစ်တင်းလျှင် ၁၂၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချရသည်။ ကျေးလက်နေပြည်သူများသည် တောင်ယာလုပ်ငန်းကို အစုအဖွဲ့ ဖွဲ့စည်း၍ ဧက ၁၅၀ မှ ဧက ၂၀၀ ထိ စုပေါင်း စိုက်ပျိုးကြခြင်းဖြင့် အပိုဝင်ငွေတိုးပွားရရှိလျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး**

"တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်"ဆိုတဲ့ ဆောင်ပုဒ်လေးအတိုင်း တကယ်ကျန်းမာချင်သူများ၊ အောက်ပါနည်းလမ်း ၁၀ သွယ်အတိုင်း ကျင့်ကြံလိုက်နာခြင်းဖြင့် အမှန်ပင်ကျန်းမာစေမှာဖြစ်လို့ ယခုပင် ကြိုးစားကြည့်စေလိုပါတယ်။

တကယ် ကျန်းမာချင်ပါသလား

(၁) အရက်/ဘီယာ/အားဖြည့်အချိုရည်တွေ လျှော့သောက်ပြီး၊ လက်ဖက်ရည်ကြမ်း (လက်ဖက်ခြောက်ရေနွေး) ပိုသောက်ပေးပါ။ (ဆေးလိပ်တွေပါ ဖြတ်လိုက်ပါဦး)

(၂) အသင့်စား အစားသောက်များဖြစ်ကြတဲ့ ကြက်အူချောင်း၊ ဝက်အူချောင်း၊ အသား-ငါးသေတ္တာဘူးအမျိုးမျိုး၊ စည်သွတ်ဘူးအမျိုးမျိုး၊ သစ်သီးဘူး-သစ်သီးခြောက်များ၊ ထုံချိုင်းအသားလုံးအမျိုးမျိုးတို့ကို လျှော့စားပြီး လတ်လတ်ဆတ်ဆတ် သား-ငါး-သစ်သီးဝလံတို့ကို ပိုစားပေးပါ။

(၃) ဆား(အငန်)တွေ လျှော့စားပြီး အချဉ်ပိုစားပေးပါ။

(၄) သကြား(အချိုအရသာအမျိုးမျိုး)တွေ လျှော့စားပြီး သဘာဝအချိုအတိုင်းသာ စားပေးပါ။

(၅) အစားလျှော့စားပြီး ပါးစပ်ထဲမှာ အချိန်ကြာကြာဝါးပေးပါ။ (ပါးစပ်ထဲမှာ အချိန်ကြာကြာ ဝါးခြင်းက တင်းတိမ်ရောင့်ရဲလွယ်စေတာကြောင့် အစားအများကြီးပိုမစားမိတော့ဘဲ ကိုယ်အလေးချိန်တိုးလာမှာ မစိုးရိမ်ရတော့ပါဘူး။ ဒ့ါပြင် ညက်ညက်ဝါးစားတာကြောင့် အစာကျေစေပြီး အစာအိမ်နှင့် အူတွေကို ကျန်းမာစေပါတယ်။

(၆) အပြောလျှော့ပြီး အလုပ်နဲ့ သက်သေပြပါ။ (ဆိုလိုတာကတော့ "ပိန်အောင်လုပ်တော့မယ်၊ ဝိတ်ချတော့မယ်"လို့အသံနဲ့ ဟစ်ကြွေးမနေဘဲ အစားလျှော့စားပြီး သင့်တင့်တဲ့ ကိုယ်လက်လှုပ်ရှားအားကစားကို မှန်မှန်လုပ်ပေးရမှာပါ။)

(၇) လောဘလျှော့ပြီး ဒါနပွားများပါ။ (အကုသိုလ်စိတ်တွေ ဖိစီးနေတဲ့အခါ ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်စီးဆင်းနေတဲ့သွေးရည်က သူ့အလိုလို ညှိမည်းပျစ်ခဲလာတာကြောင့် နှလုံးထိခိုက်စေပါတယ်။ ရုပ်ရည်ခက်ထန်ကြမ်းတမ်းစေတဲ့အပြင် အသားအရည်မကြည်လင်တော့ဘဲ အရွယ်ကျမြန်စေပါတယ်။)

(၈) စိုးရိမ်သောက ဗျာပါဒတွေလျှော့ချပြီး၊ အိပ်ရေးဝဝ (ပို)အိပ်ပေးပါ။ (အကောင်းဆုံး စိတ်တည်ငြိမ်ဆေးကတော့ "တရားမှတ်ခြင်း" ပါပဲ)

(၉) ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားစတဲ့ ယာဉ်အမျိုးမျိုးတို့ လျှော့စီးပြီး လမ်းများများလျှောက်ပေးပါ။

(၁၀) ဒေါသ၊ မာန်မာနတွေ လျှော့ပြီး စိတ်လက်ပေါ့ပါး ပြုံးရွှင်စွာနေပါ။

❖❖❖❖❖❖ ပေါက်ပေါက်မှုဝေသည် ❖❖❖❖❖❖

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁-၂၀၁၄ ရက် (တနင်္လာနေ့)ထုတ် ကြေးမုံသတင်းစာပါ စာမျက်နှာ (၈) ကြေးမုံကြော်ငြာကဏ္ဍတွင် ဦးထွန်းထွန်း(မန်နေဂျင်းဒါရိုက်တာ)နှင့် ROYAL-AYAR Creative & Construction Co.,Ltd ဝန်ထမ်းများမှ သုဓမ္မသိင်္ဂီဒေါ်မြင့်မြင့်သန်းအား "လှိုက်လှဲစွာ အထူးထပ်တူဝမ်းမြောက်ဂုဏ်ယူခြင်း" မုဒိတာပွားရာတွင် "ဂုဏ်ရှိခြင်းထက် ဂုဏ်တင်ခြင်း" ဟု ဖော်ပြမိပါသည်။ သို့ပါ၍ ဂုဏ်ရှိခြင်းထက် ဂုဏ်တင့်ခြင်း (ဂုဏ်ရှိခြင်းထက် ဂုဏ်တင့်ခြင်း) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဦးထွန်းထွန်း(မန်နေဂျင်းဒါရိုက်တာ)နှင့် ROYALAYAR Creative & Construction Co.,Ltd ဝန်ထမ်းများ၊ ပုသိမ်မြို့။

Seven စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုပါသလား ? Seven စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခလုံးဝမယူပါ။ **ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၁၇၃၅၂၄၇၊ ၀၉-၇၃၁၁၉၀၉၉**

အမည်မှန်

မြစ်ကြီးနားမြို့၊ အလက (၄)၊ သတ္တမတန်း (A)မှ မောင်ရှမွေလဂွမ်ခေါင်၏ အမည်မှန်မှာ မောင်ရှမွေလဂွမ်ခေါင် (ခ) ဆာမြူရယ်(လ်) ဖြစ်ပါသည်။



ကိုယ့်အားကိုယ်ကိုး ကိုယ့်ဝန်ကိုယ်ထမ်း

ဆောင်းပါးရှင်

ကျွန်ုပ်တို့သည် လူမှုဘဝအောင်မြင်တိုးတက်ရေးကို ဖော်ဆောင်ကြိုးပမ်းရာတွင် ကိုယ်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ဖောက်ပြီး ကိုယ်ပိုင်စွမ်းအားဖြင့် ပန်းတိုင်အရောက်လှမ်းနိုင်ရေးသည် အဓိကကျလှပေသည်။ လူတစ်ယောက်သည် ပညာသင်ကြားရာ၌ဖြစ်စေ၊ စီးပွားရှာရာ၌ဖြစ်စေ၊ မိမိကိုယ်ပိုင်အသိရှိရှိဖြင့် ဇွဲ၊လုံ့လ၊ ဝီရိယစိုက်ထုတ်၍ ယုံကြည်မှုစိတ်ဓာတ်အပြည့်ဖြင့် ထက်ထက်သန်သန် လုပ်ဆောင်နိုင်မှသာ အောင်မြင်တိုးတက်မှုကို ရရှိနိုင်မည်ဖြစ်သည်။

အခြားသူများကိုမှီခိုနေ၍ စစ်မှန်သော အောင်မြင်မှုကို ရရှိနိုင်မည်မဟုတ်။ မိမိဘဝကို မိမိကိုယ်ပိုင်စွမ်းအားဖြင့်သာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည့်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည့်ဝစွာ အောင်မြင်ပြီးမြောက်ရေးသည် နိုင်ငံသားအားလုံး၏ ကာယစွမ်းအား၊ ဉာဏစွမ်းအား၊ ဝီရိယစွမ်းအားတို့ကိုအရင်းခံ၍ မဖြစ်မနေ ကြိုးပမ်းလုပ်ဆောင်မှုအပေါ်တွင် တည်မှီလျက်ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်ကလည်း "အတ္တာဟိ အတ္တနောနာထော" "မိမိဘဝအတွက် မိမိကိုယ်သာ အားကိုးရာအစစ်အမှန်ဖြစ်သည်"ဟု ဟောကြားတော်မူခဲ့သည်။ ဤသည်မှာ ကိုယ့်ခွန်ကိုယ့်အားဖြင့်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်ဟု လမ်းညွှန်ပြသခဲ့ခြင်းဖြစ်သည်။ မြန်မာစာပေနယ်ပယ်တွင်လည်း-

-ဆန္ဒဝတော- ပြင်းပြလွန်းသော အလိုဆန္ဒရှိသူသည် ကိံနာမ- အဘယ်မည်သော၊ ကမ္မံ-အမှုကိစ္စဟူသမျှသည်၊ နသိဇ္ဈတိ- မပြီးစီးဘဲ ရှိအံ့နည်း။ သိဇ္ဈတိ- ဧဝမုချ အမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

-စိတ္တဝတော- ထက်သန်သောစိတ်ရှိသူသည် ကိံနာမ- အဘယ်မည်သော၊ ကမ္မံ-အမှုကိစ္စဟူသမျှသည်၊ နသိဇ္ဈတိ- မပြီးစီးဘဲရှိအံ့နည်း။ သိဇ္ဈတိ-ဧဝ အမှန်ဧကန်ပြီးစီးအောင်မြင်ရမည်သာတည်း။

-ပညာဝတော- ထက်မြက်သော ပညာရှိသူသည် ကိံနာမ- အဘယ်မည်သော၊ ကမ္မံ-အမှုကိစ္စဟူသမျှသည်၊ နသိဇ္ဈတိ-မပြီးစီးဘဲရှိအံ့နည်း။ သိဇ္ဈတိ-ဧဝ အမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

-ဝီရိယတော-နိုးကြားသောလုံ့လရှိသူသည်၊ ကိံနာမ- အဘယ်မည်သော၊ ကမ္မံ-အမှုကိစ္စဟူသမျှသည်၊ နသိဇ္ဈတိ-မပြီးစီးဘဲရှိအံ့နည်း။ သိဇ္ဈတိ- ဧကန်မုချအမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

အထက်ပါ သွန်သင်ချက်များသည် လက်တွေ့ဘဝနယ်ပယ်၌ လိုက်နာရမည့် လမ်းညွှန်ချက်များဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် နိုင်ငံသားများသည် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်လည်းကောင်း နိုးကြားသည့် လုံ့လဝီရိယ၊ ထက်သန်ပြင်းပြသည့် စိတ်ဓာတ်၊ စူးရှထက်မြက်သည့် ပညာဉာဏ်စွမ်းအားတို့ဖြင့် မဖြစ်မနေကြိုးပမ်းလုပ်ဆောင်ပါက ဧကန်မုချအောင်မြင်ရမည်သာဖြစ်သည်။

ထိုသို့သော စိတ်ဓာတ်နှင့်လုပ်ဆောင်ချက်များသည် လူတစ်ဦးချင်းစီနှင့်သာသက်ဆိုင်သည်မဟုတ်၊ နိုင်ငံသားအားလုံးနှင့်ပါ သက်ဆိုင်သောလုပ်ငန်းဖြစ်သည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် လူမှုဘဝပြည့်စုံဖူလုံပြီး အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံသားအားလုံး၏တက်ကြွညီညွတ်သော လူ့စွမ်းအားကို လက်တွေ့ကျစွာ ထိထိရောက်ရောက် အသုံးချသွားရမည်ဖြစ်သည်။ နှီးချက်တစ်ခုသည် သူတစ်ခုတည်းဆိုလျှင် ခံနိုင်စွမ်းအား အလွန်နည်းပါး၏။ သို့သော် နှီးချက်ပေါင်းထောင်နှင့် ချီလာသောအခါ အင်မတန်ကြီးမားခိုင်ခံ့သော စွမ်းအားကြီးဖြစ်လာ၏။ "နှီးချက်တစ်ထောင် ဆင်တစ်ကောင်အား"ဟု ဆိုရိုးစကားရှိခဲ့သည်။

သဲတစ်ပွင့်သည် သေးငယ်လွန်း၏။ သဲပွင့်ပေါင်းများစွာစုပေါင်းလာသောအခါ ကြီးမားသော ထုထည်ရှိသည့် တောင်ကြီးဖြစ်လာနိုင်သည်။ ဤသည်မှာပေါင်းစည်းမှု၏။ အလှတရားဖြစ်၏။ ညီညွတ်ခြင်း၏ အနှစ်သာရဖြစ်၏ ထို့အတူပင် "တစ်ယောက်အားနှင့်ယူသော်မရ" "တစ်သောင်းအားနှင့်ယူသော်ရ၏" "ပြိုင်တူတွန်းလျှင် ရွေ့နိုင်သည်"ဟူသော စကားရပ်တို့သည် ညီညွတ်စွာလုပ်ဆောင်ခြင်း၏ ထိရောက်သော အကျိုးရလဒ်ကိုဖော်ပြနေခြင်းဖြစ်သည်။

"သမဂ္ဂါနံ တပေါသုခေါ"

"ညီညီညွတ်ညွတ် ပေါင်းစည်းလုပ်ဆောင်ခြင်းသည် ကြီးပွားချမ်းသာစေသော အကျင့်မြတ်ဖြစ်သည်"ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် အထက်ပါညွှန်းဆိုချက်များကို နှလုံးသွင်းခံယူလျက် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်

ကျေးလက်ဒေသတွင် သုံးဘီးကားဖြင့် ရေရောင်းသူများအဆင်ပြေ

မကွေး ဇန်နဝါရီ ၁၇

မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာသည် အိမ်ခြေ ၁၀၀၀ နီးပါးရှိပြီး လူဦးရေ ၃၉၀၀ ခန့်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပြီး ရွာ၏တောင်ဘက်နှစ်ဖာလုံခန့်အကွာတွင် ရှေးအစဉ်အဆက်ကရှိခဲ့သည့် သဘာဝမြေသားမိုးရေကန်ကြီးမှာ တပို့တွဲ၊ တပေါင်းလအထိ ရေများကျန်ရှိကြောင်း ဒေသခံများထံမှသိရသည်။

အဆိုပါရေကန်ကြီးသည် အလျားပေ ၂၀၀ခန့်၊ အနံပေ ၁၅၀ ခန့်၊ အနက် ၂၅ ပေ ခန့်ရှိကြောင်း သိရသည်။ ဖိုလေးလုံးကျေးရွာအတွင်း၌ စက်တွင်းရှိသော်လည်း စက်တွင်းမှာမကြာခဏစက်ပျက်သဖြင့် သဘာဝမြေသားမိုးရေကန်ကြီးကိုသာ အမှီသဟဲပြုနေကြရသည်။ မိုးအကုန်ကာလများတွင် ထိုသဘာဝရေကန်ကြီးအတွင်းမှ ရေစုပ်စက်ဖြင့်ရေတင်၍ သုံးဘီးကားဖြင့်ရေရောင်းချနေသူများ အဆင်ပြေလျက်ရှိသည်။

"သုံးဘီးကားတစ်စီး ပီပါလေးလုံးတင်နိုင်တယ်။ ရေတစ်ပီပါ ၇၀၀ ကျပ်နဲ့ရောင်းပါတယ်။ ကျေးလက်ဒေသမှာ ယခင်ကလိုရေစည်လှည်းနဲ့ ရေမတိုက်တော့ဘူး။ ရေအိုးလေးခေါင်းပေါ်ရွက်ပြီး ရေမခပ်ကြတော့ဘူး။ ရေသုံးချင်တဲ့အိမ်တွေက ရေမှာရင်လိုက်ပို့ပေးတယ်။ အချိန်ကုန်မခံကြတော့ဘူး။ ဒီကန်ကြီးကရေဟာ သောက်သုံးရေအတွက် အလွန်ကောင်းတယ်၊ ထမင်းချက်လို့လည်းကောင်းတယ်၊ သောက်ရေအတွက်လည်း ကျန်းမာရေးနဲ့ညီညွတ်တယ်။ ရေကန်ထဲမှာ ရေမချိုးရဘူး။ ကန်စပ်မှာအဝတ်မလျှော်ရဘူး။ တစ်ရွာလုံးအားထားရတဲ့ကန်ဆိုတော့ ရေရှည်တည်တံ့အောင် တာဝန်ရှိသူတွေထိန်းသိမ်းကြတယ်"ဟု ဒေသခံရွာသားကိုဖိုးစုက ပြောသည်။

"နွေရောက်တဲ့အခါ ပိုပြီးရောင်းရတယ်။ ဟိုအိမ်ကမှာ ဒီအိမ်ကမှာပေါ့ ခုချိန်မှာတော့ တစ်နေ့ ၁၀ ခေါက်လောက်တိုက်ရတယ်။ သုံးဘီးကားပေါ်မှာ ပီပါလေးလုံးတင်နိုင်တယ်။ သုံးဘီးကားအတွက် ဓာတ်ဆီရေသန့်ဘူး သုံးဘူး၊ ရေစုပ်စက်မောင်းတာက ရေသန့်ဘူးသုံးဘူးပဲကုန်ပါတယ်၊ မိုးတွင်းနဲ့ ဆောင်းတွင်းမှာ ရေရောင်းတဲ့အလုပ်နားပြီး စိုက်ပျိုးရေးလုပ်ပါတယ်။ နွေမှာတော့ ဝင်ငွေရအောင် ရေရောင်းပါတယ်" ဟု ရေရောင်းသူကပြောသည်။

အညာကျေးလက်ရေရှားပါးသော ကုန်းခေါင်ခေါင်ဒေသများ၌ နွေကာလအချိန်များတွင် သုံးဘီးကားများ၊ ထော်လာဂျီများကိုအသုံးပြု၍ ရေရောင်းသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(မကွေးလှမြင့်)**

များကို မြဲမြံခိုင်မာသော သန္နိဋ္ဌာန်၊ စည်းလုံးညီညွတ်သော စွမ်းအားတို့ဖြင့် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ လူတစ်ဦးချင်းစီတွင် ကျွမ်းကျင်လိမ္မာသော စွမ်းပကားတစ်မျိုးစီရှိကြ၏။ စူးနေရာစူး၊ ဆောက်နေရာဆောက်ဆိုသကဲ့သို့ လုပ်ငန်းကျွမ်းကျင်မှုအလိုက် သူ့နေရာနှင့်သူ အံဝင်ခွင်ကျအသုံးချတတ်ဖို့လိုအပ်ပါသည်။

တစ်ခုစီပြန့်ကျဲနေသော စွမ်းအားတို့ကို စနစ်တကျပေါင်းစည်းပေးခြင်းအားဖြင့် ကြီးမားသောစွမ်းအားစုကြီးဖြစ်လာအောင် လုပ်ဆောင်ပေးခြင်းဖြင့်လည်းကောင်း၊ မတူကွဲပြားခြားနားနေသော အသိတရားများကို တူညီသောအသိတရားများဖြစ်လာအောင် သမူဟကျစွာ ပေါင်းစည်းပေးခြင်းဖြင့်လည်းကောင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးချသွားရမည်ဖြစ်သည်။







သွာနုတ္တသားအဖြစ် ကြေညာခြင်း

မောင်စိုးညဏ(ခ)မောင်ဖိုးထို [၁၂/ရကန(နိုင်)၀၆၇၉၁၆]သည် မိဘနှစ်ပါးအား ရန်သူသဖွယ်ပြုမူခြင်း၊ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်း၊ မိဘဆွေမျိုးများ သွန်သင်ဆုံးမသည်ကို နားမထောင်ခြင်း စသည်တို့ကြောင့် အမွေစား၊ အမွေခံထိုက်သူ မဟုတ်ကြောင်း သွာနုတ္တသားအဖြစ် ကြေညာလိုက်သည်။

မိဘနှစ်ပါး
ဦးခင်မောင်စန်း[၉/မနမ(နိုင်)၁၁၀၇၀၅]
ဒေါ်အေးအေးမြင့်[၁၂/ရကန(နိုင်)၀၀၄၆၂၂]

အစားအစာတန်ဖိုးမြှင့်တင်ရေး လုပ်ငန်းစဉ်များပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၇

သား၊ ငါးတို့ကို မွေးမြူထုတ်လုပ်သည်မှ စားသုံးနိုင်သည့် စားသောက်ကုန်များ (တန်ဖိုးမြှင့်ထုတ်ကုန်များ) ဖြစ်သည်အထိ ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းဆိုင်ရာ ပြပွဲကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိရစ္ဆာန်ဆေးဝါးများ၊ အစာဖြည့်စွက်နှင့် အာဟာရဆိုင်ရာများ၊ မွေးမြူရေးနှင့် ငါးပုစွန်အစာများ၊ အသားဥနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေး၊ ထုပ်ပိုးရေးပစ္စည်းများနှင့် စက်ကိရိယာများ၊ အဖျော်ယမကာ နည်းပညာများ၊ ပုလင်းသွင်း စည်သွတ်နည်းပညာများ၊ မုန့်ဖုတ်လုပ်ငန်းသုံး စက်ပစ္စည်းများ စသည်ဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် မွေးမြူရေးအစာ၊ အသားကဏ္ဍနှင့် နိုင်ငံတကာ အစားအစာတို့၏ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုဆိုင်ရာ နည်းပညာများကို ထိုင်း၊ ဂျာမနီ၊ ဟော်လန်အပါအဝင် ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်တို့က ပါဝင်ပြသကြမည်ဖြစ်သည်။

"အခုလို ပြပွဲတွေကနေ မြန်မာနိုင်ငံရဲ့ မွေးမြူရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံသူတွေ သိရှိလာမှာဖြစ်သလို ပြည်တွင်း လုပ်ငန်းရှင်တွေကလည်း နိုင်ငံတကာရဲ့ တိုးတက်နေတဲ့ မွေးမြူရေးဆိုင်ရာ နည်းပညာ၊ ဗဟုသုတတွေကို လေ့လာနိုင်ပြီး ဈေးကွက်ရဖို့ အခွင့်အလမ်းတွေကိုလည်း ချိတ်ဆက်လာနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာလှလှသိန်းက ပြောသည်။

ထိုပြပွဲကို မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် အတူ ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများမှ ပညာရှင်များ၏ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ အစီအစဉ်များပါဝင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာလုပ်ငန်းရှင်များအား မွေးမြူရေး အစာထုတ်လုပ်ရာ၌ အကောင်းဆုံးတီထွင်ကြံဆဆု၊ အသားတိုးကြက်မွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ နို့စားနွားမွေးမြူရေး၊ ဝက်နှင့် ချင်းပြည်နယ်ရှိ နွားနောက်မွေးမြူရေးတို့မှ အကောင်းဆုံး မွေးမြူထုတ်လုပ်သူဆုများ အစရှိသဖြင့် ဆုခုနစ်မျိုးကို မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်က ရွေးချယ်ကာ ပြပွဲကို တာဝန်ယူကျင်းပသည့် ဟောင်ကောင် အခြေစိုက် UBM Asia (United Business Media Plc) က ချီးမြှင့်သွားမည်ဟုလည်း သိရသည်။

(နန္ဒာဝင်း)

တောင်ပေါ်ငှက်ပျော လှိုင်လှိုင်ပေါ်

ရေတာရှည် ဇန်နဝါရီ ၁၇

ဒေသအနှံ့အပြားတွင် ဝယ်လိုအားကောင်းသော ငှက်ပျောသီးများ ယခုဆောင်းရာသီတွင် ရေတာရှည်မြို့နယ်အရှေ့ တောင်ပေါ်ဒေသနှင့် ကရင်ပြည်နယ် သံတောင်မြို့နယ်တို့မှ ဈေးကွက်သို့ အများအပြားဝင်ရောက်လျက်ရှိသည်။

တောင်ပေါ်ဒေသအနှံ့အပြားတွင် ငှက်ပျောခြံပေါင်းများစွာ စိုက်ပျိုးလျက်ရှိပြီး မိုးရာသီကာလ၌ လမ်းပန်းဆက်သွယ်ရေးမကောင်း၍ ဈေးကွက်သို့ တစ်ခါတစ်ရံသာဝင်ရောက်လေ့ရှိသည်။ ယခုလိုပွင့်လင်းရာသီတွင် မြင်းခြံ၊ တောင်သာမြို့များနှင့် ရန်ကုန်ဈေးကွက်များ၏ ဝယ်လိုအားကြောင့် နေ့စဉ်ငှက်ပျောဖီး ၂၀၀ ကျော်ပါသည့်ခြင်းရေ ၅၀ ခန့် တင်ပို့ရောင်းချလျက်ရှိသည်ဟု အရောင်းအဝယ်လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

"ဒီအရောက်ကို တစ်ဖီး ကျပ် ၁၀၀ ကနေ ကျပ် ၂၅၀ အထိ ဝယ်ယူပါတယ်။ နေ့စဉ် အရောင်းရှိနေပါတယ်"ဟု ၎င်းက ပြောပြသည်။

(၅၇၈)

ကန်နီကျေးရွာတွင် ဆီးသီးဈေးကောင်း၍ သီးစိုက်တောင်သူများအပိုဝင်ငွေရရှိ

မိတ္ထီလာ ဇန်နဝါရီ ၁၇

မိတ္ထီလာမြို့နယ် ကန်နီအုပ်စု ကန်နီ ကျေးရွာတွင် ဒေသထွက် စိုက်ပျိုးသီးနှံများ ရိတ်သိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးချိန်တွင် မိမိတို့ယာမြေကန်သင်းရိုးပေါ်တွင် စိုက်ပျိုးထားရှိသည့် ဆီးပင်များမှ ဆီးသီးအမှည့်များကို တစ်ပတ် တစ်ကြိမ် ကောက်ယူ၍နေလှန်းပြီး ဆီးသီးများ ခြောက်သွေ့ပါက ရောင်းချခြင်းဖြင့် အပိုဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးထားရှိသည့် သီးနှံပင်များကလည်း ရိတ်သိမ်းဆောင်ရွက်ပြီးစီး ဆီးပင်များမှ အပင်အောက်သို့ ကြွေကြသည့် အသီးများကို တစ်ပတ်တစ်ကြိမ် ကောက်ယူကြတယ်။ ဆီးပင်များကို မြေနေရာအတွက် အခက်အခဲမရှိဘဲ မိမိတို့ ယာမြေကန်သင်းရိုးပေါ်တွင် စိုက်ပျိုးထားရှိကြတယ်။ ဆီးပင်က အခြားသီးနှံပင်လို ဂရုစိုက်ဆောင်ရွက်ရခြင်းမရှိဘဲ မိုးဦးကာလတွင် အပင်ပေါက်များကို စိုက်ပျိုးကြတယ်။ စိုက်ပျိုးချိန်သာ ဆိတ်များစားသွားမည်ဖြစ်သဖြင့် ဆူးများကာရံခြင်း ဆောင်ရွက်ကြရသဖြင့် ဆီးပင်စိုက်ပျိုးသူများအတွက် အလုပ်များခြင်းမရှိဘူး၊ ဆီးသီးကိုအချို့က အစိုရောင်းချသလို နေလှန်းအခြောက်ထားပြီး ရောင်းချကြတယ်။ ဆီးသီးအစိုတစ်တင်းကို ငွေကျပ် ၁၆၀၀ နှုန်းဖြစ်ပြီး အခြောက်ကို ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ကျေးရွာအရောက် လာရောက်ဝယ်ယူကြတယ်။ ဆီးပင်တစ်ပင်ကို ဆီးသီးရှစ်တင်းမှ ၁၀ တင်းအထိ ထွက်ရှိကြသဖြင့် ဆီးသီးကောက်ယူခြင်းကို ကျေးရွာတိုင်းလိုလို ဆောင်ရွက်ကြတယ်၊ ဆီးသီးက ကျေးလက်တောင်သူများအတွက် အလုပ်များခြင်းမရှိဘဲ အပိုဝင်ငွေများရရှိကြတယ်"ဟု တောင်သူဦးဖိုးထောင်က ပြောကြားသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မော်လိုက်တွင် ကိုယ့်အားကိုယ်ကိုးကျေးလက်သားဖွားခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံပေးအပ်ပွဲကျင်းပ

မော်လိုက် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုင်ခရိုင် မော်လိုက်မြို့နယ် ပန်းသာကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်သားဖွားခန်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆန်းလွင်ဦးက ကျေးလက်သားဖွားခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပန်းသာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဖိုးကင်းက ခရိုင်ကျန်းမာရေး ဦးစီးဌာနသို့ ကျေးလက်သားဖွားခန်း အဆောက်အအုံနှင့် ပတ်သက်သည့် စာရင်းဇယားများကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်ပြီး မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူးအဖွဲ့သည် လောသာကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက် ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

Mobile King ... Sony Vieo ... Laptop
... 500 GB Buffalo (Ex:HD) ...
09-5154771, 09310023067, 01-388109

မြေကွက်များဝယ်လိုသည်
ဒဂုံတောင်၊ဒဂုံဆိပ်ကမ်းနှင့်အရှေ့ပိုင်း
ဖုန်း-၀၉-၇၃၀၈၉၇၃၇၊
၀၉-၄၂၅၂၈၉၀၀၃၊ ၀၉-၄၂၅၂၈၉၀၀၄၊
၀၉-၄၉၃၃၉၃၅၄

အထကသင်္ကြလ(၁၁)ကြိမ်မြောက်မြတ်ဆရာပူဇော်မည်

အထက သင်္ကြလတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသားဟောင်းများ မည်သူမဆို မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ပစ္စည်းနှင့် အလှူငွေများထည့်ဝင်လိုသူများသည် ဦးဝင်းရွှေ ဖုန်း ၀၉-၂၅၀၂၀၉၇၆၈၊ ဦးကျော်ရဲထွန်း ၀၉-၄၉၄၃၆၅၂၉၊ ဒေါ်ခင်တီ ၀၉-၈၆၂၀၂၇၅၊ ဦးအောင်သက်ဆွေ ၀၅၂-၅၇၀၄၄၊ ဦးမြင့်သန်း ၀၉-၃၁၃၂၇၅၈၉ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

တောင်ဥက္ကလာပမြို့နယ်၊ အလက(၃) အာစရိယပူဇော်ပွဲ ကျင်းပမည်

အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၂-၃-၂၀၁၄/တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၉၆၅-ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အလက(၃)တွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ဆရာမကြီးများ ကြွရောက်အပူဇော်ခံနိုင်ပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်းအားလုံး တက်ရောက်ရန်ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

အလက(၃)	၀၁-၅၆၅၄၃၉	ကိုစိုးထွန်း	၀၉-၅၁၀၅၅၄၂
မစောမြတ်ကြွယ်	၀၁-၅၆၄၅၆၃	ကိုနွယ်ဝင်း	၀၉-၄၃၁၆၆၃၇၆
ကိုစိန်မြင့်	၀၉-၅၁၅၄၁၄၉	ကိုခင်ဆောင်	၀၉-၅၀၉၆၉၀၇
ကိုလှူလှ	၀၉-၅၅၀၂၅၆၃	မစန်းစန်းအောင်	၀၁-၅၆၁၇၂၄
မဝင်းမာ	၀၉-၃၁၃၅၈၇၆၄	မစန်းစန်းလွင်	၀၉-၄၃၀၂၄၁၁၂
ကိုမြင့်နိုင်ဦး	၀၉-၅၁၁၂၇၁၅	ကိုမြင့်အောင်(ဗေလုဝ)	၀၉-၅၁၃၆၉၉၈
ကိုအောင်တင် (မောင်မောင်အောင်)	၀၉-၄၂၁၁၆၇၀၉၃		

အမည် ဦးခေါ်ယိန်း၏သမီး မြစ်ကြီးနားမြို့၊အထက(၁)၊နဝမတန်း(A)မှ
ပြောင်း မဂရိတ်ခေါ်ယိန်းဘန်အား မဂရိတ်ယိန်းဘန်ဟု ပြောင်းလဲခေါ်ပါရန်။

ကုန်သွယ်မှုမြှင့်တင်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

မြင်းခြံ ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၂) ရပ်ကွက်ရှိ ပုပ္ပားခန်းမ၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံဦးဆောင်သော အစိုးရအဖွဲ့နှင့် မြင်းခြံမြို့နှင့် တောင်သာမြို့ ကုန်စည်ဒိုင်မှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက မိမိတို့အဖွဲ့ယခုလိုလာရောက်ရခြင်းမှာ မြင်းခြံမြို့နှင့် တောင်သာမြို့ရှိ ကုန်စည်ဒိုင်များ ကုန်သွယ်မှု စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် စားသုံးသူရေးရာကိစ္စရပ်များကို ကူညီဖြေရှင်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးသူနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဦးဆွေတင့်ကြူးတို့ကလည်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်၊ မြင်းခြံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးတင်လှိုင်၊တောင်သာကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တက်ရောက်လာသူတို့က ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ စားသုံးသူဆိုင်ရာကိစ္စများကို တင်ပြဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်၊ မြင်းခြံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အဖွဲ့ဝင်များ၊ တောင်သာကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ ကုန်သည် ပွဲစား၊ စက်ပိုင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။ (၆၄၃)

ပိုးစပါးအထွက်နှုန်းကောင်းသဖြင့် တောင်သူများ ဝင်ငွေတိုး

မလှိုင် ဇန်နဝါရီ ၁၇

မလှိုင်မြို့နယ် နွားကန်တိုက်နယ်အတွင်းရှိ ဇီးကုန်းကျေးရွာသည် စိုက်ပျိုးသီးနှံများဖြစ်သည့် မြေပဲ၊ ကြက်သွန်များအနက် ဝမ်းစာအဖြစ် စပါးကို အဓိကထားစိုက်ပျိုးကြပြီး တစ်နိုင်တစ်ပိုင်မွေးမြူရေး အနေဖြင့် (ကဆီ) ဆိတ်များကိုလည်း မွေးမြူထားသည်ဟု သိရသည်။ ယင်းကျေးရွာမှ စပါးစိုက်ပျိုးသည့် တောင်သူတစ်ဦးက "အဘတို့ရွာကလေးက တခြားမြို့နယ်တွေလို အိမ်ခြေအများကြီးမရှိဘူး၊ အခုဆိုရင် ရာသီဥတုကလည်းကောင်း၊ သီးနှံဈေးတွေကလည်း ထိုက်သင့်သလောက်ကောင်းတော့ တောင်သူတွေလက်ဖျားငွေသီးတဲ့နှစ်ပဲ၊ ဇီးကုန်းဆည်က ရေကိုနီးနီးနားနား သုံးစွဲလို့ရတာကြောင့် ဒီနှစ်ဝမ်းစာအတွက် မိုးစပါးများလည်း အတော်ရကြတယ်။ အရင်နှစ်တွေကဆို တစ်ဧကကို တင်း ၃၀ ကျော်ထွက်ဖို့ မနည်းကိုကြိုးစားကြရတယ်။ ဒီနှစ်တော့ တစ်ဧကကို တင်း ၅၀ ထွက်တယ်"ဟု ဇီးကုန်းကျေးရွာ တောင်သူတစ်ဦးက ပြောသည်။

ကျော်ကျော် (မလှိုင်)

ဝါးတန်းဆန်ကုန်စည်ဒိုင်သို့သွားရာလမ်းမှ အမြင်မတော်သည့် အမှိုက်ပုံကြီး

ရန်ကုန် ဇန်နဝါရီ ၁၇

ဝါးတန်းဆန်ကုန်စည်ဒိုင်နှင့် ဆန်စပါးအထူးပြုကုမ္ပဏီ (ယခင်ဖက်စပ် ၂ အဆောက်အအုံ)သို့ သွားရာလမ်းဖြစ်သော ပြည်တွင်းရေကြောင်း သင်္ဘောလက်မှတ်ရုံအနီး ပြည်တွင်း ရေကြောင်းလုံခြုံရေး အစောင့်ရဲတပ်ဖွဲ့ရုံးနောက်ရှိ အမှိုက်ပုံကြီးမှာ သိမ်းဆည်းမှုအားနည်း၍ **(အပေါ်ပုံ)** အမြင်မတော်ဖြစ်နေရသည်ဟု ဆန်ကုန်သည်များက ဆိုသည်။

စွန့်ပစ်အမှိုက်များ ပြန်လည်သိမ်းဆည်းသူများ၏ ပစ္စည်းများနှင့်အတူ အမှိုက်ပုံမှာ မြင်မကောင်းစွာရှိနေရာ နိုင်ငံပိုင်သတင်းစာမှ ၂၀၁၃ ခုနှစ်တွင် သတင်းရေးသားဖော်ပြမှုကြောင့် ယာယီသန့်ရှင်းပေးမှုရှိခဲ့သော်လည်း ယခုအခါ အများပြည်သူမြင်မကောင်းစွာဖြင့် ရန်ကုန်မြို့လယ် ဆိပ်ကမ်းနယ်မြေတွင် မြင်တွေ့ရကြောင်း၊ ဆိပ်ကမ်းမြို့နယ်သာယာသန့်ရှင်းရေးတွင် အခြားမြို့နယ်များနည်းတူ အဖုံးပါအမှိုက်ပုံးကြီး၊ လတ်များချထားပြီး ပုံမှန် သိမ်းဆည်းပေးစေလိုကြောင်း၊ လက်မှတ်ရုံဘေးပတ်လည်ရှိ ရေမြောင်းတွင်လည်း စီးဆင်းမှုမရှိသော ရေဆိုးများ နေ့စဉ်မြင်တွေ့နေရကြောင်း ဆိပ်ကမ်းမြို့နယ်အတွင်း သွားလာနေသူများက ဆိုသည်။

(မောင်စေအောင်)

ပန်းတနော်မြို့နယ် ဦးဒီချောင်းကျေးရွာချင်းဆက် အာရ်စီကွန်ကရစ်တံတား ဆောက်လုပ်ပြီးစီး

ပန်းတနော် ဇန်နဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ပန်းတနော်၊ ဂုံမင်း၊ တူးချောင်း၊ ပျဉ်တိုးကြီး၊ တောကျောင်း၊ ဒေါင့်ကြီးကျေးရွာများသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းနှင့် ဆက်သွယ်ထားရာ အာရ်စီကွန်ကရစ်ချောင်းကူးတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ငွေလုံးငွေရင်းရန်ပုံငွေမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာမှ စတင်တည်ဆောက်ခဲ့ရာ ယခုနှစ်ဇန်နဝါရီလတွင် ပြီးစီးခဲ့ပြီဖြစ်သည်။

အဆိုပါချောင်းကူးတံတားသည် ကျေးရွာချင်းဆက် ကျောက်ချောလမ်းမှ ပန်းတနော်မြို့သို့ ဆက်သွယ်ရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုရေး၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အသုံးပြုသည့် အရေးပါဆုံးတံတားတစ်စင်းဖြစ်သည်။ "အခုကကတော့ မြို့နဲ့ဝေးတဲ့ကျေးရွာတွေအတွက် အလွန်အဆင်ပြေသွားပါတယ်။ ဒီမှာက ကျေးရွာအုပ်စုခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၄၀ ခန့်က ပြည်သူ ၂၀၀၀၀ ကျော်လောက် သွားလာနေတာပါ။ ထော်လာဂျီတွေကို အားကိုးပြီး လယ်ယာလုပ်ငန်း၊ သင်ဖြူးလုပ်ငန်း၊ ကွမ်းနဲ့ရေထွက်ပစ္စည်းတွေ မြို့ကို အချိန်မီပို့နိုင်တော့မှာဖြစ်လို့ ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားတိုးတက်တော့မှာပါ" ဟု တောကျောင်းကျေးရွာနေပြည်သူတစ်ဦးက ပြောသည်။

ဦးဒီချောင်းကျေးရွာချင်းဆက် အာရ်စီကွန်ကရစ်တံတားမှာ အရှည် ၆၂ ပေ၊အကျယ် ၁၂ ပေ၊အမြင့် ၁၅ ပေရှိပြီး ကုန်ကျငွေ ၈၅ ဒသမ ၉ သိန်းရှိကြောင်း သိရသည်။

(၁၆၆)

မိတ္ထီလာတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၁၇

မိတ္ထီလာတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲကို မြို့နယ်ပေါက်ချောင်းအားကစားကွင်း၌ ဇန်နဝါရီ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘူမိဗေဒပါမောက္ခ ဒေါက်တာဌေးအောင် ပါဝင်သည့် ဘောလုံးဆပ်ကော်မတီက စီစဉ်ကျင်းပသည့် အဆိုပါဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အမျိုးသားဘောလုံးအသင်းရှစ်သင်း၊ အမျိုးသမီးဘောလုံးအသင်း ခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး နေ့စဉ်နံနက် ၇ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီခွဲတွင်တစ်ကြိမ် ပြိုင်ပွဲကျင်းပသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၇ ရက်တွင်လည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

လူမှုရေး/စီးပွားရေးကြော်ငြာ



အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ မူလနေထိုင်သူရရှိထားသောအခန်းအား ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးသိန်းဟန် (LTA-၀၀၄၈၈၉)(မှ)	ဦးအောင်ဇော်မြင့် [၁၂/လမတ(ဧည့်)၀၀၀၄၂၃] ဦးမောင်မောင်ဝင်း [၁၂/လသန(ဧည့်)၀၀၀၆၆၆] ဦးထက်ကိုကို [၁၂/ဗဟန(နိုင်)၀၁၀၅၅၅]	အမှတ်(၆၂၀)၊ ၆လွှာ မဟာဗန္ဓုလလမ်း၊ လသာ
၂။	ဒေါ်ငွေ [၁၂/လသန(နိုင်)၀၁၆၉၄၉](မှ)	ဦးအောင်ဇော်မြင့် [၁၂/လမတ(ဧည့်)၀၀၀၄၂၃] ဦးမောင်မောင်ဝင်း [၁၂/လသန(ဧည့်)၀၀၀၆၆၆] ဦးထက်ကိုကို [၁၂/ဗဟန(နိုင်)၀၁၀၅၅၅]	အမှတ်(၆၂၀)၊ ၇လွှာ မဟာဗန္ဓုလလမ်း၊ လသာ
၃။	ဦးသီဟ [၁၂/လသန(နိုင်)၀၁၇၃၄၉](မှ)	ဦးအောင်ဇော်မြင့် [၁၂/လမတ(ဧည့်)၀၀၀၄၂၃] ဦးမောင်မောင်ဝင်း [၁၂/လသန(ဧည့်)၀၀၀၆၆၆] ဦးထက်ကိုကို [၁၂/ဗဟန(နိုင်)၀၁၀၅၅၅]	အမှတ်(၆၂၀)၊ ၈လွှာ မဟာဗန္ဓုလလမ်း၊ လသာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)ရပ်ကွက်အနောက်၊ ဥယျာဉ်လမ်းရှိ အမှတ်-၆၇၃ (က+ခ)ဟုခေါ်တွင်သော မြေအကျယ်ပေ (၄၀×၆၀) မြေကွက်ကို တစ်ဦးတည်းပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်ခင်ခင်ကြီး [၁၂/မဂတ(နိုင်)၀၄၅၃၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးဝေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာမြင့်(စဥ်-၁၀၁၉၁) အထက်တန်းရှေ့နေ
တိုက်(၆၈)၊ ၅လွှာ-B၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၂၁၈၆၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

၁၂-၁-၂၀၁၄ရက် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၇၊ မြေကွက်အမှတ် ၃၉၉၊ မြေကွက်တည်နေရာအမှတ်-၃၉၉၊ ၁၄၇ ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်စန်းစန်းမူ[၁၂/ကတတ(နိုင်)၀၁၀၄၇၉]အမည်ပေါက် ပါမစ်သည် ပျောက်ဆုံးခြင်းမဟုတ်ပါကြောင်း၊ ဒေါ်စန်းစန်းမူ [၁၂/ကတတ(နိုင်)၀၁၀၄၇၉]သည် ဦးညီညီသန့်[၁၂/ရကန(နိုင်)၀၁၈၇၀၄] တိုက်-၂၁၅၊ အခန်း-၂၈၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်အား ၆-၉-၁၉၉၇ရက်တွင် ဒေါ်စန်းစန်းမူ၏ ယင်းမြေကွက်ချပေးသည့် တရားဝင်စာရွက်စာတမ်း၊ အထောက်အထားများနှင့်တကွ မြေအရောင်းအဝယ်စာချုပ်နှင့်အတူ ဦးညီညီသန့်သို့ ရောင်းချထားပြီးဖြစ်ပါ၍ ယင်းစာရွက်စာတမ်းများသည် ဦးညီညီသန့်၏ လက်ဝယ်တွင်ရှိပါသောကြောင့် ဒေါ်စန်းစန်းမူ ပါမစ်ပျောက်ဆုံးနှင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားခြင်းအား ကန့်ကွက်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါက်တာဦးညီညီသန့်
[၁၂/ရကန(နိုင်)၀၁၈၇၀၄]
တိုက်-၂၁၅၊ အခန်း-၂၈၊ (၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ကိုစိုးရှိန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဥကတ(နိုင်) ၁၃၀၁၇၆] ကိုင်ဆောင်သူ၏ ဇနီးဖြစ်သူ မဝင်းသီတာ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/ပတန(နိုင်) ၀၄၁၂၀၀]ကိုင်ဆောင်သူသည် မိသားစု၏ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ဆောင်ရွက်သွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မဝင်းသီတာ ယခင်ပြုလုပ်ခဲ့သော ကိစ္စအရပ်ရပ်နှင့် နောင်ပြုလုပ်သော ကိစ္စအရပ်ရပ်တို့ကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ကိုစိုးရှိန် [၁၂/ဥကတ(နိုင်)၁၃၀၁၇၆]

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (A/5)လမ်း၊ တိုက်(၁)၊ အခန်း(၁၀၄)နေ ဦးမျိုးလွင်၏သား မောင်မျိုးခန့်အောင်(ခ)အရှုရတ်သည် မိဘနှစ်ပါးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောအလျောက်နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင်-ဦးမျိုးလွင် [၁၂/သကတ(နိုင်)၁၃၄၉၉၅]

[illegible] KBZ Bank(Account No.00730200701690301) [illegible]

အနန္တကျေးဇူးတော်ရှင်ကြခတ်ဝိုင်းဆရာတော်ကြီး (၃)နှစ်ပြည့်အထိမ်းအမှတ် “တတိယအကြိမ်ဂုရုပူဇာ”ပင့်လျှောက်/ဖိတ်ကြားခြင်း

ဘဝနတ်ကျောင်းရွှေ့ပြောင်းစံနေတော်မူသည့်တပည့်များ၏ အနန္တကျေးဇူးရှင် နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တွဲဖက်ရွှေကျင်သာသနာပိုင် ကြခတ်ဝိုင်း ပဋ္ဌမဆရာတော် ဘဒ္ဒန္တဇောတိပါလ မဟာထေရ်မြတ်ကြီး၏ဂုဏ်တော်အဖုံဖုံကို အာရုံတန်းမှန်းလျှုဒါန်းပူဇော်သည့် (၃)နှစ်ပြည့် အထိမ်းအမှတ်ကျေးဇူးဆပ် တတိယအကြိမ် ဂုဏပူဇာအလှူတော်မင်္ဂလာသဘင်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်) ၂၈-၁-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတိတိတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပူဇော်ကြပါရန် ရပ်ဝေး ရပ်နီးအသီးသီးရှိ ဆရာတော်ကြီး၏တပည့် ကြခတ်ဝိုင်းဝံသဆရာတော်၊ သံဃာတော်များနှင့် ဒကာ၊ ဒကာမအပေါင်းတို့ထံ လက်လှမ်းမီသမျှ ပင့်လျှောက်လွှာ၊ ဖိတ်ကြားလွှာများပေးပို့ဆက်ကပ်ပြီး ဖြစ်ပါသည်။

ပင့်လျှောက်/ဖိတ်ကြားလွှာမရောက်လျှင်လည်း ဤသတင်းစာပါ ပင့်လျှောက်/ဖိတ်ကြားခြင်းကို အသိမှတ်ပြုပြီး ကြွရောက်ပူဇော်ကြပါရန် ရိုသေလေးစားအရေးထားကာ အကြောင်းကြားသိစေအပ်ပါသည်။

ဝန်ဆောင်သံဃာတော်များနှင့် ဒကာ/ဒကာမများ
ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ဆေးရုံကြီးများတွင် အသုံးပြုရန် အောက်ဖော်ပြပါမော်တော်ယာဉ်များအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Hilux Double Cab (၁၅) စီး
(ခ) Toyota Hiace(7 Seaters) (၅) စီး
(ဂ) Townace(1.5 Ton) (၃) စီး

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၁-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၄-၂-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကျန်းမာရေးဦးစီးဌာန
ရုံးအမှတ်(၄)၊ နေပြည်တော်
ဖုန်း-၄၁၁၁၆၁၊ ဖက်စ်-၄၁၁၄၇၈

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်-ဘိုကလေးမြို့
အိတ်ဖွင့်တင်ဒါ (OPEN TENDER) ခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅) ဘိုကလေးမှ (၂၀၁၃-၂၀၁၄)ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

(က) ဘိလပ်မြေ (၁၆၁)တန် (ကျောက်ကလပ်- ဒီးဒူးကုန်း-ပြင်ခရိုင်)
(ခ) တောသစ် (၆၄)တန် (ချောင်းဝလမ်းပေါ်ရှိ ဒီးဒူးကုန်းတံတား)
(ဂ) မြစ်ကျောက်စရစ် (၁၃၀) ကျင်း ။
(ဃ) သံချောင်းလုံး (၄၃)တန် ။
(င) ဘိလပ်မြေ (၃၀၉)တန် (ဘိုကလေးမြစ်ကူးတံတားတည်ဆောက်
(စ) တောသစ် (၃၈)တန် ရေးလုပ်ငန်း)

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၃၁-၁-၂၀၁၄ ရက် ၁၀း၀၀ နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၃၁-၁-၂၀၁၄ ရက် ၁၁း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅) ဘိုကလေးမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၆-၁-၂၀၁၄ ရက်မှစ၍ တံတားအထူးအဖွဲ့(၅) ဘိုကလေးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)၊ ဘိုကလေးမြို့
ဖုန်း-၀၄၅-၄၅၇၅၁



ကြော်ငြာစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၁

[ကွယ်လွန်သူ ဒေါ်ခင်စိန်၏ ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၄၈၈)အမည်ရှိ အိမ်နှင့် ယင်းအိမ်တည်ရှိရာ အမှတ်(၄၈၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်-နွယ်အေး၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ အကျယ်အဝန်းပေ(၂၅×၅၀) နှစ်(၆၀)ဂရန် အမျိုးအစားမြေကွက်]

ဒေါ်ဂလိုရီယာမေရီ **လျှောက်ထားသူ**

၁		၂	၃	၄	၅	၆	၇
၁		**လယ်ယာကဏ္ဍကြီး**	**၁၇၇၂၉၃၁၈.၃**	**၂၉.၉**	**၁၈၉၁၄၄၂၁.၇**	**၂၈.၆**	**၆.၇**
	၁	လယ်ယာ	၁၃၀၅၈၆၄၀.၄	၂၂.၀	၁၃၇၅၉၀၂၉.၉	၂၀.၈	၅.၄
	၂	သားငါး	၄၅၀၉၅၁၆.၈	၇.၆	၅၀၄၄၄၁၅.၂	၇.၆	၁၁.၉
	၃	သစ်တော	၁၆၁၁၆၁.၁	၀.၃	၁၁၀၉၇၆.၆	၀.၂	-၃၁.၁
၂		**စက်မှုကဏ္ဍကြီး**	**၁၉၉၉၉၆၈၄.၆**	**၃၃.၈**	**၂၃၂၂၉၁၀၇.၉**	**၃၅.၀**	**၁၆.၁**
	၁	စွမ်းအင်	၃၇၆၇၀၉၆.၂	၆.၄	၄၄၇၅၇၂၂.၈	၆.၈	၁၈.၈
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၇၀၈၅၁၇.၀	၁.၂	၇၁၀၃၄၄.၁	၁.၁	၀.၃
	၃	စက်မှုလက်မှု	၁၂၀၉၉၅၀၉.၄	၂၀.၄	၁၃၅၄၂၅၂၈.၉	၂၀.၄	၁၁.၉
	၄	လျှပ်စစ်ဓာတ်အား	၇၂၈၅၂၄.၇	၁.၂	၁၀၁၉၈၉၄.၁	၁.၅	၄၀.၀
	၅	ဆောက်လုပ်မှု	၂၆၉၆၀၃၇.၃	၄.၆	၃၄၈၀၆၁၈.၀	၅.၂	၂၉.၁
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	**၂၁၅၁၉၉၅၀.၁**	**၃၆.၃**	**၂၄၀၉၂၁၇၇.၀**	**၃၆.၄**	**၁၂.၀**
	၁	ပို့ဆောင်ရေး	၆၉၅၅၅၀၄.၁	၁၁.၇	၇၅၄၀၉၇၀.၄	၁၁.၄	၈.၄
	၂	ဆက်သွယ်ရေး	၅၆၀၇၂၆.၂	၁.၀	၅၈၈၅၃၄.၈	၀.၉	၅.၀
	၃	ငွေရေးကြေးရေး	၇၉၈၆၈.၂	၀.၁	၉၈၉၂၄.၀	၀.၁	၂၃.၉
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၃၅၅၆၁၀.၁	၂.၃	၁၈၈၆၂၂၂.၁	၂.၈	၃၉.၁
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၂၂၈၆၂၈.၄	၂.၁	၁၄၉၈၁၇၀.၃	၂.၃	၂၁.၉
	၆	ကုန်သွယ်မှု	၁၁၃၃၉၆၁၃.၁	၁၉.၁	၁၂၄၇၉၃၅၅.၄	၁၈.၉	၁၀.၁
၄		**အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၅၉၂၄၈၉၅၃.၀**	**၁၀၀.၀**	**၆၆၂၃၅၇၀၆.၆**	**၁၀၀.၀**	**၁၁.၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ

ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**ထုတ်လုပ်မှုတန်ဖိုး**	**၃၇၇၂၉၀၀၂.၉**	**၆၃.၇**	**၄၂၁၄၃၅၂၉.၆**	**၆၃.၆**	**၁၁.၇**
	၁	လယ်ယာ	၁၃၀၅၈၆၄၀.၄	၂၂.၀	၁၃၇၅၉၀၂၉.၉	၂၀.၈	၅.၄
	၂	သားငါး	၄၅၀၉၅၁၆.၈	၇.၆	၅၀၄၄၄၁၅.၂	၇.၆	၁၁.၉
	၃	သစ်တော	၁၆၁၁၆၁.၁	၀.၃	၁၁၀၉၇၆.၆	၀.၂	-၃၁.၁
	၄	စွမ်းအင်	၃၇၆၇၀၉၆.၂	၆.၄	၄၄၇၅၇၂၂.၈	၆.၈	၁၈.၈
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၇၀၈၅၁၇.၀	၁.၂	၇၁၀၃၄၄.၁	၁.၁	၀.၃
	၆	စက်မှုလက်မှု	၁၂၀၉၉၅၀၉.၄	၂၀.၄	၁၃၅၄၂၅၂၈.၉	၂၀.၄	၁၁.၉
	၇	လျှပ်စစ်ဓာတ်အား	၇၂၈၅၂၄.၇	၁.၂	၁၀၁၉၈၉၄.၁	၁.၅	၄၀.၀
	၈	ဆောက်လုပ်မှု	၂၆၉၆၀၃၇.၃	၄.၆	၃၄၈၀၆၁၈.၀	၅.၂	၂၉.၁
၂		**ဝန်ဆောင်မှုတန်ဖိုး**	**၁၀၁၈၀၃၃၇.၀**	**၁၇.၂**	**၁၁၆၁၂၈၂၁.၆**	**၁၇.၅**	**၁၄.၁**
	၁	ပို့ဆောင်ရေး	၆၉၅၅၅၀၄.၁	၁၁.၇	၇၅၄၀၉၇၀.၄	၁၁.၄	၈.၄
	၂	ဆက်သွယ်ရေး	၅၆၀၇၂၆.၂	၁.၀	၅၈၈၅၃၄.၈	၀.၉	၅.၀
	၃	ငွေရေးကြေးရေး	၇၉၈၆၈.၂	၀.၁	၉၈၉၂၄.၀	၀.၁	၂၃.၉
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၃၅၅၆၁၀.၁	၂.၃	၁၈၈၆၂၂၂.၁	၂.၈	၃၉.၁
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၂၂၈၆၂၈.၄	၂.၁	၁၄၉၈၁၇၀.၃	၂.၃	၂၁.၉
၃		**ကုန်သွယ်မှုတန်ဖိုး**	**၁၁၃၃၉၆၁၃.၁**	**၁၉.၁**	**၁၂၄၇၉၃၅၅.၄**	**၁၈.၉**	**၁၀.၁**
၄		**အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၅၉၂၄၈၉၅၃.၀**	**၁၀၀.၀**	**၆၆၂၃၅၇၀၆.၆**	**၁၀၀.၀**	**၁၁.၈**

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ

အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
		တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇
၁	ကချင်ပြည်နယ်	၁၅၅၀၃၆၀.၃	၂.၆	၁၅၅၁၂၉၀.၅	၂.၃	၀.၁
၂	ကယားပြည်နယ်	၁၉၆၅၂၃.၅	၀.၃	၂၂၇၈၇၆.၇	၀.၃	၁၆.၀
၃	ကရင်ပြည်နယ်	၉၅၇၁၄၇.၄	၁.၆	၁၁၃၃၀၈၅.၄	၁.၇	၁၈.၄
၄	ချင်းပြည်နယ်	၁၉၂၂၉၆.၄	၀.၃	၂၄၂၄၇၀.၄	၀.၄	၂၆.၁
၅	စစ်ကိုင်းတိုင်းဒေသကြီး	၆၄၇၀၅၀၂.၀	၁၀.၉	၇၂၃၂၂၅၅.၇	၁၀.၉	၁၁.၈
၆	တနင်္သာရီတိုင်းဒေသကြီး	၃၂၅၄၈၈၆.၉	၅.၅	၃၅၃၆၁၆၆.၂	၅.၃	၈.၆
၇	ပဲခူးတိုင်းဒေသကြီး	၄၇၁၃၆၉၇.၈	၈.၀	၅၁၈၈၆၇၄.၁	၇.၈	၁၀.၁
၈	မကွေးတိုင်းဒေသကြီး	၅၄၈၅၃၂၇.၆	၉.၃	၆၁၃၉၁၃၂.၃	၉.၃	၁၁.၉
၉	မန္တလေးတိုင်းဒေသကြီး	၆၁၀၉၉၅၀.၅	၁၀.၃	၆၇၈၆၀၈၅.၆	၁၀.၃	၁၁.၁
၁၀	မွန်ပြည်နယ်	၂၃၄၈၃၁၆.၅	၄.၀	၂၆၅၈၇၁၉.၆	၄.၀	၁၃.၂
၁၁	ရခိုင်ပြည်နယ်	၂၇၉၇၈၈၈.၁	၄.၇	၂၉၅၆၄၀၆.၄	၄.၅	၅.၇
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၂၄၀၇၁၃၄.၁	၂၁.၀	၁၃၉၉၀၉၈၆.၅	၂၁.၁	၁၂.၈
၁၃	ရှမ်းပြည်နယ်	၃၉၀၁၆၄၉.၆	၆.၆	၄၁၇၃၄၄၆.၁	၆.၃	၇.၀
၁၄	ဧရာဝတီတိုင်းဒေသကြီး	၇၇၇၇၉၆၂.၅	၁၃.၁	၈၉၇၄၇၉၈.၂	၁၃.၆	၁၅.၄
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁၀၈၅၃၀၉.၈	၁.၈	၁၄၄၄၃၁၂.၉	၂.၂	၃၃.၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)	
		တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)	တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆
၁	နိုင်ငံပိုင်	၄၉၂၈၈၂၄.၀*	၂၅.၅	၆၈၅၅၇၀၁.၈*	၂၉.၄
၂	သမဝါယမပိုင်	၁၆၇၃.၇	၀.၀၁	၂၀၅၇.၇	၀.၀၁
၃	ပုဂ္ဂလိကပိုင်	၁၄၄၁၂၁၆၇.၇	၇၄.၅	၁၆၄၃၇၁၁၃.၀	၇၀.၆
	စုစုပေါင်း	၁၉၃၄၂၆၆၅.၄	၁၀၀.၀	၂၃၂၉၄၈၇၂.၅	၁၀၀.၀

* နိုင်ငံခြားချေးငွေနှင့်အထောက်အပံ့အပါအဝင်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

[illegible]

The magnifying glass must be placed 3 cm from the object.

[illegible]

[illegible]



[illegible]

A shunt of 0.1 Ω must be connected in parallel with the galvanometer.

[illegible]

Q - Define the focal length of a concave lens.

[illegible]



The exponential nature of radioactive decay curve

[illegible]

စာမျက်နှာ (၂) သို့ »»

ကျောင်းသင်ခန်းစာ

»» စာမျက်နှာ (၁) မှ



A.G.T.I, B-Tech

TECH

MBA/DMA ဝင်ခွင့်

GMAT, Reasoning & English

ORION Business School

အများသိစေရန် ကြေညာချက်

ပြင်ဦးလွင်၌ မြေရောင်းရန်ရှိသည်

ပြင်ဦးလွင်မြို့၊ ရေချမ်းအိုးကျေးရွာ (မြို့သစ်)၌ ပေ(၈၀ × ၆၀)ခြံမြေရောင်းမည်။ နေရာကောင်းသည်။

စုံစမ်းရန်ဖုန်း-၀၉-၄၃၀၁၂၆၄၀

အမည်ပြောင်းလဲခြင်း

ဦးကိုဇော် - ဒေါ်လှည္ဟန့်ငွေး တို့၏သမီး[အထက-၁၊စမ်းချောင်း (Grade-6)]မှ မဇာဇာအား မဆုသဒ္ဒါလှိုင် အဖြစ် အမည်ပြောင်းလဲခေါ်ပါရန်။

မဆုသဒ္ဒါလှိုင်

သွေးသည်အသက်

၉-၁၀-၂၀၁၃ ရက် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦး ဒေါ်သန္တာမြင့် အထက်တန်းရှေ့နေ ဒေါ်သဲစုမွန်၊ ဦးကိုကိုကြီး(ခ)ဦးမြင့်သန်းတို့၏ အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရှင်းလင်းကန့်ကွက်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ဦးစံမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်း၏ သတင်းစာကြေညာပါ မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဒီလမ်းရှိ အမှတ်(၃၁)၏ ဘေးကပ်လျက် မျက်နှာစာ(၆၂ $\frac{၁}{၂}$ ×၂၀)ပေ မြေကွက်နှင့် အမှတ်(၃၁)၏နောက်ဘက်ရှိ မျက်နှာစာ(၇၄ $\frac{၁}{၂}$)၊ ဘေးနှစ်ဖက် (၇၁)ပေ၊ (၇၃)ပေ၊ အနောက်ဘက် (၇၅)ပေရှိသော တစ်ဆက်တည်းရှိ မြေကွက်တစ်ကွက်၊ စုစုပေါင်း မြေနှစ်ကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်သုံးလုံး အပါအဝင် တန်းလျားတစ်ခုတို့ကို ၁၉၉၇ ခုနှစ်၊ ဧပြီလ ၁ ရက် တွင် ဦးစောမှူး ဒေါ်လှကြည်အမည်ပေါက် မြေကွက်အား ဦးစံမြင့်ထံမှ ဝယ်သူပိုင်ဆိုင်လက်ရှိထားခဲ့ရာ ယနေ့တိုင်ဖြစ်ကြောင်းဆိုသည်မှာ လုံးဝမဟုတ်ပါ။

ကျွန်ုပ်မိတ်ဆွေ ဦးစံမြင့်မှာ အထက်ဖော်ပြပါမြေကွက်အား ယနေ့ချိန်ထိ တူဖြစ်သူ ဦးကိုကိုကြီး(ခ)ဦးမြင့်သန်း အပါအဝင် မည်သူတစ်စုံတစ်ဦးကိုမှ ယနေ့ချိန်ထိ တရားဝင်လွှဲပြောင်းရောင်းချခဲ့ခြင်း လုံးဝမရှိပါကြောင်း ဦးကိုကိုကြီးနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးစံမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မိုးအောင်**(LL.B)** အထက်တန်းရှေ့နေ (စဉ်-၃၂၃၈၃)

ဒေါ်ဇာဇာမြင့်ဆွေ**(LL.B)** အထက်တန်းရှေ့နေ (စဉ်-၂၉၇၇၅)

ဒေါ်ဝေမာလင်း**(LL.B)** အထက်တန်းရှေ့နေ (စဉ်-၃၈၁၁၃)

ဒေါ်ဇင်နွယ်ဦး**(LL.B)** အထက်တန်းရှေ့နေ (စဉ်-၄၁၆၁၀)

အမှတ်(၅၅၄)၊ ပြည်တော်သာလမ်း၊ ကျိုက္ကော်ကျေးရွာ၊ သထုံမြို့။

ဖုန်း-၀၉-၄၂၅၂၇၆၇၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၁၀၄၁/ခ၊ မြေကွက်တည်နေရာအမှတ်(၁၀၄၁/ခ)၊ (၁၆)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးသန်းဝေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းဝေနှင့်ဇနီး ဒေါ်ကြင်သန်း ကွယ်လွန်သဖြင့် ဒေါ်ကျင်စွမ်[၁၂/အလန(နိုင်)၀၁၃၉၄၃]၊ ဦးကျော်သန်း[၁၂/ဥကတ(နိုင်)၁၂၉၅၄၉]၊ ဦးကျော်ညွန့်[၁၂/ဥကတ(နိုင်)၁၂၉၅၅၀]၊ ဦးကျော်မိုး[၁၂/ဥကတ(နိုင်)၁၂၉၅၅၂]၊ ဦးကျော်စိုး[၁၂/ဥကတ(နိုင်)၁၂၉၅၅၃]၊ ဦးကျော်တိုး[၁၂/ဥကတ(နိုင်)၁၂၉၅၅၄]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

»»» စာမျက်နှာ (၂) မှ
အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်မှ အပူကိုစုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး $\Delta H\theta$ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant temperature မှာလေ့လာခဲ့ရင် Enthalpy change (ΔH) လို့ သတ်မှတ်တယ်။ အကယ်၍ ambient room temperature/standard temperature (25 ˚C / 298K) နဲ့ atmospheric pressure/standard pressure (1 atm/ 760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change ($\Delta H\theta$) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ ဒီအခန်းမှာ အများဆုံးတွေ့ရတဲ့ Thermochemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း (သို့) အနုတ်လက္ခဏာ) များ၊ physical states တွေကို ထည့်ပေးဖို့လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး (၃) မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ ΔH^{θ} တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။

Hess's law ပုစ္ဆာတွေနဲ့ ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကတော့ ပေးထားချက်နဲ့နောက်ဆုံး အဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာ သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ ΔH^{θ} တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change (ΔH^{θ}) ရဲ့ လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံထည့်သွင်းဖော်ပြရပါမယ်။ heat of combustion ဖြစ်တဲ့ compound က 1 mole သာဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ compound က 1 mole ဖြစ်တဲ့အပြင် ယင်း compound မှာပါတဲ့ elements တွေသာ ပေါင်းရမယ်ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က $kJmol^{-1}$ ဖြစ်ပြီး heat of formation ကို သင်္ကေတΔH^{θ}_{f} နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများကို မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုးပြောင်းလဲသွားပါမယ်။ ဓာတ်ပြုညီမျှခြင်းများကို ပြောင်းပြန်ရေးလိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။ နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတက ΔH^{θ} နဲ့ heat of formation ဆိုရင် သင်္ကေတဟာ ΔH^{θ}_{f} ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရမယ်ဆိုတာ သေသေချာချာသိထားဖို့လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substance တွေရဲ့ mass ကို မေးတဲ့ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) some important metals and their compunds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့အခန်းတွေဖြစ်တယ်။ Metal တွေကို သူတို့ရဲ့ သတ္တုရိုင်း (Ores) တွေမှ ထုတ်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း ထုတ်နိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့ အက်စစ်၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာသိထားရပါမယ်။ ores တွေနဲ့ ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ၊ Chemical formula ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်ပုံတွေ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်းထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေကိုလည်း လေ့လာထားရပါမယ်။

Steel အမျိုးအစား (၅) မျိုး၊ alloys (သတ္တုစပ်များ) နဲ့ ယင်းတို့ရဲ့ composition တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့လိုပါတယ်။

Chapter (10) Nitrogen and its compounds, Chapter (11) Sulphur and its compounds နဲ့ Chapter (12) The halogens အခန်းများကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်း ဓာတ်ငွေ့ထုတ်ဖော်ပုံ (N_2, NH_3, N_2O, NO, NO_2) နဲ့ ammonium hydroxide (ammonia solution) ဓာတ်ခွဲခန်းမှာပြုလုပ်ပုံ၊ sulphur နဲ့ သက်ဆိုင်တဲ့ ဓာတ်ငွေ့ထုတ်ဖော်ပုံ (H_2S, SO_2, SO_3, H_2SO_4 acid)၊ halogen များဖြစ်တဲ့ Cl_2, Br_2, I_2 ထုတ်ဖော်ပုံတွေအပြင် ammonia, nitric acid, sulphuric acid, mining sulphur, chlorine အမြောက်အမြားထုတ်ဖော်ပုံတွေကို သိရှိထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေမှာ သက်ဆိုင်ရာ မှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်မပြည့် စမ်းသပ်နည်းတို့နဲ့တကွ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိ ဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းနည်းကို မှန်ကန်စွာရေးရပါမယ်။

ဓာတ်ခွဲခန်းထဲမှာ HNO_3 acid ထုတ်ဖော်ခြင်းနဲ့ bromine ထုတ်ဖော်ခြင်းတွေမှာတော့ ယင်းတို့ကို အရည်အဖြစ် စုဆောင်းလိုတာကြောင့် ရီတော့ပေါင်းအိုးကို သုံးရခြင်းဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ ဒြပ်ပေါင်းတို့ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့လိုပါတယ်။

Chapter (13) Acids, Bases and their Neutralization မှာတော့ အဓိပ္ပာယ်ဖွင့်ချက်အမျိုးမျိုး၊ proton ပါဝင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid ၊ solvent ပါဝင်မှုပေါ်အခြေခံသော concentrated acidနဲ့ dilute acid တို့ရဲ့ ခြားနားမှု၊ conjugate acids နဲ့ conjugate bases တို့ကို Bronsted & Lowry theory အရ ခွဲခြားသတ်မှတ်ခြင်းတို့ပါဝင်ပါတယ်။ Ionic product of water (K_w) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ K_w တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် K_w တန်ဖိုးပြောင်းတယ်ဆိုတာလည်းသိရမယ်။

ပျော်ရည်တစ်ခုရဲ့acidity (အက်စစ်သတ္တိ) နဲ့ alkalinity (အယ်လ်ကာလီ/ဗေ့စ်သတ္တိ)ကို ဖော်ပြဖို့ pH နဲ့ pOH ကို အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့် (သို့) ဓာတ်ပြယ်တဲ့ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ ပြင်းအားကို K_a/pK_a နဲ့ ပြနိုင်သလို Base / alkali ပျော်ရည်တွေရဲ့ပြင်းအားကို K_b/pK_b နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုထဲမှာ $[H^+]$ များမယ်၊ K_a တန်ဖိုးကြီးပြီး၊ pK_a တန်ဖိုးငယ်ခဲ့ရင် strong acid ဖြစ်ပြီးတော့ $[H^+]$ နည်းမယ်၊ K_a တန်ဖိုးငယ်ပြီး၊ pK_a တန်ဖိုးကြီးခဲ့ရင် weak acid ဖြစ်မယ်ဆိုတာ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့အားပျော့ဗေ့စ်တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာတွေရေးပေးပြီး အကျိုးအကြောင်းဆက်စပ်ဖြေရှင်းတတ်ဖို့လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket, [ ] နဲ့ ဖော်ပြရပြီး unit ကို M (သို့) mol dm^{-3} နဲ့ဖော်ပြခြင်း၊ pH, pOH နဲ့ pK_a တို့မှာ unit ဖော်ပြရန် မလိုအပ်ခြင်းစတဲ့ သတိထားရမယ့်အချက်တွေကို နားလည်ဖို့လိုအပ်ပါတယ်။ ဒ့ါအပြင် indicatior အမျိုးမျိုးနဲ့ ယင်းတို့ကို acid-base titration တွေမှာ equivalence point ရှာရင် အသုံးပြုနိုင်တာတွေကို သိရှိထားရပါမယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$ ရှာတဲ့ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေမှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့ alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံတွေ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့ အမည်ပေးပုံ၊ ယင်း H/C ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ ဂုဏ်သတ္တိတွေလေ့လာထားရပါမယ်။ ၎င်းထုတ်ယူနည်းနဲ့ ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခု ပြောင်းလဲခြင်းတွေ၊ ဉာဏ်စမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာ လေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်း ခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့အရောင် ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့် အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေအပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ ပတ်သက်ပြီး non-renewable energy များ ဖြစ်ပေါ်စေတဲ့ fossil fuels (crude oil, natural gas, coal) နဲ့ renewable energy များရစေနိုင်တဲ့ biodiesel & biogas, crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ H/Cs တွေထဲမှ kerosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဒ့ါအပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှရနိုင်တဲ့ chemicals တွေအကြောင်း၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coal နဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေအသက်ရှင်နေနိုင်ဖို့လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေသြဇာနဲ့ ဓာတ်မြေသြဇာတို့ဟာ အပင်တွေရဲ့ အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition ၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာ ပါဝင်တဲ့ ဆားများနဲ့ ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒ့ါအပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ ပါဝင်တဲ့ ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymer တွေရဲ့ ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေကို လေ့လာကျက်မှတ်ထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymer တွေကို ပြန်လည်အသုံးချတဲ့ နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်းအကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်းသတ္တိ အကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers၊ Condensation polymers တို့နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table (4) မှာ ဖော်ပြပေးထားပါတယ်။

Table (4) Summary of Polymers

Type of Polymers (based on structures)	Name of polymers	Monomers present	Properties of polymers	Uses
Addition polymers	Polyethene/ Polyethylene (PE)	ethene $CH_2=CH_2$	tough, durable	plastic bags, bowls, bottles, packaging
	Polypropene/ Polypropylene (PP)	propene $CH_3CH=CH_2$	tough, durable	crates and boxes, plastic rope
	Polychloroethene/ Polyvinylchloride (PVC)	chloroethene $CH_2=CHCl$	strong, hard	insulation, pipes & guttering
	Polytetrafluoroethene/ Teflon (PTFE)	tetrafluoroethene $CF_2=CF_2$	non-stick surface, withstands high temperature	non-stick frying pans, non-stick taps & joints
	Polyphenylethene/ Polyeytrene (PS)	Styrene $C_6H_5CH=CH_2$	light, poor conductor of heat	insulation, packaging (foam)
Condensation polymers	Nylon/Polyamide	a diamine & a dicarboxylic acid	-	making shirts, ties, sheets & racquest strings
	Terylene/Polyester	diol & dicarboxylic acid	-	fibre, clothing

အခု chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့် အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ အပုဒ်တိုင်းရဲ့ သက်ဆိုင်ရာ မေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းနံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ် သိထားဖို့လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၄ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။ ॥


မကြာမီဖွင့်လှစ်ပါတော့မည်
သီရိရတနာ
Good!
Developed by
01 516533-6
01 524963, 526928

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ ရန်ကြီးအောင်လမ်းတွင် **ဝတ္တကမြေနှင့်** ဆောက်လုပ်လှူဒါန်းခဲ့သော

ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်အတွင်း-

(၁) သံဃမာတု သမာသိမ်တော်

(၂) အေးမြစည်သာ သံဃာ့ဝါသကျောင်းဆောင်တော်၊

(၃) ဆွမ်းစားဆောင်

(၄) မဟာရုံတံတိုင်းများကို ကျပ်သိန်း(၄၀၀၀)ကျော် ကုန်ကျခံတည်ဆောက်၍ ၅-၁-၂၀၁၄ ရက်တွင် ရေစက်ချလှူဒါန်းခဲ့သော ချစ်သူငယ်ချင်း **ဒေါ်မြင့်မြင့်အေး-အငြိမ်းစားကျောင်းဆရာမကြီး(စိန်ရတနာရောင်းဝယ်ရေး)**အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်မိပါကြောင်း ချစ်သူငယ်ချင်းနှင့်အတူ သာဓုခေါ် ဆိုအပ်ပါသည်။

ဆက်လက်၍ တိုင်းပြည်အကျိုး၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သူငယ်ချင်းများ

B.Ed (၁၉၇၁-၇၇ မတ်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်)





ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၃/တိုးချဲ့)၊ မြေကွက်အမှတ်-(၅၇၃)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစားမြေကွက်၏ဧရိယာ(အလျားပေ ၄၀×အနံ ပေ ၆၀)အကျယ်ရှိ မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (အလျားပေ ၂၀×အနံပေ ၆၀)အကျယ်ရှိ(ခြေရင်းခြမ်း)ထက်ဝက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်-(၅၇၃/ခ)၊ မဟူရာလမ်း၊ (၃၃/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဒေါ်ခင်ဝင်းမော်[၁၂/သဃက(နိုင်)၀၄၀၆၀၃]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညိုဝင်း[၁၂/ကမရ(နိုင်)၀၃၂၂၁၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စမ်းလွင်ဇာမော်ဦး(စဉ်-၂၆၄၂၀)
(အထက်တန်းရှေ့နေ)
အမှတ်(၂၁၁)၊ (ပထပ်)၊ ၃၇လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရန်ပြေ(၃)ရပ်ကွက်၊ ရန်ပြေ(၁၄)လမ်းအရှေ့၊ အမှတ်(၄၂)၊ မြေဧရိယာ(၀. ၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)၊ အလျားပေ ၄၀ × အနံ ပေ ၆၀ အနက်မှ ပေ (၂၀ × ၆၀)ရှိ မြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရီ[၁၂/သကတ(နိုင်)၀၄၁၀၃၂]ထံမှ ကျွန်မ ဒေါ်ကျင်သန်းမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ၎င်းအိမ်နှင့်မြေအား အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကျင်သန်း
[၁၂/ဒပန(နိုင်)၀၂၉၇၉၇]
ဖုန်း-၀၉-၄၅၀၀၃၃၇၄၆၊ ၀၉-၄၂၀၁၂၉၈၉၅

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်း၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်းဝင်များအနေဖြင့် ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ နှစ်စဉ်ကြေးများ ပေးသွင်းရပါမည်။

နှစ်စဉ်ကြေးပေးသွင်းထားပြီး အသင်းဝင်များအား ၂၀၁၄ ဖေဖော်ဝါရီ ၁ ရက်(စနေနေ့)တွင် ငွေ ကျပ် ၅၈ သိန်းတန်ဖိုးရှိ ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်း

၁၀-၁-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာမှ ဒေါ်မြင့်သန်း(ခ)ဒေါ်မြင့်နှင့် အများပြည်သူသိရှိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းခြင်း

၎င်းကြေညာစာပါ (ဦးမော်)(ISN-270494)၊ (အိမ်အမှတ်-၁၆၅/ခ)ဟု ဖော်ပြချက်များမှာ အမှားများဖြစ်ပြီး ဒေါ်မြင့်သန်း(ခ)ဒေါ်မြင့်နှင့် ဦးပိန်သေး(ခ)ဦးကျော်ဝင်းတို့ကြားတွင် မည်သည့်အမွေဆိုင်အိမ်၊ မြေကွက်မျှမရှိပါကြောင်းကို ၂၅-၁၂-၂၀၁၃ ရက် မြို့သစ်(က+ခ)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံစဉ်ကလည်းကောင်း၊ ၆-၁-၂၀၁၄ ရက်စွဲပါ ဦးပိန်သေး၏အကြောင်းကြားစာအပေါ် ပြန်ကြားစာ၌လည်းကောင်း ဖြေရှင်းအသိပေးပြီးဖြစ်ပါလျက် ဒေါ်မြင့်သန်းအား စိတ်ထိခိုက်နစ်နာမှုဖြစ်စေရန် ကြော်ငြာလာခြင်းဖြစ်၍ (၇)ရက်အတွင်း ရုပ်သိမ်းပေးပါရန် လိုက်နာမှုမရှိပါက ဥပဒေအရ ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ဦးပိန်သေး(ခ)ဦးကျော်ဝင်းနှင့် အများသိစေရန် ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဒေါ်မြင့်သန်း(ခ)ဒေါ်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်စန်း BA(Law)LL.B	**ဒေါ်စုစုခိုင်(LL.B)**	**ဒေါ်ဂရေစီထိုက်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၈၂)	**(စဉ်-၃၂၃၆၄)**	**(စဉ်-၃၇၉၆၄)**

ဖုန်း-၀၉-၅၀၅၂၁၂၁၊ ၀၉-၇၃၀၂၆၁၉၉၊ ၀၉-၇၃၉၀၁၄၀၂
အထက်တန်းရှေ့နေများ
တိုက်(၁၀/၁၂)၊ အခန်း-၁၀၄(H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၂၄၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ သုနန္ဒာ(၅)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် (ဦးချိန်သာ)[၁၂/ဥကမ(နိုင်)၀၆၉၀၄၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဖခင် ဦးချိန်သာ၊ မိခင် ဒေါ်မြ ကွယ်လွန်သဖြင့် ဒေါ်လှမြင့်[၁၂/တမန(နိုင်)၀၇၃၉၄၉]၊ ဒေါ်ဝင်းကြည်[၉/မထလ(နိုင်)၁၁၀၉၃၈]၊ ဦးသောင်းစိန်[၁၂/မဂတ(နိုင်)၀၁၂၉၅၈]၊ ဦးသောင်းရွှေ[၁၂/ဥကမ(နိုင်)၀၆၈၉၇၉]၊ ဦးစိန်ငွေအောင်[၁၀/မလမ(နိုင်)၀၃၆၃၈၈]တို့က သားသမီးများတော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းတို့ထံမှ GP-၁၇၁၅၂/၁၃-၉-၂၀၁၃၊GP-၁၇၁၅၃/၁၃-၉-၂၀၁၃ဖြင့်ရရှိသူ ဒေါ်ခင်မာအေး [၁၂/လမတ(နိုင်)၀၂၂၉၉၂]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ်(၉၀၂)၊ မြေကွက်တည်နေရာအမှတ်(၉၀၂)၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် (ဒေါ်ခင်အေးရီ)(BQ-၀၀၆၀၆၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အေးရီထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၇၁၄/၉၇(၂၈-၄-၉၇)ဖြင့် ဒေါက်တာမေသက်နှင်းအေး[၁၂/မရက(နိုင်)၀၆၄၁၄၆]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၀၊ မြေကွက်အမှတ်-၁၉၃/ခ၊ မြေကွက်တည်နေရာအမှတ် ဦးဘသိန်း(ဒီစီ -၀၀၇၉၀၆) အမည်ပေါက် မြေပိုင်မြေ(လ/န-၃၉)မြေအား အမည်ပေါက် ဦးဘသိန်း(ဖခင်)နှင့် ဒေါ်ခင်နု(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်နီနီ[၇/ပမန(နိုင်)၀၈၉၀၄၃]၊ ၂။ ဦးမျိုးမြင့်[၇/ပမန(နိုင်)၀၈၈၉၇၃]၊ ၃။ ဦးဆန်နီ[၁၂/သဃက(နိုင်)၁၃၁၆၄၁]တို့က သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် GP No ၂၆၁၀၇/၁၇-၁၂-၁၃ ရသူ ဦးခင်မောင်ကြည်[၁၂/လကန (နိုင်) ၁၄၀၃၁၅]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄) ဖြင့် ဒေါ်ဖြူဖြူစိမ်း(Spike Stellar)အား နိုင်ငံတော်မှ **"သုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

Mornging Lady Group
ချစ်သူငယ်ချင်းများ
ကန်တော်ကြီးပန်းခြံ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် ACE ဆောက်လုပ်ရေး ဒု-ဥက္ကဋ္ဌ၊ Life Ayeyar ရေသန့်ပိုင်ရှင် ဦးငွေးမြင့်အား **"သုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျမ်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့ပါသည်။

ဦးကြင်ဟိန်နှင့်မိသားစု
ကွယ်လွယ်၊ မြောင်းမြ

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်) နိုးဆော်ချက်

လပွတ္တာမြို့နယ်၊ ကန်ဘဲ့ကျေးရွာ၌ ၃၀-၁၂-၂၀၁၃ ရက် နံနက် ၂း၁၅ နာရီခန့်က မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၂၁၃ လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၂၅၁စု၊ လူဦးရေ ၁၁၈၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။ သို့ပါ၍ စေတနာရှင်၊ အလှူရှင်များ အနေဖြင့် စေတနာအရ လှူဒါန်းမှုများကို အဆင်ပြေစွာ စီစဉ်ပေးမည်ဖြစ်ပြီး ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ်(၆၃/က)၊ ပထမထပ်ရှိ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)တွင် မီးဘေးကယ်ဆယ်ရေး အလှူခံဌာန ဖွင့်လှစ်ထားမည်ဖြစ်ပါ၍ ပစ္စည်းနှင့်ငွေကြေးများလှူဒါန်းနိုင်ရန် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ ၀၉-၅၁၅၅၃၉၉၊ ၀၉-၄၄၈၀၀၉၆၃၃၊ ၀၉-၅၁၂၇၇၃၀ နှင့် ၀၁-၂၂၂၀၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

ဘုရင့်နောင်ဈေးကြီး၏ ဈေးသာယာရေးနာယက သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ခ)ဒေါ်စေတနာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၄ ဖြင့် ထပ်ဆင့်၍ **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်သည့်အတွက် လှိုက်လှိုက်လှဲလှဲ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးနှင့် လူသားတို့၏ကောင်းကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုလိုက်ပါသည်။

ဘုရင့်နောင် ဈေးကြီး၏ ဈေးသူဈေးသားများ

၁။ ဦးထွန်းချစ် (ကားပစ္စည်းရောင်းဝယ်ရေး)
၂။ ဦးသန်းဝင်း (မေမေ့သား ကားပစ္စည်းရောင်းဝယ်ရေး)
၃။ ဒေါ်ခင်သိန်းဦး (သိန်းကမ္ဘာ အန်တီသိန်းကားအထွေထွေ ပစ္စည်းရောင်းဝယ်ရေး)
၄။ ဦးအောင်ငွေ (စေတနာကားပစ္စည်းရောင်းဝယ်ရေး)
၅။ ဦးမောင်ငွေ (ကားပစ္စည်းရောင်းဝယ်ရေး)
၆။ ဦးဝင်းနိုင် (ကားပစ္စည်းရောင်းဝယ်ရေး)
၇။ ဦးသက်ထွန်း (ရာဇာကဒုံးဟိုက်ဒြောလစ်ပြုပြင်ရေး)
၈။ ဦးသန့်ဇင် (သံပန်းသံတံခါး လုပ်ငန်း)

အထူးလှိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

ဘုရင့်နောင်ဈေးကြီး၏ ရာသက်ပန်နာယကကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်(ခ)ဒေါ်စေတနာအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၄ ဖြင့် ထပ်ဆင့်၍ **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်"**ကို ထိုက်ထိုက်တန်တန်ချီးမြှင့်သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးနှင့် လူသားများ၏ကောင်းကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုလိုက်ပါသည်။

<u>၂၀၀၃-၂၀၁၂ ဈေးသာယာရေးအဖွဲ့၊ ဘုရင့်နောင်ဈေးကြီး</u>

(၁) ဦးလှအေး	**ကားတံခါး၊ ဂျက်ပြုပြင်ရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၂) ဦးခင်မောင်လွင်	**"တက်လူ" ယန္တရားအပိုပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၃) ဦးဘလှိုင်	**"ရတနာထွန်း"တာယာရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၄) ဦးမြင့်ထွန်း	**"နိုင်လင်းထွန်း"ကုမ္ပဏီ၊ ဘုရင့်နောင်ဈေး။**
(၅) ဦးကျော်သက်	**"အောင်ကောင်းစံ" Trading Co ဘုရင့်နောင်ဈေး။**
(၆) ဦးအောင်ခင်	**"၉၉၉၉"ကားပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၇) ဦးမြင့်အောင်	**"အောင်သပြေ"ကားပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၈) ဦးစန်းမောင်	**"ရွှေမြင့်မိုရ်"ကားပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၉) ဒေါ်ခင်သိန်းဦး	**"အန်တီသိန်း"ကားပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၁၀) ဦးထွန်းကြည်	**ကား၊ မှန်၊ လိုင်နာရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၁၁) ဦးခင်မောင်အေး	**"မြတ်သီတာ"ဘောဘယ်ရိန်နှင့်ဝိုင်းဆီးရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**
(၁၂) ဦးမြခိုင်	**ဘရိတ်အပိုပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ဈေး။**

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၁၉) ကမ္ဘာ့ဇရိပ်သာ(Jewel Rock)စိန်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းကုမ္ပဏီ သဒ္ဓမ္မဇောတိကဓဇ ဦးထွန်းထွန်းဦး၏ဇနီးဖြစ်သော သုဓမ္မသိင်္ဂီဒေါ်မာမာသည် ကိုယ်ကျင့်တရားဖြောင့်မှန်စွာဖြင့် စေတနာသဒ္ဓါထက်သန်စွာ ပြည်တွင်း ပြည်ပရှိ အမျိုးဘာသာသာသနာကိုစွမ်းစွမ်းတမံထောက်ပံ့လှူဒါန်းသည့်အတွက် ယခုနှစ်တွင် "သီဟသုဓမ္မသိင်္ဂီ"ဘွဲ့တံဆိပ်ကို တစ်ဦးတည်းထိုက်တန်စွာ ထပ်ဆင့်ချီးမြှင့်ခြင်းခံရသဖြင့် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရှေ့အနာဂတ်ဝယ် လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာတို့နှင့် အစဉ်ထာဝရ ပြည့်စုံတိုးတက်အောင်မြင်ပါစေကြောင်းနှင့် ပြည်တွင်း ပြည်ပ ဘာသာသာသနာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အောင်ချမ်းသာကျောင်းတိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သူငယ်ချင်း ဦးညဏ်ဝင်း(မန်နေဂျင်းဒါရိုက်တာ၊ သူရိယစန္ဒာဝင်းကုမ္ပဏီ လီမိတက်)၏ ဇနီး ဒေါ်အေးအေးမာ(ဒါရိုက်တာ၊ သူရိယစန္ဒာဝင်း ကုမ္ပဏီ လီမိတက်)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် နိုင်ငံတော်မှ "သုဓမ္မသိင်္ဂီ" ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း။

ဒေါက်တာထင်ပေါ်-ဒေါ်အေးအေးမြင့်



အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် သာယာအေးကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်း(ဂရံ) တပ်တွင်းကျောင်း တတိယတန်းတွင် ပညာသင်ကြားနေသော မယွန်းရတီသော်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်း [၇/သဝတ(နိုင်)၀၇၅၄၂၄] ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

ကြည့်မြင်တိုင်မြို့နယ်၊ အခြေခံ(၃) အထမ တန်း(င)မှ အဖ ဦးစန်းညွှန့်[၅/မလန(နိုင်)၀၅၈၁၆၉၂]၏ သမီး မစိုးစန္ဒာအောင်အား မနှင်းအိအိလွင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

ပျောက်ဆုံး

ရေစကြိုမြို့နယ်၊ ငါးမြာကြီးကျေးရွာ ဦးသောင်ရွှေ၏သား အောင်ထွန်းငြိမ်း၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပါရန်။

အောင်ထွန်းငြိမ်း ဖုန်း ၀၉-၃၃၄၇၁၀၆၆

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေလင်းဦး[၁၁/ရသတ(နိုင်)၀၆၈၀၀၉]၏ PP No-717402သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၃၁၄၈၁၇၅၆

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ Passport N0.M423845 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ရန်နိုင်ဦး [၁၂/သကတ(နိုင်)၁၄၃၅၉၄]
ဖုန်း-၄၂၀၁၅၉၉၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ်(၁၀၆၂)၊ မြေကွက်တည်နေရာအမှတ်(၁၀၆၂)၊ သခင်အုန်းဖေကြီးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ [၁။ဦးစိန်ဝင်း (DDE-၀၀၂၁၂၀)၊ ၂။ဒေါ်ဌေးဌေးရီ (A/RGN-၀၀၆၃၄၉)] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်ဌေးရီ(ခ)ဒေါ်ဌေးဌေးဝင်း[၁၂/လမန(နိုင်)၀၃၃၆၃၆]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၂-ဂျေ)၊မြေကွက်အမှတ်(၁၁၅)၊ ဧရိယာ(၄၁'-၀"×၄၂'-၈")ရှိ နှစ်(၉၀)ဂရန်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ကွယ်လွန်သူများဖြစ်ကြသော ဦးအေဖီးလစ်(ခ)ဦးရာဟင်၊သမီးများဖြစ်ကြသော ဒေါ်မေရီယံဘီဘီ(ခ)ဒေါ်ရန်၊ ဒေါ်အာရှာဘီဘီ(ခ)ဒေါ်မြင့်မြင့်တို့(၃)ဦးပူးတွဲအမည်ပေါက် တည်ရှိနေသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်(၃)ဦး ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်ကြသော (၁)မသန်းမြင့်(ခ)သန်းသန်းဇော်[၁၂/သကတ(နိုင်)၀၁၆၆၈၀]၊(၂) ဒေါ်သန်းတင်(ခ)မြင့်မြင့်သန်း[၁၂/ကတတ(နိုင်)၀၁၆၆၈၁]၊ (၃)မသန်းသန်းဆွေ(ခ)မဖြူဖြူသန်း[၁၂/ကတတ(နိုင်)၀၁၆၆၈၃] တို့ထံမှ အဆိုပါမြေကွက်၏ နှစ်(၉၀)ဂရန်မူရင်းနှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေအကျိုးခံစားခွင့်နှင့်ပတ်သက်၍ တရားဝင်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေငှားဂရန်မူရင်းနှင့်တကွ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်) B.A,R.L(စဉ်-၄၉၀၃) ဒေါ်ခင်နှင်းရည် B.A,R.L(စဉ်-၄၆၆၂)
တရားလွှတ်တော်ရှေ့နေနှင့် တရားလွှတ်တော်ရှေ့နေ
မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ
အိမ်-တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၉၂၇၀၄၊ HP၀၉-၅၁၀၆၄၀၆၊ ၀၉-၅၁၅၅၀၆၇၊ ၀၉-၂၅၄၀၇၀၁၇၁

ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊အလုံမြို့နယ်၊အမှတ်(၈၄၆/၇)နေ ဦးအုန်းရီ၏သမီး မဝေဝေလင်း၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

၀၉-၄၂၅၃၀၂၄၀၇

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ပြည့်ဖြိုး၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၁၄၆၆၄၇**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ တိုးချဲ့၊ မြေကွက်အမှတ်-၁၃၄၊ မြေကွက်တည်နေရာ အမှတ် ၁၃၄၊ မြို့သစ် ၃လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးဘသောင်း) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘသောင်း ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်နွယ်[၁၂/ကမတ(နိုင်)၀၀၄၄၄၃]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ပိုင်ဆိုင်သည့် အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၁၄၆

တရားလို		တရားပြိုင်များ	
၁။ ဦးမျိုးညွှန့်ပါ-၃	နှင့်	၁။ ဒေါ်မြင့်မြင့်ဇင်	၄။ ဒေါ်မြမြအေး
၂။ ဒေါ်ဝင်းကြည်		၂။ ဦးအောင်ဝင်း	
၃။ ဒေါ်တိုးကြွယ်		၃။ ဒေါ်အေးအေးစိုး	

အမှတ်-၂၃(၅)လွှာ၊ (၆)လွှာ၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်နေ တာမွေမြို့နယ် ဒေါ်မြင့်မြင့်ဇင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုင်နိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်၊ (၁၃၇၅ ခုနှစ်၊တပို့တွဲလဆန်း ၁၁ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ (၅/၅)ရပ်ကွက်၊ အမှတ်(၁၆၇/ခ) ဟုခေါ်တွင်သော အဆောက်အအုံနှင့်ယင်းအဆောက်အအုံ တည်ရာဖြစ်သော ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၄/၅၊ လူနေရပ်ကွက်အမှတ်-၅/၅၊ မြို့မြေစာရင်းတွင် ဦးစွမ်းနား(ခ)ဦးစွာနား (ကွယ်လွန်)အမည်ပေါက် ပိုင်ဆိုင်ထားရစ်ခဲ့သည့် မြေဧရိယာ(၁၂၀၀)စတုရန်းပေ ကျယ်ဝန်းသော နှစ်(၆၀)ဂရန်မြေကွက် အမှတ်(၁၆၇/ခ) မြေကွက်နှင့်စပ်လျဉ်း၍ လက်ရှိနေထိုင်သူ ဦးလှဝေ၊ ဦးမြင့်လှိုင်နှင့်သက်ဆိုင်သူများ သိရှိလိုက်နာဆောင်ရွက်ရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမွန်လှိုင်[၁၂/လမန(နိုင်)၀၈၀၉၃၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားတောင်းဆိုလိုက်သည်။

အထက်တွင်အသေးစိတ်ဖော်ပြထားသောမြေနှင့်အဆောက်အအုံမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင်ကွယ်လွန်သွားသော ဦးစွမ်းနား(ခ)ဦးစွာနား အမည်ပေါက်ပိုင်ဆိုင်ထားရစ်ခဲ့သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ဖခင်ဦးစွမ်းနား(ခ)ဦးစွာနား(ကွယ်လွန်)နှင့် မိခင်ဒေါ်အေးရင်(ကွယ်လွန်)တို့တွင် (၁)ဦးထွန်းစွမ်(ကွယ်လွန်)၊ (၂)ဦးမြစွမ်၊ (၃)ဦးအုန်းစွမ်၊ (၄)ဦးမွန်လှိုင်(ဤကြော်ငြာထည့်သွင်းတောင်းဆိုသူ)၊ (၅) ဒေါ်ကျင်မွှေး(အပျိုကြီးဘဝဖြင့် ကွယ်လွန်)၊ (၆)ဦးလှဝေ၊ (၇)ဦးမြင့်လှိုင်(ဤကြော်ငြာထည့်သွင်းတောင်းဆိုခြင်းခံရသူ)(၇)ဦးတို့ဖြစ်ကြပြီး ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သော မိဘနှစ်ပါးကွယ်လွန်သည့်အခါ အထက်ကြေညာချက်ပါအမွေဆိုင်အိမ်မြေကို မြန်မာ့ဓလေ့ထုံးထမ်းအရ ကျန်ရစ်သူသားသမီး(၇)ဦးတို့မှ (၇)ပုံ (၁)ပုံစီအမွေဆက်ခံပိုင်ဆိုင်လာကြပါသည်။

သို့ဖြစ်ရာ အထက်ပါအမွေဆိုင်အိမ်နှင့်မြေပေါ်တွင် ကျန်အမွေဆိုင်များကိုယ်စား လက်ရှိထားထိန်းသိမ်းစောင့်ရှောက်နေထိုင်သုံးစွဲလျက်ရှိသော ဦးလှဝေနှင့် ဦးမြင့်လှိုင်တို့အနေနှင့်လည်းကောင်း၊ အခြားအမွေဆိုင်များအနေနှင့် လည်းကောင်း၊ ကျန်ရစ်သူအမွေဆိုင်များ၏ အမွေဆက်ခံပိုင်ဆိုင်ခွင့် အခွင့်အရေးများကို ထိပါးဆန့်ကျင်ဆုံးရှုံးစေနိုင်သော မည်သည့်ပြောဆိုပြုမူဆောင်ရွက်မှု၊ရောင်းချမှု၊ ပေါင်နှံမှု၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းမှုအစရှိသည်တို့ မပြုလုပ်ရန် ကန့်ကွက်အပ်ပါသည်။

၎င်းအပြင် ဖော်ပြပါအမွေဆိုင်အိမ်နှင့်မြေကို လက်ရှိထားနေထိုင်သုံးစွဲလျက်ရှိသူများအနေနှင့် ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ယခုကြော်ငြာထည့်သွင်းသူ အမွေဆိုင်အတွက်ဖြစ်စေ၊ ကျန်အမွေဆိုင်များအတွက်ဖြစ်စေ၊ ရသင့်ရထိုက်သောအမွေဝေစုကို မပျက်မကွက်ခွဲဝေစီမံခန့်ခွဲပေးရန် လေးနက်စွာတောင်းဆိုလိုက်သည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ဥပဒေအရ လိုအပ်သလိုအရေးယူတရားစွဲဆိုတောင်းခံရမည်ဖြစ်ရာ ထိုသို့စွဲဆိုရပါက ဖြစ်ပေါ်သမျှသော ပြဿနာအရပ်ရပ်နှင့် ကုန်ကျစရိတ်တို့အတွက် ပျက်ကွက်သူ/ဖောက်ဖျက်သူမှ ကျခံရမည်ဖြစ်ကြောင်း ဦးလှဝေ၊ ဦးမြင့်လှိုင်နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာတောင်းဆိုလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မိုးသူ(LL.B,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၁)
ဦးမွန်လှိုင်၏ တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း(B-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ပဉ္စမအကြိမ် ဓမ္မမိသားစု ဆုံစည်းပွဲ ဖိတ်ကြားလွှာ

ပဏ္ဍိတာရာမဆရာတော်ကြီး၏ ဩဝါဒတော်ကိုခံယူလိုက်နာ၍ ရိပ်သာများ၏ လုပ်ငန်းတာဝန်များ တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် သာသနာရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရေး ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြရန် ဓမ္မမိသားစု ဆုံစည်းပွဲ ကျင်းပလာခဲ့သည်မှာ ငါးကြိမ်တိုင်ခဲ့ပါပြီ။

ပြည်တွင်းပြည်ပရှိ ပဏ္ဍိတာရာမဆိုင်ရာ ရိပ်သာများနှင့် တပည့်အပေါင်းသည် ဆရာတော်ကြီး၏ အေးမြသော မေတ္တာရိပ်တွင် ခိုနားရင်းနွေးထွေးလှသည့် ပဏ္ဍိတာရာမ ဓမ္မမိသားစု ဆုံစည်းပွဲသို့ ဗုဒ္ဓမြတ်စွာသာသနာတော် တိုးတက်စည်ကားပြန့်ပွားရေးကို ရှေးရှုလျက် ပဏ္ဍိတာရာမဓမ္မသွေးရင်းနှင့် သွေးမကင်းသူအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၁၊ ၂၊ ၃ ရက်
၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ ဖေဖော်ဝါရီလ ၁၊ ၂ ရက်

နေရာ - ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ်-၈၀(က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၃၅၄၄၈၊ ၇၀၅၅၂၅

ဆည်းဆာဓမ္မသဘင်အတွက် စုရပ်အလိုက် ကားကြိုပို့ စီစဉ်ထားပါသည်။ ရုံးခန်းတွင် စုံစမ်းနိုင်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့
ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ (ရန်ကုန်)

ကားရောင်းမည်

Honda Fit GE6, 2008 Model, ယာဉ် (၃)စီး၊ Toyota Porte, 2007, Red Color, 3G-9---(၁)စီး **ဖုန်း-၀၉-၄၃၂၀၇၃၅၃၊ ညှိနှိုင်းဈေး။**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဝေဖြိုးကျော် CDC-77058 ကိုင်ဆောင်ထားသူသည် BST 4-ticket (9592/11) လက်မှတ်မူရင်းသည် လမ်းခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၂၆၈၂၅၀

တိုက်ခန်းရောင်းမည်

ပေ(၁၂½ × ၅၀)၊ မြေညီနှစ်လွှာ (တိုက်သစ်) ၁၀၄လမ်း၊ ကန်တော်လေး ပေ(၁၅×၆၀) ဒုတိယထပ်၊ လမ်း(၉၀)၊ ကန်တော်လေး။

ဖုန်း-၀၁-၈၆၀၄၀၃၄၊ ၀၉-၄၃၀၆၈၁၂၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၂၅½)၊ မြေကွက်တည်နေရာအမှတ်(၁၂၅/ခ)၊ ဥက္ကာ(၅)လမ်း၊ (၇)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(ဦးသန်းအောင်)(N/OKA-၀၀၂၅၄၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ကြည်လေး[၁၂/ဥကမ(နိုင်)၀၃၃၂၂၁]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အရှင်မဟာပဏ္ဍဝံသ၏

၁။ 'ဘုရားလောင်းသိဒ္ဓတ္ထ ဒိုင်ယာရီ' စာအုပ်နှင့်
၂။ 'နိဗ္ဗာန်ရဲ့ ငြိမ်းချမ်းခြင်း' စာအုပ်များ
ဆိုင်ပေါ်သို့ ရောက်ရှိနေပါပြီ။

MRE မှ ထည့်သွင်းသင်ကြားပေးသော BCB Centre တွင်

Ready to Work (Office Management)

Organization Behavior

Essential Skills

Office Management

Business English

Ph: 01 538521, 01 505372

MRE မှ ထည့်သွင်းသင်ကြားပေးသော BCB Centre တွင်

Doing Business in line with The Law of Myanmar

Ph: 01 538521, 01 505372

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

Ph: 09 73166666, 01 - 8603565, 8603564, 09 450062664, 09 73086255, 09 73176088

E.mail : saikhungnoung1995@gmail.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

"ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်(၉)၊ မြေတိုင်းရပ်ကွက်(၃၂)၊ မြေကွက်အမှတ်(၄၃၆)၊ ဧရိယာ(၀. ၀၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ပါ အကျိုးခံစားခွင့်အရပ်ရပ်"အား လက်ရှိအမည်ပေါက် ပိုင်ရှင် ဦးဝေဖြိုးဟန်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန်းမြင့်
BA(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၆၉)
Shop House အခန်းအမှတ်(၁+၂)
မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၇၃၁၄၊ ၀၉-၄၃၀၈၄၃၂၃

ဦးအောင်စိုးထွန်း(ထီးချိုင့်)(တရားလွှတ်တော်ရှေ့နေ)နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေကုန်းရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(---)၊ အကျယ်အဝန်းပေ(၁၈×၆၅)ရှိ မြေကွက်နှင့် သန်လျင်မြို့နယ်၊ လက်ယက်စမ်းရပ်ကွက်၊ ခရေလမ်းအမှတ် (---)၊ ပေ(၂၀×၆၀)ရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (ဦးကြည်စိုး-ဒေါ်မြင့်မြင့်ဆွေ)၊ ဦးစိန်နိုင်နှင့် ဦးအောင်ကြည်-ဒေါ်မိုးမိုးထွေးတို့ထံမှ ဦးအေးကိုမြင့်[၁၂/ကတန(နိုင်)၀၉၈၀၈၅]က လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ယခုလက်ရှိ တိုက်အိမ်ဆောက်လုပ်ပြီး နေထိုင်လျက်ရှိပါသည်။ ၁၈-၁၂-၂၀၁၃ရက် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည့် အများသိစေရန်ကြေညာသည် မမှန်မကန်ဖော်ပြခဲ့ခြင်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအေးကိုမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်ညွှန့်(LL.B)	**ဒေါ်ရွှေရည်ဝင်း(LL.B)**	**ဒေါ်စမ်းစမ်းမြင့်(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
(စဉ်-၆၀၇၂)	**(စဉ်-၄၁၈၇၁)**	**(စဉ်-၆၀၇၃)**
အမှတ်(၁၀၅)၊ ဇေယျာ(၁)လမ်း	**အမှတ်(၃)နယ်မြေ၊**	**အမှတ်(၁၀၅)၊ ဇေယျာ(၁)လမ်း**
စံချိန်မီရပ်ကွက်၊	**အလယ်ရွာ၊**	**စံချိန်မီရပ်ကွက်၊**
ကျောက်တန်းမြို့။	**သန်လျင်မြို့။**	**ကျောက်တန်းမြို့။**
ဖုန်း-၀၅၆-၂၅၆၄၅		**ဖုန်း-၀၉-၅၀၄၆၀၂၇၊ ၀၉-၅၁၆၁၀၀၅**

လင်မယားကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးကံဝင်းအောင်[၁၂/တမန(နိုင်)၀၈၁၁၉၈]နှင့် ဒေါ်မေသူထွန်း[၁၂/အလန(နိုင်)၀၃၃၇၁၁] တို့သည် ၁၄-၁၀-၂၀၁၀ရက်မှစ၍ လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီးမထွန်းကားခဲ့သည့်အပြင် လက်ထက်ပွားပစ္စည်း ဖြစ်ထွန်းခြင်းမရှိခဲ့ဘဲ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသဖြင့် ၃-၅-၂၀၁၃ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများရှေ့၌ လက်မှတ်ရေးထိုးပြီး လင်မယားကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် အိမ်ထောင်ခန်း၊ ပစ္စည်းခန်း၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် လုပ်ငန်းအားလုံးလုံးဝမသက်ဆိုင်တော့သည့် ဒေါ်မေသူထွန်းနှင့် ပတ်သက်၍ ဦးကံဝင်းအောင်နှင့်မိသားစုကို ထိခိုက်နစ်နာအောင် ပြောဆိုပြုမူ နှောင့်ယှက်ခြင်းအား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဦးကံဝင်းအောင်[၁၂/တမန(နိုင်)၀၈၁၁၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူညွှန့်	**ဒေါ်အေးသီတာဦး**
B.A, H.G.P, D.B.L, D.M.L	**LL.B, D.B.L**
အထက်တန်းရှေ့နေ(စဉ်-၁၂၃၉၁)	**အထက်တန်းရှေ့နေ(စဉ်-၃၄၆၈၂)**

အမှတ်-၅၈/ဘီ၊ အဝေရာလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။